
www.burmeseclassic.com



www.burmeseclassic.com

# မာတိကာ

၁။ ဝက်ကုန်းမြွေအုန်း .................... ၅
၂။ တစ်ယူသန် ဘက်ကံ .................... ၁၃
၃။ အင်းဘကင်း .................... ၂၂
၄။ ကြောင်ရှုဆောင် .................... ၃၁
၅။ မြွေအုန်းမေ .................... ၄၀
၆။ ထန်းသုံးပင်က မိန်းကလေး .................... ၅၀
၇။ လောင်းကြေး .................... ၅၉
၈။ သိုက်စောင့်... ပီး .................... ၆၈
၉။ ညှောင်ပင်နိုက အဘွားကြီး .................... ၇၇
၁၀။ နတ်ကိုးတောင် .................... ၈၆
၁၁။ ကျောက်ခွတင်ကြီးနဲ့ အမြွှာညီအစ်မ .................... ၉၅
၁၂။ ဗာသီဒွိရှင်နှင့် တောင်တန်းဒေဝီ .................... ၁၀၅





# ဝက်ကုန်းမြွေအုန်း

သူ့ကိုတော့ ခင်မင်ရင်းနှီးကြတဲ့ သူတွေနဲ့ ရွာထဲက သောက်ဖော် စားဖက်တွေက ဝက်ကုန်းမြွေအုန်းလို့ပဲ ခေါ်ကြရဲ့။ အမှန်က သူ့နာမည်က မြွေအုန်းပါ။ ဗလတောင့်တောင့်၊ အရပ်ကငါးပေလေး

www.burmeseclassic.com



လက်မ၊ ဆံပင်က ရှေ့တစ်လက်မနောက်ပြောင်နဲ့ မျက်လုံး ခပ်မှေးမှေး၊ နှာခေါင်းပွပွ နှုတ်ခမ်းထူထူနဲ့ရယ်။ အမှတ်တမဲ့ဆိုရင် မြအုန်းရဲ့ အင်္ကျီရုပ်ကဝက်မျက်နှာ ဝက်ရုပ်နဲ့ ခပ်ဆင်ဆင်တူတာယ်။ ပါးစုံကြီးနှစ်ဖက် ဖုံ့နေတာကအစ။ အဲ... ဒါပေမဲ့ မြအုန်းက လူအစစ်ပါ။ လူအစစ်မှ တခြားလူတွေလိုပဲ မယားနဲ့သားနဲ့ပါ။ တချို့ကလည်း သူ့ကို ဝက်မြအုန်းလို့လည်း ခေါ်ချင်ခေါ်ကြတာပဲ။ ဒါပေမဲ့ အများစုကတော့ ဝက်ကုန်း မြအုန်းပဲ။ ဒီနာမည်တွင်လာရတာကလည်း သူ့မျက်နှာဟာ ဝက်မျက်နှာ ဝက်မျက်လုံးနဲ့ ဆင်ဆင်တူနေလို့လားဆိုတော့ အနည်းအကျဉ်းတော့ ပါချင်ပါမှာပေါ့။ ဒါပေမဲ့ တကယ်က ဝက်ကုန်းမြအုန်းလို့ ရပ်ကြားရွာကြားလူတွေကြား တွင်ကျယ်လာရအောင်က အင်္ကျီနဲ့ကိုယ်နဲ့ တစ်ခါမှ ထပ်တယ်ရယ်လို့ မတွေ့ရအောင်လို့၊ ပခုံးထက်အမြဲကြည့် ဖွပ်ကျယ်ပုဆိုးတစ်ထည်တင်ပြီး မှုံးမှုံး မှုံးမှုံး၊ ရှာ ကိုးကျင်းကိုးဖျား ကျောပြောင်ကြီးနဲ့ လမ်းသလားနေတတ်တာကိုး။ အဲ... အဲသလို လမ်းသလားရင် သူ့ရဲ့ ကျောပြင်ကြီးတစ်ခုလုံး ပြည့်လုမတတ်ဆေးမင်ကြောင်နဲ့ ထိုးထားတဲ့ ဝက်ကြီးတစ်ကောင်ရဲ့ပုံက အနီးကြည့်ကြည့် အဝေးကြည့်ကြည့် ထင်းထင်းကြီးမို့ အဲဒါကို အစွဲသညာပြုပြီး ဝက်ကုန်း မြအုန်းလို့ ခေါ်ကြတာပဲ။ မြအုန်းရဲ့ သင်္ကေတက အဲဒီဝက်ရုပ်ကြီးပဲ။

တစ်ခါတစ်ရံ ရွာဖျားကအရက်ဆိုင်မှာ တချို့က–

"ဟေ့ကောင်မြအုန်း၊ မင်းဝက်ရုပ်က ဘာဝက်တုန်းကွ၊ ပါရှားလား၊ မွေးနီလား၊ အညာဝက်လားကွ..."

"ထို့... အေး... အဲဒါက ဝက်ကုန်းကွ။ ရိုးရိုးဝက်မဟုတ်ဘူး စွမ်းတယ်"





"စွမ်းတယ်၊ ဘာစွမ်းတာလဲကွ အေ့"

"ဟာ ငတုံးပဲ ဖိုးဗျော့ရ၊ ဝက်ကုန်းဆိုမှတော့ ကာယသိဒ္ဓိပြီးတာပေါ့ဟ၊ စမ်းတာတွေ ဘာတွေပေါ့ လက်မခံဘူးမောင်၊ အေ့ စမ်းချင်ရင်တော့ ငွေတစ်သိန်းယူလာခဲ့၊ တစ်သိန်းရရင်ကော့ အစမ်းခံမယ်၊ ထို့..."

ပြောရရင် ငွေတစ်သိန်းဆိုတာနည်းမှတ်လို့။ ဝက်ကုန်းမြအုန်းက သောက်ဖော်စားဖက်တွေကို အဲသလို ခပ်ကြွားကြွား ခပ်မာမာနဲ့ ပြောတတ်လို့ဘယ်သူမှတော့ ငွေတစ်သိန်းအကုန်ခံပြီး စမ်းမနေကြပါဘူး။ စမ်းစရာလည်းမရှိဘူး။ ရွာထဲမယ်တွေ့ရကြံရာကျူပန်းလုပ်စားကြသလို တောင်ယာမြောင်းတူး၊ ခြံစိုက်၊ ငါးရှာဖားရှာလုပ်နေကြတဲ့ ပုံကျသမားတွေကများတာကိုး။ သောက်ရင်းစားရင်း မူးလို့ယစ်လို့ မေးကြစမ်းကြတဲ့သဘောပါ။ ဝက်ကုန်းမြအုန်းရဲ့ ဝက်ရုပ်စွမ်းမစွမ်း ထက် ငွေတစ်သိန်းလက်ထဲရှိရင် ဘယ်ခြံမှာ ကြက်ဝိုင်းရှိသလဲ၊ ဘယ်တဲမှာ ကြက်ဝိုင်းရှိသလဲပဲ နားစွင့်နေကြတဲ့ သူတွေကိုး။ တကယ်လည်း ဝက်ကုန်းမြအုန်းရဲ့ ကျောပြင်က ဝက်ရုပ်က ရိုးရိုးဝက်ရုပ်မဟုတ်ဘူး။ ဝက်ရုပ်ကြီးရဲ့ ကိုယ်လုံးထဲမှာရော ခြေလေးဘက်နဲ့ ကျောဘက်မှာပါ အင်းကွက်တွေက အစီအရီကိုး။ ဝက်ရုပ်ကြီးကလည်း တကယ့်ကိုပဲ လန်းခုန်းကြီးလို ကုန်းထနေဘဲပုံစံရယ်။ သူ့ရဲ့ သောက်ဖော်စားဖက်၊ မူးဖော်မူးဖက်တွေဖြစ်တဲ့ ဖိုးပျော့တို့ ငမိုးတို့ ဒင်ကြီးတို့ကတော့ ဝက်ကုန်းရုပ်ဆိုတာ လောကီပညာနယ်မှာ ဂမ္ဘီရ နယ်မှာ အစီအရင်မှန်ရင် ကောင်းရင်၊ တုတ်ပြီး ဓားပြီးသလို ကာယသိဒ္ဓိပြီးတယ်လို့လည်း နားစွန်နားဖျား ကြားဖူးနားဝတွေက

www.burmeseclassic.com



ရှိသွားတာကိုး။ တကယ့်လက်တွေ့မျက်တွေ့တော့ တွေ့ဖူးတာမဟုတ်ဘူးရယ်။ အဲ... ဒါပေမဲ့ ဝက်ကုန်းမြအုန်းပြောပြတဲ့ ကာယသိဒ္ဓိပြီးမပြီးတော့မသိဘူး။ ဝက်ကုန်းမြအုန်းတစ်ယောက် တစ်ခါကမူးပြီး အုန်းပင်အောက်အသွား အုန်းသီးခေါင်းပေါ်ပြုတ်ကျတာတော့ ဘာမှမဖြစ်တာ ကိုယ်တိုင်ကြုံဖူးကြသလို၊ နောက်တစ်ကြိမ်ကလည်း ဆိုင်ကာယ် ကယ်ရီစီးလို့ ကယ်ရီမှောက်တာဘာမှမဖြစ်ခဲ့တာလည်း ကြားဖူးတယ်။ ဒါလည်း ဝက်ကုန်းမြအုန်းက ပြောပြလို့ သိရတာပါ။ ကံပဲကောင်းတာလား၊ တိုက်ဆိုင်တာပဲလားတော့ ဘယ်သူမှ မသိကြဘူး။ အဲဒါတွေအပြင် တစ်ခါကလည်း ဒီအရက်ဆိုင်မှာပဲ ရွာအနောက်ခြမ်းက ကိုသာဒင်နဲ့ ဝက်ကုန်းမြအုန်းတို့ စ-နောက်ပြောင်ကြရင်း ကိုသာဒင်က မူးမူးနဲ့ သစ်သားခုံပုနဲ့ ရိုက်တာခုံတောင်ကျိုးယူတယ်။ ဝက်ကုန်းမြအုန်း ဘာမှမဖြစ်ဘူး။ အမူးသမားချင်းဆိုတော့လည်း နောက်တော့ ပြီးပြီးပျောက်ပျောက်ရယ်။ သူတို့က ဝက်ကုန်းမြအုန်းထက် အရက်ကိုပဲ ခွက်လှည့်ကြဖို့ ပိုပြီး စိတ်ဝင်စားကြတာကိုး။

အဲဒီမှာ တစ်ခုတော့ပြောစရာရှိတယ်။

ဒါက "ပညတ်သွားရာဓာတ်သက်ပါ" ဆိုတဲ့ စကားပဲ။ ဝက်ကုန်းမြအုန်းဆိုတဲ့အတိုင်းပဲ။ မြအုန်းက အဓိကလုပ်ငန်းက ဈေးထဲမှာရော ရွာထဲမှာပါ ဝက်သတ်တဲ့၊ ဝက်ပေါ်တဲ့အလုပ်ပဲ။ ဒါကို မြအုန်းနဲ့ သောက်ဖော်စားဖက်တွေက အရည်ကလေးယစ်တွေလာရင် မြအုန်းကို...

"ဟေ့ကောင် မြအုန်း"

"အေ၊ ဘာတုန်း၊ ဘာပြောမှာလဲ..."





"အေး၊ ငါစဉ်းစားကြည့်တယ်ကွ၊ မင်းနာမည် ဝက်ကုန်းမြအုန်းဆိုတဲ့အတိုင်း၊ မင်းကျောကုန်းက ဝက်ရုပ်က မင်းကို အကျိုးပေးတာတော့ သေချာတယ်..."

"ဘာ... အကျိုးပေးတာလဲ"

"ဟာ... မင်းရဲ့နာမည်၊ ဝက်ကုန်းမြအုန်းဆိုတဲ့အတိုင်း မင်းထိုးထားတဲ့ အရုပ်ကဝက်ရုပ်၊ မင်းလုပ်တဲ့အလုပ်က ဝက်သတ်အလုပ်၊ ကာရန်နဘေညီနေတာပဲ အေ့၊ မင်းကြောင့် ငါတို့လည်း နေ့တိုင်း အရက်ဝိုင်းမှာ ဝက်သားနဲ့ ဝက်ဆီဖတ်နဲ့ မြည်းရတယ်။ မင်းရဲ့ဝက်ကုန်းကို လူတွေ မကြောက်ကြပေမဲ့ ဝက်တွေကတော့ ကြောက်မှာ သေချာဝယ်ကွ။ အဟဲ... အေ့..."

"ဟာ ရိုက်၊ မင်းပြောတာ အမှန်ပဲ ငမှုံ၊ ငါ ဝက်လှောင်ရုံ ထဲဝင်လိုက်ရင် ငါ့ကို မြင်တာနဲ့တင် ဝက်တွေဆိုနေစရာမရှိဘူး။ တအိအိ တဈှိုဈှိုနဲ့ ယောက်ယက်ကို ခတ်ရောအေ့။ အဟီး ငါကလည်း တစ်ချက်တစ်ကောင်မြအုန်းကိုးကွ၊ နီးရာကောင်စွပ်ခနဲပဲ။ ဝက်ပိုင်သူဌေးကတောင် ငါ့လက်စလက်နကို ချီးကျူးတယ် အေ့..."

ဝက်ကုန်းမြအုန်းကတစ်ခါတစ်ရံမြို့ထဲက ဝက်ပိုင်တွေ၊ ဈေးတွေမှာလည်း ခိုးဝှက်ပြီး ဝက်ပေါ်ပေးတတ်တယ်။ အဲလိုနေ့မျိုးဆိုရင် ဝက်ကုန်းမြအုန်းလက်ထဲမှာ ငွေရွှင်နေတာပဲ။ သူ့ရဲ့ ဝက်ကုန်းရုပ်ကြီးကလည်း သူလူပျိုပေါက်အရွယ်ကနယ်လှည့်ပြီး ဆေးကု၊ ပရောဂတွေ ဘာတွေကုတဲ့ ဆရာတစ်ယောက်က ကြုံလို့ ငွေနှစ်ရာနဲ့ ထိုးပေးခဲ့တာပဲ။ ခုပဲမြအုန်းအသက်က လေးဆယ်နားနီးနေပြီ။ ငမှုံပြောသလို မြအုန်းပဲ ပညတ်သွားရာ၊ ဓာတ်သက်ပါသလားမသိဘူး။ ဟိုတုန်းက



www.burmeseclassic.com

www.burmeseclassic.com



မြအုန်းရဲ့ အလုပ်က မိနှပ်ချုပ်တာ။ အဲဒီအချုပ်ထိုးပြီးကတ်တည်းက မြအုန်းဝက်သားလိုက် လုပ်ငန်းပြောင်းသွားတော့တာပဲ။ ဆန်းတော့ ဆန်းကြယ်တယ်ဆိုရမယ်။ ဒါပေမဲ့ မြအုန်းလည်း အဲဒီစေတုအညွှန်းကောင်းတာနဲ့ ဝက်ကုန်းချုပ်ထိုးပြီး စွမ်းတယ်အပြင်လာခြင်းဘာအယူမှသိပ်ရှိတာမဟုတ်ဘူး။ သူ့ဝါဒက သဘာဝါမှန်ရင် လူစားဖို့အသာတာရမဲ့။ လူချွတ်မှ ကျွတ်ရတယ်ဆိုတာပဲ။ အမှန်ဆိုရင် သူ့အလုပ်က လူ့သက်သာသလို ငွေလည်း မြိုးမြိုးမျက်မျက်ရလို့ မြအုန်းစွဲစွဲမြဲမြဲ လုပ်နေမိတာ။ ဆိုခဲ့သလို သူက နုအသက်အရွယ်ထိ ဘုရားဆိုလို့ တစ်ကြိမ်တစ်ခါမှ မရှိခိုးဖူးသလို တာသိပ်မဟုတ်လို့ ဩကာသတောင် သိပ်အလွတ်ရတဲ့ သူမဟုတ်ဘူး။ ပြောရရင်ပိုက်ဆံရမယ်ဆိုရင် ဝက်သာမက ဆင်ပါ သတ်ပေးရမလားဆိုတဲ့ အစားထဲက။ ဝက်ကုန်းမြအုန်းက ဝက်နဲ့ အကျိုးပေးတယ်ဆိုတော့ သူ့အိမ်မှာတောင် ဝက်မဒန်းသုံးကောင် မျိုးပွားဖို့ မွေးထားသေးတယ်။ ဝက်ဈေးကလည်း တစ်ကောင် သုံးလေး သိန်းပျော့ပျော့ကိုး။ သူ သားခွဲထဲက ဝယ်မွေးထားတဲ့ ပါရှား ဝက်မလေး သုံးကောင်တောင် မိတ်ကောင်းစပြုနေပြီ။ မယားလုပ်တဲ့ မယ်ခကလည်း ဝက်သိုးရှာဖို့ပြောနေပြီ။

ခက်တာက ရွာမှာဝက်သိုးတစ်ကောင်မှ မရှိတာပဲ။ ဒါနဲ့ပဲ ဝက်ကုန်းမြအုန်း သူ့ရဲ့ အသက်အရွယ်နဲ့ သူ့ ပါရှားဝက်မလေး တစ်ကောင်ကို မျိုးယူဖို့ ဝက်သိုးရှာတော့ အလွှမ်းဆွတ်ရွာဘက်က မျိုးကောင်းတဲ့ ဝက်သိုးတစ်ကောင်ရတယ်။ ဝက်သိုးကလည်း ဈေးကြီးတယ်။ တစ်ကြိမ်ဖိုးတင်ခတင် သောင်းဂဏန်းပေးရတာ၊ ဒါမှမဟုတ်ရင် ဝက်မွေးဘက်ထက်ဝက်ပေးရတယ်။ ဝက်ကုန်းမြအုန်း စိတ်ကြိုက်



BURMESE CLASSIC



ရှာမွေးလာတဲ့ဝက်သိုးကြီးက အကောင်ထွားသလိုပြောရရင် ပါးစပ်မှာ အစွယ်ကာစ်မျောင်းကပါသေးတယ်။ ဝက်သိုးပိုင်ရှင်က တမင်မဖြတ်တာလို့ ဆိုတယ်။ တကယ့်ဝက်ကြီးပါ။ သူ့ဆီက ဝက်မဒန်းပေါက်လေးနဲ့ဆို ဒိတ်ကြီးထဲကလို ဘဘကြီးနဲ့ မြေးလောက်ပဲရှိမှာ။

ဒါနဲ့ပဲ အဲဒီနေ့က ဝက်ကုန်းမြအုန်းရဲ့ တဲနောက်ဘက် ဝက်ခြံထဲမှာ ဝက်ဖိုးတင်ဖို့ မိတ်လျှောင်ဖို့လုပ်ကြတယ်။

ဝက်သိုးကြီးက နည်းတဲ့ကောင်ကြီးမဟုတ်ဘူး။ ဝက်ကုန်းမြအုန်းလည်း သူ့ဝက်မလေးဆိုတော့ ခီးအောင်ဖို့အတွက် ကိုယ်တိုင်ဝက်ခြံထဲရောက်နေတာပေါ့။ အဲဒီမှာတင် ဝက်ကုန်းမြအုန်းရဲ့ အဖြစ်က ဂမ္ဘီရဆန်သလို ရွာလုံးကျွတ်ကအံ့တသြနဲ့ စုပ်တသပ်သပ်ဖြစ်ကြရတဲ့အထိ ဝက်ကုန်းမြအုန်း နာမည်ကျော်သွားတယ်။ အဖြစ်ကလည်း အံ့သြစရာ၊ ထိတ်လန့်စရာကိုး။ လူတစ်သိန်းမှာ တစ်ယောက်ဖြစ်ခဲလှတဲ့ အဖြစ်ကိုး။

ခုနပြောသလို ဝက်သိုးကြီးက သူ့ရဲ့ ဝက်မဒန်းအပျိုဖော်ဝင်စလေးကို မြင်တာနဲ့ မိတ်ဖက်ချင်တော့ တော်တော်ကြီးတောင်ဆွဲလို့မနိုင်ဘူး။ နောက်ဆုံး လွှတ်ပေးလိုက်ကြတော့တာပဲ။ အဲဒီမှာ ဘယ်သူမှ ဘယ်လိုမှ မျှော်လင့်မထားတဲ့အဖြစ်။ ထင်မှတ်မထားတဲ့၊ မဖြစ်ဘူးတဲ့အဖြစ်။ အဲဒါက ခုနကြိုးဆွဲလို့မရအောင် မိတ်စိတ်တွေ ထောင်းထောင်းထနေတဲ့ ဝက်သိုးကြီးက ရုတ်တရက်ဝက်ခြံထောင့်မှာထိုင်နေတဲ့ ဝက်ကုန်းမြအုန်းဆီကို ချာခနဲ တစ်ဟုန်ထိုး ပြေးဝင်လာပြီး ထိုးကော်ပတ်လိုက်တာပဲ။ အားလုံး ဝရုန်းသုန်းကားနဲ့ အထိတ်တလန့် အော်ကြဟစ်ကြပေါ့။ ဝက်သိုးကြီးကနည်းနည်း နောနောကောင်ကြီးမဟုတ်တော့ လူ



www.burmeseclassic.com

www.burmeseclassic.com



လေးငါးယောက်ဝိုင်းချုပ် ဝိုင်းဖမ်းရတယ်။

ဝက်ကိုဖမ်းပြီးမှ ဝက်ခြံထောင့်မှာ မျက်ဖြူကြီးလန်ပြီး သတိလစ် လဲကျနေတဲ့ ဝက်ကုန်းမြအုန်းကို သတိရကြတယ်၊ အိမ်ပေါ်ခွေတင်ကြ၊ ခေါ်ကြ သတိရအောင်လုပ်ကြပေါ့လေ။ ဒါပေမယ့် အဲဒီမှာတင် မျက်ဖြူကြီးလန်နေတဲ့ ဝက်အုန်းမြအုန်းက နှတ်ဖျားကနေဝက်တွေသေခါနီး အောက်ဆုံးအသံထွက်သလို အိခနဲထွက်လာပြီး ဇက်ကျိုးသွားတော့တာပဲ။ ဝက်ကုန်းမြအုန်းရဲ့ မယားဆိုတာ ကြုံကြုံပါအောင် ငိုတာပဲ။ ဝက်ကုန်းမြအုန်း ဆေးရုံတောင်မရောက်လိုက်ပါဘူး။ သန့်သန့်မာမာ ဖျတ်ဖျတ်လတ်လတ်ကြီး မြအုန်းသေတာကိုတစ်ရွာလုံးအယ်သူမှ မယုံနိုင်ကြဘူး။ ဟိုးလေးတစ်ကျော်ပဲ။

ဒါပေမဲ့ ဝက်ကုန်းမြအုန်း သေတာကတော့ တကယ်သေတာ။

သေပုံရာတာ ဆန်းတာ။ ဂမ္ဘီရဆန်လွန်းတယ်လို့ ယူဆချင်ရင်လည်း ယူဆနိုင်တယ်။ ဒါမှမဟုတ် ဝက်ကုန်းမြအုန်း သူ့ရဲ့ဘဝတစ်လျှောက်၊ သောက်စားမူးယစ်ပေတေပြီး သူပြုလုပ်ဆောင်ရွက်ခဲ့တဲ့ကံရဲ့ အရှိန်က သူ့ရဲ့ဘဝကို ထိဖိုးဆုံးခတ်လိုက်တာလို့ ပြောရင်လည်း ပြောလို့ရတယ်။ သူဝက်တွေကို လှံတိုနဲ့ထိုးသတ်ခဲ့သလိုပဲ ဖြစ်တောင့်ဖြစ်ခဲ ဝက်သိုးကြီးက အစွယ်နဲ့ကော်လို့ ဆီးအိမ်ချက်ချင်းပေါက်ပြီးသေရတဲ့အဖြစ်။ ဆန်းတာတော့အမှန်ပဲ။

ဝက်ကုန်းမြအုန်းတို့များ သေသွားတာတောင် ဒီနေ့ထိ ရွာမှာ ပြောစမှတ် တွင်ကျန်ရစ်အောင် နာမည်ကြီးပုံကို ပြောပြတယ်။






www.burmeseclassic.com

www.burmeseclassic.com



သူ့ ကိုတော့ရွာကရော သူနဲ့ပတ်သက်တဲ့ ဆက်နွယ်ဖူးကြတဲ့ ဝန်းကျင်အသိုင်းအဝိုင်းကရော၊ ကွယ်ရာရော ရှေ့တင်ပါ တစ်ယူသန်နဲ့ ဘကဲလို့ပဲ ခေါ်ကြတယ်။ အမှတ်သညာပြုထားကြတယ်။ ဒါကိုလည်း ဘကဲက သူ့နာမည်ရှေ့မှာ တစ်ယူသန်ဆိုတဲ့ စကားလုံးတစ်လုံး ထပ်တိုးတာကို တစ်ရွာလုံးက မိုက်ခွေ၊ အပေါင်းအသင်း၊ သောက်ဖော်စားဖက်၊ တေဖော်တေဖက်တွေက ဘွဲ့ထူးဂုဏ်ထူး ချီးမြှင့်ထားတယ်လို့ ယူဆထားတယ်။ ခံယူထားတယ်။ ခပ်ပြုံးပြုံးပဲ။ တစ်ရွာလုံးက လူအချို့က ရပ်ထဲရွာထဲလမ်းမှာ မတော်တဆကြုံဆုံမိလို့ "ဟော့ တစ်ယူသန်ကြီး ဘယ်ကပြန်လာလဲ" လို့ ရယ်မောနှုတ်ဆက်ရင် သူက ဝမ်းသာအားရလက်ပြန်မြှောက်နှုတ်ဆက်တဲ့ သူမျိုး ပြုံးဖြီးဖြီး၊ စပ်ဖြီးဖြီး မျက်နှာနဲ့။ ပြောရရင် အသက်ပဲလေးဆယ်ကျော်လာပြီ။ ခုထက်ထိ ကိုယ့်ကိုယ်ကိုယ် နေရာထိုင်ခင်း ကျနအောင်၊ နေသားတကျ ဘယ်လိုနေရာချထားရမလဲတောင် မခွဲခြား မကွဲပြားတဲ့သူမျိုး။

ဆိုရရင် ခပ်ကြောင်ကြောင်ပေါ့။ လောကမှာကလည်း ကိုယ်ထင်ရင် ခုတင်ကြီးက ရွှေနန်းကြီးပဲလို့ တစ်ယူသန်ကဲ့သို့ ထင်နေမြင်နေကြသူတွေ၊ ခပ်ကြောင်ကြောင်ကောင်တွေကလည်း များတယ်ပေါ့တယ်။ အမှန်တော့ ပြောရရင် ဒီအသက်အရွယ်ထိ ခုတင်မှန်းသစ်သားမှန်း၊ ရွှေပိန်းချတိုင်မှန်း မခွဲခြားတတ်တဲ့ သူတို့ကိုပဲ သနားရမှာ စုပ်သပ်နေရမှာ။ အမှန်တော့ အဲဒီလိုလူတွေကိုပဲ ဝနင့်တပိုး ထမ်းထားရတဲ့ ကမ္ဘာမြေကြီးကိုသာ အားနာနေရတယ်။ သူ့ခမျာ ထမ်းထားရတာ အလေးကြီး။ ဘာပြုလို့လည်းဆိုတော့ ဒီမှာ ပရလောက၊ ဓမ္မအရာမှာ ကိုယ့်အတွက်ရော မိသားစုအတွက် ဝန်းကျင်





လောကကြီးအတွက် ဘာမှ အကျိုးရှိတာမှမဟုတ်ဘဲ။ တန့်ဖိုးဆိုတာ ဝေလာဝေးပဲ။ စကားက ရင့်သီးလွန်း၊ ရိုင်းပျလွန်းတာ မဟုတ်ပါဘူး။ ပကတိအရှိတရားနဲ့ အမှန်ကို ပြောပြတာ။ ဘာပြုလို့လည်းဆိုတော့ သူ့ဘဝသက်တမ်း တစ်လျှောက် အဲဒီတစ်ယူသန်ဘကဲတို့လို ငါ့စကားနွားရ၊ လေ့နံ့စားထစ် ဘေးတိုင် ဘိုးကျ ဘုပြော သူတွေ။ မိုးလင်းမိုးချုပ် ဘာတစ်ခုမှဖြစ်မြောက် အောင်မြင်တစ်ဝင်တောင် မနှုတ်ဖူးသူတွေ၊ ဣသာမစ္ဆရိယသမားတွေ၊ ငါစွဲဝါဒသမားတွေ၊ တွေ့ကြုံခဲ့ဖူးတာများခဲ့လို့ပဲ။ ဆိုရရင် မျက်လုံးစပ်တယ် ပြောရမှာပဲ။ နားစပ်တယ် ပြောရမှာပဲ။

သူမကြည့် နားမထောင်လည်း မြင်နေ ကြားနေရတာကိုး။

ဆိုရရင် တစ်ယူသန်ဘကဲနဲ့ သူက အိမ်ခြေရင်း ခေါင်းရင်းကိုး။

အဲဒါကြောင့် မကြည့်လည်းမြင်နေရ၊ နားမထောင်လည်း ကြားနေရတာမို့ မျက်စိရော နားပါ စပ်တယ်ပြောရတာ။ အမှန်ဆိုသူက ဘာသာရေးသမားပါ။ မဂ္ဂဇင်းတွေ၊ ဂျာနယ်တွေမှာလည်း ဘာသာရေးနဲ့ ပတ်သက်ဆက်နွယ်တဲ့စာတွေ၊ ဝိဇ္ဇာရေ ဂမ္ဘီရစာတွေရေးနေတဲ့သူပါ။ ဒီရွာဒီဝန်းကျင်လေးကို နှစ်သက်လွန်းလို့ လာငှားနေမိတာကိုက တစ်ယူသန်ဘကဲနဲ့တွေ့ဖို့ သူ့အကြောင်းသိရဖို့မှန်လာတယ်ဆိုရမှာပဲ။ ပထမတော့ သူဘယ်သိမှာလဲ။ နောက်ပြီးသူက မွေးကတည်းက ဘယ်အရာကိုမှ စပ်စပ်စုစု လုပ်တတ်တဲ့သူမဟုတ်တော့ ပိုဝေးရော။ ဒါပေမဲ့ လူ့သတင်း လူချင်းဆောင်တယ်ဆိုကြတယ်မို့လား။ ရွာကို သူတို့ လင်မယားပြောင်းလာပြီး နောက်တစ်ရက်မှာပဲ တစ်ယူသန်



www.burmeseclassic.com

www.burmeseclassic.com



ဘကံအကြောင်းကြားရတာပဲ။ တစ်ယူသန်ဆိုတဲ့အတိုင်း လောကကြီးကို ကိုယ့်ဉာဏ်တစ်ထွာတစ်မိုက်နဲ့ ကိုယ်အလွတ်ကျက်ထားတဲ့ စကားလေးတစ်ခွန်းနဲ့ ငါပြောတာအဟုတ်၊ ငါလုပ်တာအမှန်၊ ငါကြံတာအကောင်း၊ အဲသလိုမျိုးငါသိ ငါတတ် ငါတော်ဆိုတဲ့ မသူတော်လက်သုံးနည်းတွေနဲ့ အမြီးမှန်းလည်းမသိ၊ အမောက်မှန်းလည်းမကွဲပြား ငါ့စကားနွားရ လျှောက်တားထစ်ဝါဒတွေနဲ့ မိုးပြောချိုးပြော၊ ငြင်းနေ ခုန်နေတော့တာပဲ။ နိုင်ငံရေးလည်းပါတယ်။-ဓဓ ကျောင်းသားတွေကိစ္စလည်း ပါတယ်။ ပွင့်လင်းမြင်သာတာတို့၊ ဆင်းရဲမှုတိုက်ဖျက်ပပျောက်ရေးတို့ ရှုံ့စာကားစွေ့ အစုံသုပ်လို့ ပြောလို့ရတယ်။ ရပ်အကြောင်း ရွာအကြောင်း၊ ပလက်ဖောင်းတွေပေါ်က ဖျံကျဈေးသည်တွေလည်းပါတယ်။ ကိုယ်တိုင်မြွက်တစ်ပင်ခုတ်ဖူးသလား၊ အုတ်ခဲတစ်လုံးထမ်းဖူးလားဆိုတော့ ဟင့်အင်း ဆိုတဲ့ လူစားမျိုးထဲက။ အဆိုးရွားဆုံးက ဘာသာရေးပဲ။ ဘုရားဆိုတာ တစ်ဆူပဲရှိတာတို့။ နိဗ္ဗာန်ဆိုတာ ကိုယ့်စိတ်ထဲမှာတို့။ သုံးဆယ့်တစ်ဘုံဆိုတာ မမြင်ရတဲ့အရာတို့။ ပရလောကဝိညာဉ်လောကကို့ဆိုတာ မရှိဘူးတို့၊ လူသာပဓာနတို့။ အဲသလို အစရှိတဲ့ မီးကျိုးမောင်းပျက် ဝါဒတစ်ခြမ်းပဲတွေနဲ့ ပြောချင်ရာပြော၊ ဆိုချင်ရာဆိုနေတာ။ ခြဂိုင်းချင်းက ကပ်နေတော့ နားစပ်တယ်ပြောတာ။ ရွာထဲကဝန်းကျင်ကတော့ သူ့စကားတွေကို အတုအကြားတောင် ညှပ်ပုံမပါပါဘူး။ တစ်ယူသန်ဘကံကတော့ တစ်ရွာလုံးသူ့လောက်သိ၊ သူ့လောက်တတ်မရှိဘူးလို့ ထင်ချင်ထင်နေမှာပေါ့လေ။ ဆိုရရင်လောကဝန်းကျင်နဲ့ အံမဝင်၊ ခွင်မကျတဲ့သူကို လောကဝန်းကျင်က ကျဉ်ဖယ်ထားကြတဲ့ သဘောပါ။





အမှန်တကယ်လည်း ဘားလ်မာ့က်စ်နဲ့ အိန်ဂျယ်၊ စတာလင်၊ လီနင်သိသလားဆိုတော့လည်း ကြားတောင်မကြားဖူးဘူးတဲ့။ ထေရဝါဒ၊ မဟာယန၊ ဂိုဏ်း၊ တန္တရ၊ မန္တရတွေကော ဆိုတော့ အဲဒါဘာလဲတဲ့။ အင်း၊ အိုင်ခလှဲ့တွေနဲ့ အင်းကျိုး၊ အင်းကန်းတွေ။ စာဖိုစာမတွေဗျည်း (၃၃) လုံးထဲက ထ၊ ထဆင်တူးအက္ခရာတွေ အစွမ်းသိလားဆိုတော့လည်း မှုန်တိမှုန်မွှားရယ်။ ဂုဏ်တော်ကွန်ချာတို့ မဟာသမယသုတ်တို့ အလွတ်ရလားဆိုတော့ အင်းအဲနဲ့။ စာအုပ်ချုပ်ရှုတ်တောင်ဣတိပိသောပါဠိအသံထွက် မှန်ချင်မှမှန်ဦးမှာ။ ဟွန်းတုလား ယောတုလား မကွဲပြားသလိုပေါ့။ လယ်တီကမ္မဋ္ဌာန်း ထိုင်ဖူးလားဆိုတော့ခေါင်းတွင်တွင်ရမ်းတယ်။

ဖားအောက်တောရဆိုတော့ ဘယ်မှာရှိတာလဲတဲ့။ ဘာဋ္ဌာနလည်းတဲ့။ အဲသလိုလူ။ ဒါကလည်း သူ့အိမ်ကို မယောင်မလည်နဲ့ဘုရားဒကာလိုလို၊ နိဗ္ဗာန်ဆော်လိုလိုလာလည်လို့ သူကမသိမသာမေးကြည့်စကားစပ်မိတော့မှ သိတာပါ။ သူက ဒါမျိုးတွေ ကြုံဖူးတာသူ့အသက်ထက်တောင်များသေးရဲ့။ ကွန်မြူနစ်လည်း မဟုတ်၊ ဆိုရှယ်လစ်လည်းမဟုတ်၊ ဒီမိုကရေစီလည်း ဘူမှန်းကိုးမှန်းမသိ။ ဒီမိုကရေစီစနစ်တွေ ဘယ်နှမျိုးရှိသလဲဆိုတာတောင် ဘူးလုံးနားမထွေးရယ်။ ရွာလမ်းပြင်တော့ မွှာရုံဆောက်တော့ပါသလားဆိုတော့လည်း အရက်ဆိုင်မှာတဲ့။ အဲဒါကြောင့် ဓမြကြီးလေးတယ်ပြောရတာ။ ပြောရရင်ဓာတ်ပျက်။ ဓာတ်ပျက်မှ ဘယ်ဓာတ်အနှားမှာတောင် သိတောင်မသိဖူးရဘဲနဲ့ ပျက်နေတဲ့ဓာတ်ပျက်။ သူကတွေ့ကြုံခဲ့ဖူးတာဈေးရှုံ့အသက်အရွယ်နဲ့ အဆ-ရာထောင်မကပါဘူးဆို။ သူကမြေကြီးကိုပဲ

www.burmeseclassic.com



အားနာ သနားနေမိတော့တာပဲ။

လမ်းမကြီးတွေ တောင်ကွဲအက်သွားတဲ့ တာချီလိတ်လျှင်လို ပတ်ကြားအက်ထဲ တစ်ယူသန်ဘကံတို့လိုကောင်တွေပါသွားရမှာ။ ဒါမှအစီစီဘယ်လောက်နက်သလည်းဆိုတာတစ်ခါထဲ သိသွားရအောင်ပါ။ တချို့ ကလက်တွေ့မှ ယုံကြတာလေ။ သူ့ကိုလဲ ဂမ္ဘီရ စာရေးဆရာဆိုတော့ နိဗ္ဗာန်ပဲ မရောက်တော့မလိုလို။ သံသရာရေယဉ်ကြောကြီးပဲ ပက်လက်မျောနေတော့ သယောင်ယောင်၊ အစွန်းထွက်ခနဲ့တဲ့တဲ့ရယ်။ နောက်ဆုံးသူလည်း အဓိဋ္ဌာန်ဝင်ဖို့အကြောင်းပြပြီး အိမ်ပေါ်က နှင်ထုတ်လိုက်ရတယ်။

တချို့က ပြောမှသိကြတာမျိုး။ ဖြတ်ပစ်မှ ပြတ်တာမျိုး။ သူကတည်မိတဲ့ ဘုရား၊ လင်းတနားနား ကြွက်သိုက်လုပ်လုပ် ဟိုတဲ့ လူစားမျိုး မဟုတ်ဘူး။ ဘုရားစတည်ပြီ ဆိုကတည်းက မြင့်မြတ်တဲ့ကုန်းနဲ့ ဘုရားအင်္ဂါရပ်နဲ့တည်ခဲ့ချင်တာရယ်။ ပြောပြီးပြီ။ စကားတစ်ခွန်းပြောရင်ပဲ မျက်နှာပြင်ပေါ်က အကြော (၇၆) ကြောပင်ပန်းရပါတယ်လို့။ နောက်ပြီး လေကအလကားရနေတာ မဟုတ်ဘူး။ အဆုတ်ကအတော်အလုပ်လုပ်ရတာ။ တစ်ပဲ နှစ်ပဲတွေလောက်နဲ့တော့ သူ့ရဲ့ တန်ဖိုးရှိတဲ့ အချိန်တွေ အကုန်မခံနိုင်ဘူးရယ်။ တစ်ယူသန်ဘကံက နောက်ဆုံးပြောသွားသေးရဲ့။

"စာရေးဆရာတွေက ဂမ္ဘီရစာတွေထဲမှာ ရေးရေးနေကြတာကျုပ်တွေ့ဖူးဖတ်ဖူးပါတယ်ဗျာ၊ တစ္ဆေသရဲတို့ ဝိညာဉ်တို့ ဘိုးတော်တွေမယ်တော်တွေလည်း စုံတကာစေ့ရော၊ တကယ်ကော မြင်ရတွေ့ရလို့





လားဗျူ၊ ကျုပ်တောင် မနက်ဖြန် ဘာဖြစ်မယ် မသေချာဘဲနဲ့၊ အနာဂတ်မှာ ဖြစ်ပျက်လာမယ့်ကိစ္စတွေက အမှန်ခိုင်စိတ်ကူးယဉ်နေတာပဲဗျ။ ကျုပ်က လက်တွေ့သမား။ မျက်စိနဲ့ တပ်အပ်မြင်မှ..."

"ကိုဘကံက မြင်ဖူးချင်လို့လား..."

"ဟာ မြင်ဖူးချင်တာမှ ကိုယ်တစ်ပိုင်းကိုသေလို့၊ တစ္ဆေသရဲတို့ ပရလောကတို့ဆိုတာ ကျုပ်လဲ စာတွေထဲမှာ ဖတ်ဖူးပါတယ်။ အမှန်တော့ ခုန ကျုပ်ပြောသလို ခင်ဗျားတို့စာရေးဆရာတွေက စိတ်ကူးယဉ်ပြီးရေးသမျှလူတွေက ယုံနေကြတာ။ တကယ့်ပရလောကဆိုတာရှိရင် ကျုပ်မြင်ချင်တယ်ဗျာ အဟဲ..."

"ကိုဘကံတို့ ရွာထိပ်က နတ်ကွန်းပျက်ကြီးသိသလား"

"ဟာ သိတာပေါ့၊ အဲဒီမှာရှိလို့လား၊ ညောင်ပင်ကြီးနဲ့လေ"

"ကိုဘကံက သိချင်မြင်ချင်တယ်ဆိုလို့ပါ၊ ဂမ္ဘီရစာတွေ ပေတွေထဲမှာတော့ အဲဒီလို ညောင်ပင်ကြီးတွေမှာ နေထိုင်ကြတယ်ဆိုတာပဲဗျ။ သိချင်ရင်တော့ ကိုယ်တိုင်သွားမေးမှရမယ်။ ခင်ဗျားမြင်ခဲ့သိခဲ့ရင်လည်း ကျုပ်ကိုလာပြန်ပြောပြပေါ့ဗျာ၊ ဗဟုသုတရတာပေါ့ ကိုဘကံ"

အဲ့ဒါ တစ်ယူသန်ဘကံ သူ့အိမ်လာလည်ပြီး နောက်ဆုံးပြောဖြစ်ခဲ့တဲ့ စကားတွေပါ။ စောစောက ပြောပြီးပြီ။ တစ်ချို့တွေက လက်တွေ့မှ ယုံကြတာပါဆို။ တချို့ကလည်း ဘုရားရှင်ကို ကြည်ညိုသဒ္ဓါနဲ့ ဆီမီးအလင်းလှူတာတောင် ဘုရားကို မီးတိုက်နေတာတို့၊ အမိုက်တွေဘုရား စင်ပေါ်တင်တာတို့ တစ်လွဲဆံပင်ကောင်း ထောင်သလိုမောင်းထနေတဲ့ အရွှေတွေကလည်း များမှများကိုး။ နောက်ဆုံးသွား



www.burmeseclassic.com

www.burmeseclassic.com



ရော။ ကံလေကံ။ အခိမာန့်တွေပေါ့။ နောက်ဆုံးတော့ သံသရာထဲမျော သွားရော။ ဘယ်သောင်ဘယ်ကမ်းဆိုက်မှန်းမသိရတော့ဘူး။ ဒါကြောင့် သူကတော့ သူ့အဘိဓမ္မာမှာ သေရင်သိတယ်လို့ ဆိုတာ။ အဲဒါပေမဲ့ မသေခင်မှာလည်း သိနိုင်သလို သိခွင့်လည်းရှိရဲ့။ သိအောင်လည်း ရှာဖွေလို့ရရဲ့။ မသိတာကိုသိအောင်လုပ်တာရှာဖွေတာကိုက ဝိဇ္ဇာပဲ မဟုတ်လား။ သိရင်ပြီးပြီပေါ့။

နောက်တစ်ရက်မှာ သူမြို့ထဲစာမူသွားပို့ရင်း ရွာကို မိုးချုပ်မှ ရောက်တယ်။ ကိုးနာရီလောက်ရှိနေပြီ။

တစ်ယူသန်ဘကံရဲ့ ခြံဝိုင်းဘက်မှာ လူတွေရှုန်းစုရုန်းစုနဲ့မို့ သူ့ငဲ့ စောင်းကြည့်ရင်း အိမ်ပေါ်လှမ်းတက်ခဲ့တယ်။ သူ့ဇနီးမရွှေသန္တာငြိမ်း က သူ့ကို အထိတ်တလန့်လေသံတိုးတိုးလေးနဲ့...

"ဦးဘကံကြီးသေပြီ ကိုကြီး သိလား..."

"ဟင် ဘာဖြစ်လို့လဲ..."

"ရွာထဲမယ်ပြောနေကြတာတော့ ညက အရက်မူးလွန်ပြီး ဆည်အစပ်မှာ အအေးပတ်သေတာလို့ ပြောတယ်။ အဲ ဆွဲနဲ့သောက် ဖော် စားဖက် ငမွဲတို့သာကျော်တို့ပြောနေကြတာတော့ ညတုန်းက မူးမူးနဲ့ ရွာထိပ်ညောင်ပင်ကြီးက နတ်ကွန်းပျက်ကိုသွားပြီး မဖွယ်မရာ တွေပြော၊ အပေါ့အလေးတွေစွန့်၊ ဆဲဆိုကန့်ကျောက်ပြီး ပြန်သွားတာ ပဲတဲ့။ သူတို့ဘယ်လိုတားတား မရဘူးတဲ့။ အဲဒါ သူသေတော့ညောင် ပင်မှာနေတဲ့ အစောင့်ကမကျေနပ်လို့ နေရာချင်းလဲ လိုက်တာလို့ လည်း ပြောနေကြတယ်။ အရက်သမားသာကျော်ကို မိုးလင်းခါနီး အိမ်မက်လာပေးတယ်တဲ့ သိလား၊ အရမ်းထူးဆန်းတာပဲ"





အဲဒါပဲလေ။ တချို့ကလက်တွေ့ကြုံမှ ယုံကြည်တယ်ဆိုတာ။ ကိုယ်က အဇ္ဈတ္တ၊ ပရ၊ လောက၊ ဓမ္မအရာမှာ သီလ၊ သမာဓိ၊ ပညာ တွေ ရင့်မာပြည့်စုံနေရင်လည်း ထားတော့။ သရဏဂုံတောင် အပေါ် လွဲ အောက်လွဲ။ ကံငါးပါးတစ်ပါးမှတောင် မလုံတဲ့ လုံအောင်လည်း မထိန်းသိမ်းဘူးတဲ့ ဘဝကိုအဖေနဲ့ အမေ မွေးလို့ဖြစ်လာရတာ ကိုယ် လုပ်မှ ကိုယ်ရဆိုတဲ့ ရုပ်ဝါဒအရေခြုံတွေ။ ဟိုတရားတစ်ခွန်း၊ ဒီတရား တစ်စနဲ့ နွကျကျ၊ တစ်ယူသန်သမားတွေ။ ဘုရားလည်းမသိ၊ တရား လည်း မရှိ၊ စကားလည်းမပိတော့ သွားရော၊ နောက်သူသိရတာက မရှိသေးစကား၊ ဘကံရဲ့ မုတ္တာကြီးက ရောင်ရမ်းပြီး ရေခွက်တစ်လုံး စာလောက် ရှိတယ်တဲ့။ အရက်သမားသာကျော်တို့ကတော့ တစ်ယူသန် ဘကံ မမှားအပ်တာသွားမှားလို့ ညောင်ပင်မှာနေတဲ့ ပုဂ္ဂိုလ်က လုပ် လိုက်တာလို့ ရွာထဲပျံ့နေလေရဲ့။

ဟုတ်မဟုတ်တော့ မသေချာဘူးပေါ့လေ။

သေချာတာကတော့ တစ်ယူသန်ဘကံသေပြီ။ သေပြီဆိုတော့ သူ့လက်တွေ့ကျကျ သိချင်နေတဲ့ (၃၁) ဘုံ အကြောင်းခုလောက်ဆို သူသိနေ သိခွင့်ရလောက်နေပြီ။ သူဗဟုသုတရအောင်တော့ လာမပြော ပြနိုင်တော့ဘူး။ ပိုပြီးတိကျသေချာတာက သာကျော်မက်တဲ့ အိပ်မက် အရဆို တစ်ယူသန်ဘကံ ဘယ်အသချေ်္ာ အနန္တမှာမှ လူပြန်ဖြစ်ခွင့်ရမလဲ သူလည်း မသိဘူး။

အဆိုးရွားဆုံးက ဘယ်ဘုရားအဆူဆူမှ ဖူးခွင့်မရတော့တာဘဲ။



www.burmeseclassic.com

www.burmeseclassic.com






အင်းဘကင်းဆိုလို့ သူ့ကို လောကီဂမ္ဘီရနယ်ထဲက ရွှေပြား၊ ငွေပြား၊ မှိုင်းကိုင်စက္ကူတွေနဲ့ မြေဖြူနဲ့ ကညစ်နဲ့အယှဉ်အပြိုင်အတိုက်အခိုက်ကစလို့ ပီယ နေသိဒ္ဓိတွေပေါက်စေတဲ့ ရတနာဒီပံတို့ ရှင်သီဝလိ၊ ရှင်ဥပဂုတ္တတို့ အဝင်မစဲ၊ အထွက်မစဲက စပြီး လင်ကွဲ၊ မယားကွဲ ထိ၊ အင်းပညာ၊ အင်းအတတ်တွေ ကမ်းကုန်အောင် တတ်မြောက်တဲ့ ကျွမ်းကျင်ပိုင်နိုင်တဲ့ အင်းစမအတတ် တစ်ဘက်ကမ်းခတ် တတ်လို့ အင်းဘကင်းလို့ခေါ်ကြ၊ အနွတ္တသညာပြုကြတာမဟုတ်ပါဘူး။ ပြောရရင် သူ့နာမည်ဘကင်း။ ဦးဘကင်းပါ။ ဧရာဝတီတိုင်းဒေသကြီးထဲက ကျုံပျော်မြို့နယ်ထဲက ရွာလေးတစ်ရွာမှာ နေထိုင်တဲ့ အိမ်ကြီးရခိုင်နဲ့ ကြွယ်ဝချမ်းသာပြီး အင်းသူကြီး လုပ်ငန်းနဲ့ အင်းလုပ်ငန်းတွေနဲ့ အသက်မွေးဝမ်းကြောင်းတဲ့ အင်းပိုင်သူဌေးကြီး ဦးဘကင်းပေါ့။ ဒါပေမဲ့ ခင်မင်ရင်းနှီးသူတွေနဲ့ ရွာနီးချုပ်စပ်တွေကတော့ သူ့ကွယ်ရာမှာ အင်းဘကင်းလို့ပဲ ခေါ်ကြတယ်။ သူ့ကို ချီးမြှောက်တဲ့ အမည်နဲ့ဆိုပါတော့။ အင်းဘကင်းက ငယ်စဉ်ထဲက တံငါလုပ်ငန်း၊ အင်းလုပ်ငန်းနဲ့ ကြီးပြင်းလာသူ၊ ချမ်းသာကြွယ်ဝလာသူ အင်းဘကင်းဖြစ်လို့ပါ။ စောစောကပြောခဲ့တဲ့ လောကီဂမ္ဘီရနယ်ထဲက အင်း အိုင်၊ ခလှဲ့လက်ဖွဲ့ တွေနဲ့ ဘာမှမသက်ဆိုင်ပါဘူး။ မသက်ဆိုင်သလို အင်းဘကင်းက အဲဒါတွေ ဝါသနာမပါသလို ယုံလည်းမယုံကြည်ပါဘူး။ သူက လက်တွေ့ မျက်တွေ့ ဒိဋ္ဌိမမ္မဝါဒသမားပါ။ သူ့ဘဝသက်တမ်းတစ်လျှောက် မမြင်ရတဲ့ ကိစ္စဝိစ္စတွေ ထက်စာရင် ဒီနှစ်သူပိုင်တဲ့ လေလံအင်းတွေထဲကို ငါးကြင်းပေါက်စဘယ်နှစ်သောင်းထည့်ရမယ်။ ငါးစာဖိုး ဘယ်လောက်ကုန်မယ်၊ အလုပ်သမားခ၊ ကျွေးမွေးခ၊ ငါးကန်စောင့်

အရှေ့ဘက်တောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ရောက်ခါအပြင် နွေရာသီကန်ဖော်တဲ့ အချိန်ကျရင် အမြတ်က ဘယ်ရွှေ ဘယ်မျှရှိမလဲ။ ရမလဲ။ အဲသလို လက်တွေ့မြင်ရတဲ့ ကိစ္စတွေပဲ စိတ်ဝင်စားတယ် ယုံတယ်။ ပြောရရင်မိဘဘိုးဘွားတွေက အစဉ် အဆက် ဗုဒ္ဓဘာသာဝင်ဖြစ်လို့ သူပါမှတ်ပုံတင်မှာရော၊ သန်းခေါင် စာရင်းမှာပါ ဗုဒ္ဓဘာသာလုပ်ထားရတာ ရေးထည့်ထားရတာ။ သူ့ဘဝ မှာ လူမှန်းသိတတ်စ အရွယ်ကတည်းက ဘုရားရှိခိုး၊ ပုတီးစိပ်ဖို့ နေနေသာ ဩကာသတောင် သိပ်အလွတ်အစအဆုံးမရရှာဘူး။ ထစ်ထစ်ငေါ့ငေါ့နဲ့ရယ်။ ဘုရားဂုဏ်တော်ကိုးပါးကိုတောင် အမြီး မတည့် အမောက်မတည့်ရယ်။ ပြောရရင် မိရိုးဖလာ အမည်ခံ ဗုဒ္ဓ ဘာသာအဆင့်။ ဒါကလည်း အပြစ်တော့သိပ်ဆိုလို့ မရဘူး။ မွေး ကတည်းက တံငါသည် မိဘနှစ်ပါးက မွေးလာခဲ့ပြီး ငယ်စဉ်ထဲက ရွာထိပ်ရွာဖျားချောင်းကြို၊ မြောင်းကြားမကျန် ဘဝင်းထမ်း၊ ကွန် ထမ်းပြီး ငါးရှာဖားရှာနေထိုင်လာခဲ့တဲ့ သူ့ဆိုတော့ ဘုရား၊ ကျောင်း ကန်နဲ့ဝေးတာ ဘာဆန်းကြယ်လို့လဲ။ အဲ… ရေလုပ်ငန်း တံငါလုပ်ငန်း လုပ်ကိုင်သူတိုင်းတော့ မဟုတ်ပါဘူး။ အင်းသကင်းကိုပဲ ပြောတာပါ။ ဒါကလည်း သူ့အထုံအဆက်နဲ့သူ။ ဘုရားဟောရှိတယ်မို့လား။ လူဆို တဲ့ သတ္တဝါဟာ သူ့စရိုက်နဲ့ သူ့အကြိုက်နဲ့ သူ့အမိုက်နဲ့သူဖြစ်လာရတာ။ မနုဿတဒုလ္လဘအဖြစ်ကို ပြဟ္မာ့ဘုံက ပြန်ဆင်းလာတဲ့သူနဲ့ နဂါးပြည်၊ ဂဠုန်ပြည်ကလာတဲ့ သူနဲ့။ အောက်က တက်လာတဲ့သူနဲ့၊ အမျိုးမျိုး အစားစား အကွဲကွဲ အပြားပြား မဟုတ်လား။ ဗုဒ္ဓမိန့်သလို ဘယ်ကလာ မှန်းလည်း မသိ၊ ဘယ်ပြန်သွားရမယ်မှန်းလည်း မသိတဲ့ သံသရာခရီး သည်တွေက အနုမတဂ္ဂ ဒုနဲ့ဒေးမို့လား။ ဒီတော့ အင်းဘကင်းကလည်း





ဒီအသက်အရွယ် ငါးဆယ်ကျော်ခြောက်ဆယ်နားနီးအထိ ဘုရားမေ့၊ တရားမေ့တာ ဘာဆန်းလို့လည်းရယ်။

အဲ… ၊ အဲသည်မှာ ပြောစရာရှိတာက ခုနပြောပြခဲ့သလို သံသရာ ခရီးသည်တွေပီပီ ရခဲလှတဲ့လူ့အဖြစ်မှာ တစ်ဦးနဲ့တစ်ဦး ကံချင်းမတူသလို ဉာဏ်ချင်းလည်း မတူကြဘူး။ ဉာဏ်ချင်းတူ သော်ငြား ဝီရိယချင်းမတူဘူး။ ဝီရိယစိုက်ထုတ်ပုံခြင်း တူရင်တောင်မှ သမာဓိချင်း မတူပြန်ဘူး။ အဲသလို လူအမျိုးမျိုး နတ်အထွေထွေ မတူတာတွေက များတယ်။ အတိတ်ဘဝတွေ တစ်နေ့တစ်လျှားမှာ ဘယ်သူတွေက ဘယ်ကံတွေပြုခဲ့လို့ ဘယ်အကျိုး ဘယ်ဆုတောင်းတွေ ခံစားစံစားကြရ မယ်ဆိုတာကို ဘုရား၊ ရဟန္တာ၊ အရိယာများကလွဲရင် ဘယ်သူတွေက တင်ကြိုသိနိုင်မှာလဲ။ သိဖို့လည်း လွယ်တဲ့ကိစ္စတော့ မဟုတ်ဘူး။ အခုပြောပြမယ့် အဖြစ်က အဲဒီကံရဲ့ ဆန်းကြယ်ပုံကို ပြောပြမလို့ပါ။ ကံဆိုတဲ့ အရာဟာ လူ့ဘဝကို ကိုယ်စတင်ရောက် ရှိကတည်းက ဘဝတစ်လျှောက်လုံး မွေးဖွားခြင်းနဲ့ သေဆုံးခြင်းအကြား ပြုလုပ်တွေး ကြံဆောင်ရွက်သမျှတွေဟာ ကံတွေပဲ။ ကိုယ့်တာဝန် ကိုယ်ယူရတဲ့ ကိစ္စပဲ။ ကောင်းတာလုပ်ရင် ကောင်းတာဖြစ်သလို မကောင်းတာလုပ်ရင်လည်း မကောင်းတာဘဲဖြစ်မယ်။ ဒါဟာ ကံရဲ့ တိကျမှု ပြတ်သားမှုပဲ။ ကံက အဂတိမလိုက်စားဘူး။ လာဘ်ပေး လာဘ်ယူမှုလည်း မပြုဘူး။ အဲသည့်ကံ့ အကြောင်းပြောပြမလို့ပါ။ စိတ်ကူးယဉ်ဝတ္ထုတော့ မဟုတ်ဘူး။ တကယ့်အဖြစ်အပျက်။

ခုနပြောခဲ့သလို အင်းဘသင်းက ငါးရှာဖားရှာနဲ့ ကြီးပြင်း လာခဲ့ရတယ်ဆိုပေမယ့် သူ့ရဲ့ ရှေးအတိတ်ကုသိုလ်အရှိန်ကလေးက



www.burmeseclassic.com

www.burmeseclassic.com



တော့ အထောက်အပံ့ကောင်းတယ်ဆိုရမယ်။ အရွယ်ရောက်တော့ အမှတ်မထင် အိမ်ထောင်ကျတော့၊ အင်းလေလံလုပ်ငန်းလေးလေးတွေ လုပ်ကိုင်တဲ့ အင်းသူဌေးသမီးတစ်ယောက်နဲ့ ညားတာ။ နာမည်က မမြရီတဲ့။ ပြောရရင် အင်းဘကင်းက တံငါဆိုပေမယ့် ရုပ်ရည်က တံငါရုပ်မပေါက်ပါဘူး။ အသားညိုညို လူဖြောင့်တစ်ယောက်ပါ။ မမြရီကလည်း ရွာမှာ အချောအလှစာရင်းဝင်ပါ။ တိုတိုပြောရရင် ဘကင်း အင်းသူဌေးသားမက်ဖြစ်ဖို့ ကံပါလာတယ်ဆိုပါတော့။ နေ့ချင်း ညချင်း ချောင်းမြောင်းကြိုကြား ငါးရှာဖားရှာ ပေစုတ်စုတ်ဘဝကနေ နာရီနဲ့၊ လက်စွပ်နဲ့၊ ထန်းရည်ကလေး တမြမြဖြစ်သွားတာပေါ့။ ဒါပေမဲ့ ဘကင်းက ယောက္ခမအလိုကျအောင်တော့ အလုပ်ကို ကြိုးစားပမ်းစား လုပ်တယ်၊ အလုပ်လုပ်ရင်လည်း မခိုဘူး၊ မကပ်ဘူး။ အရက်ပုလင်း၊ ထန်းရေပုလင်း ဘေးမှာထောင်ပြီး ဖားစီးငါးစီးလုပ်တတ်တယ်။ အင်းလုပ်ငန်းကလည်း ဘကင်း ဦးစီးဦးဆောင်လုပ်မှ ပိုပြီးအောင်မြင်လာတယ်။ အမြတ်အစွန်းတွေ ပိုရလာတယ်။ အင်းသူဌေးကလည်း ဘကင်းကို လိုတရမြှောက်စားတာပေါ့။ အိမ်ထောင်ကျပြီး သုံးလေးနှစ် မကြာခင် ဘကင်းတို့မှာ သားသမီးနှစ်ဦးထွန်းကားလာသလို ငွေကြေးဥစ္စာဆိုလည်း အလျှံပယ်ကြီးပွားလာပါရဲ့။ အင်းဖော်တဲ့ အင်းရာသီရောက်ရင် ဘကင်းရဲ့ အင်းက ငါးအထိဆုံး။ ငါးအရဆုံးအင်းပဲ။ ဘကင်းတို့ လက်ဖျားငွေသီးနေတာပေါ့။ ကန်တွေလည်း တစ်ကန်ပြီး တစ်ကန်ဝယ်တယ်။ မမြရီကလည်း အစကတည်းက အင်းလုပ်ငန်း သိပ်စိတ်မဝင်စားသလို ယောက္ခမကြီးကလည်း အသက်အရွယ်ရလာတော့ အင်းလုပ်ငန်းကို ဘကင်းကိုပဲ လွှဲထားတော့တာပေါ့။ ဘကင်း





လက်၊ ဘကင်းခြေပဲ။ ဘကင်းက အကုသိုလ်အလုပ်နဲ့ အကျိုးပေးတယ်လို့ ဆိုရမယ်။ ဘုရားမကြိုက် လူနတ် မနှစ်မြို့တဲ့ လုပ်ငန်းပဲမို့လား။ ခုနက ပြောခဲ့သလို ဘကင်းက ဩကာသတောင် အမြီးအမောက် တည့်အောင်မရတဲ့သူဆိုတော့ ဒါတွေ ဘာနားလည်မှာလဲ။ သူ့မျက်လုံးထဲမှာ စားစားသွားသွား၊ နားနားနေနေ အင်းထဲကငါးတွေက ပိုက်ဆံတွေပဲ၊ မမြရီကတော့ တစ်ခါတစ်ရံ...

"ကိုဘကင်း ရှင့်မလဲ အင်းထဲမှာချည်း ငါးသတ်ဖားသတ်နဲ့ အချိန်ကုန်၊ အပေါင်းအသင်းတွေနဲ့လည်း အရည်လေးကတမြမြ၊ ဒီအလုပ်တွေကို အဖေလုပ်နေတည်းက ကျုပ်ကသဘောကျတာမဟုတ်ဘူး။ ရွာပြန်နိုပြီး ကျောင်းကန်မှာ ဥပုသ်သီတင်းလေး ဘာလေး စောင့်ဖို့လည်း စဉ်းစားဦး၊ ရှင် ရှာဖွေနေတာတွေက သေရင် ရှင့်နောက် ဘာမှ ပါမှာမဟုတ်ဘူး။ အကုသိုလ်တွေပဲ ပါသွားမှာ၊ ပြီးတော့ ရှင်က အရက်နဲ့မြည်းဖို့ အင်းထဲမှာ ငါးအရှင်လတ်လတ်တောင် မီးကင်စား တာဆို၊ ကြည့်လုပ်ဦး"

"ဟာ... သတ္တဝါဆိုတာ လူ့ချွတ်မှ ကျွတ်ရတာကွ၊ ငါးမွေးတာ လူစားဖို့ပဲ။ မီးပဲကင်ကင် ဖုတ်ပဲ ဖုတ်ဖုတ်ပေါ့ကွာ၊ ငါရှာဖွေနေသမျှ မင်းတို့အတွက်ပဲမို့လား။ စီးပွားမတက်လို့လားပြော၊ အင်းသမား ငါးဖမ်းတာ အကုသိုလ်ဆိုရင် မြစ်နား၊ ချောင်းနားနေပြီး ငါးရှာဖားရှာလုပ်တဲ့သူတွေတိုင်း ငရဲလားရမလိုဖြစ်နေပြီ။ ဒါတွေလာမပြောစမ်းနဲ့ကွာ၊ ငါက ငွေကို ငွေလို့ပဲမြင်တယ်..."

ဘကင်းရဲ့စကားက ရေပိုက်စပါး အမြတ်ပဲ။ မမြရီပြောသလို ဘကင်းဟာ ရဲဖန်အင်းထဲမှာ အရက်ဝိုင်းဖွဲ့ရင်တောင် ပိုက်ပေါ်ခုန်



www.burmeseclassic.com

www.burmeseclassic.com



တက်လာတဲ့ ငါးအရှင်လတ်လတ်ကို ဝါးတံစို့သီပြီး မီးကင်ပြီးမြည်းတတ်တာ။ သူတို့ ရေလုပ်ငန်း၊ အင်းလုပ်ငန်းတွေနဲ့ ပတ်သက်ရင် အစဉ်အဆက်တစ်ပွဲစားပသ,ရတာတွေ ထမင်းအုပ်ပေါင်း အရက်၊ ကြက် တင်မြှောက်ရတာတွေ ရှိတယ်။ မိရိုးဖလာယုံကြည်မှုပေါ့။ တစ်ပွဲစား ဆိုတာ သူတို့နယ် သူတို့အင်းဒေသကို ပိုင်ဆိုင်တဲ့ စောင့်ရှောက်တဲ့ အဘိုးကို တင်မြှောက်ပသတာပါ။ တစ်ပွဲစားတွေက လူ့ဘဝတုန်းက ဘယ်အင်းမှာ ငါးဘယ်လောက် အချိန်ဘယ်နှစ်သော၊ ငါးထိမယ် မိမယ်ဆိုတာကအစ ငါးမျိုးစိတ်တွေအကြောင်း၊ ဥတုရာသီသဘာဝ အကြောင်း ကျွမ်းကျင်နှံ့စပ်တဲ့ တံငါဘိုးအကြီးတွေ သေလွန်တဲ့အခါ တစ်ပွဲစားဖြစ်ကြတာများတယ်လို့ အဆိုရှိကြတယ်။ ဘယ့်အင်း ဘယ်ကန် ဘယ်ချောင်း ဘယ်မြောင်းမှာ ငါးရှိတယ် မရှိတယ်ကစလို့ တပ်အပ်ပြောနိုင်တယ်။ ပြောရရင် ငါးခပါယ်ရှယ်လစ်တွေပေါ့။ ဒါပေ မယ့် ဘကင်းကလည်း ငယ်ငယ်ထဲက ချောင်းကြိုမြောင်းကြား တံငါ ပါးဝ လာတဲ့သူဆိုတော့ တစ်ပွဲစားတွေ နှစ်ပွဲစားတွေ မလိုဘူး။ သူ့အင်းတွေမှာ တင်မြှောက်တာ ပသ,တာတွေလည်း မရှိဘူး။ ငါးကန် လည်း သူဖော်ချင်တဲ့အချိန်ဖော်တာပဲ၊ ငါးရတာပဲ။ ဒါပေမယ့် ဘဝတူ အင်းသမား တံငါအများစုကတော့ ဘကင်းကို ကွယ်ရာမှာ...

"ဘကင်းကို သွားမလုပ်နဲ့၊ ဒီကောင်က တစ်ပွဲစားကနေလူ ပြန်ဝင်စားတာကွ။ သူ့အမေက တစ်ခါကပြောဖူးတယ်။ ဘကင်းကို မမွေးခင် ဒီနယ်က တစ်ပွဲစားဘကွန်းကြီးက အိပ်မက်နဲ့ သူလာပါရစေလို့ ပြောသတဲ့။ ခုလည်း သူများတွေပသ,မဖျက်တဲ့ ကွင်းပွဲ၊ အင်းပွဲတို့ ဒီကောင်ကဘာမှ မတင်မြှောက်တဲ့ သူ့အင်းတွေ ငါးမအောင်





ဘာရှိလဲ။ အဲဒါတစ်ပွဲစား ဖြစ်မှန်းမသိဖြစ်နေတာပေါ့"

စသဖြင့် ပြောကြဆိုကြရဲ့။ ဘကင်းကတော့ ဒီစကားတွေ ဂရုမစိုက်ပါဘူး။ အချိန်ပြည့် အင်းထဲမှာနေ အင်းထဲမှာပဲ စားတော့ တယ်။ ရွာကိုလည်း ပြန်ချင်မှ ပြန်တော့တယ်။ တစ်သက်လုံး အင်း အလုပ်လုပ်လာလို့ သားတွေ သမီးတွေပဲ အရွယ်ရောက်ကြပြီ။ အင်း ဘကင်းလည်း ခုအသက် ၅၀ ကျော် ၆၀ ဝန်းကျင်ရှိနေပြီ။ ဒါပေမယ့် အသောက်မပျက် ငါးအစိမ်းကင်စားမပျက်ဘဲ။ နှစ်ခါလေဖြန်းပေမယ့် ငွေကုန်ကြေးကျခံကုလို့ အသက်တော့မသေဘူး။ ဆိုရရင် ပေတုန်း တေတုန်းပဲ။ ခုသက်ရွယ်အထိလည်း ဥပုသ်တစ်ကြိမ်မှမစောင့်ဖူးဘူး။ ဘုရားမရှိခိုးဖူးဘူး။ သီလမခံယူဖူးဘူး။ ချမ်းသာတာမှ အနီးဝန်းကျင် ရွာတွေမှာ သူဌေးအင်းဘကင်းလို့ နာမည်ကြီးပဲ။ နှမြောတွန့်တိုတဲ့၊ စေးနည်းတဲ့ နေရာမှာလည်း ကိုယ့်အင်းသား ငါးစားရင်တောင် မသဒ္ဒါ ဘူး။ အဲသလောက်ထိ။ ရွာကျောင်းဆရာတော်နဲ့ ရွာထဲက ဆွေမျိုး သားချင်း သက်ကြီးရွယ်အိုတွေက ဘာသာရေးလုပ်ဖို့ ပြောရင်တောင် ခါးခါးသီးသီးပဲ။ အကုသိုလ်ကံမှ အကျိုးပေးချိန်မတန်သေးဘဲကိုး။ အဲ... အကျိုးပေးသန့်တဲ့နေ့ကိုလည်း ရောက်ရောဘကင်းရဲ့ အဖြစ်က တစ်ရပ်တစ်ရွာလုံး၊ တစ်နယ်လုံး၊ တအံ့တဩနဲ့ စုပ်တသပ်သပ်ဖြစ် လို့ရယ်၊ ဘကင်းအဖြစ်ကို ဘယ်သူမှလည်း မကယ်နိုင်ကြဘူး။ ကယ် လို့လည်း ရမှမရတဲ့ ဥစ္စာကိုး။

အဲသည့်နေ့က ရွာကတန်ခိုးကြီးဘုရားပွဲကျင်းပတယ်။ ဘကင်း လည်း မယားနဲ့သားသမီးတွေနဲ့ ဘုရားပွဲသွားတယ်။ နှစ်တိုင်းသွားနေ ကြပါ။ ဘကင်းကတော့ ဘုရားဖူးဖို့မဟုတ်ဘူး။ ဘာရယ်မဟုတ်



www.burmeseclassic.com


www.burmeseclassic.com



ပွဲဈေးလမ်းလျှောက်တာပါ။ အဲသည်မှာ ထူးခြားတာက ဘကင်းဘုရား ရှေ့ ရောက်နေတာတောင် ဘုရားကို သူမတွေ့ရဘူး။ လူတွေကိုပဲ မြင်နေတယ်။ ရွှေစေတီကျောင်းက ရှာဦးဆရာတော်ကိုလည်း သူမမြင် ဘဲ ပလ္လင်ကြီးပဲမြင်နေရတယ်။ အင်းဘကင်းရဲ့မယား ဒေါ်မြရိုက်တော့ ငိုကြီးချက်မပေါ့။ သားတွေ၊ သမီးတွေ၊ ဆွေတွေမျိုးတွေက အိမ်မြန် ရောက်တဲ့အခါ ရုပ်ပွားဆင်းတုတော်တွေ ပုံသဏ္ဌာန်အမျိုးမျိုးကို ဘကင်း ရှေ့ချပြလည်း ဆန်းကြယ်တာက ဘကင်းလုံးဝမဖူးရ မတွေ့ မမြင်ရတာပဲ။ မျက်စိကွယ်သွားတာလားဆိုတော့လည်း မဟုတ် ဘူး။ ဇနီးမယား သမီးသားကအစ ကျန်တဲ့အရာတွေ အကုန်လုံး မြင်တွေ့ နေရရဲ့။ အင်းဘကင်းမမြင်တာက ဘုရားစေတီရုပ်ပွားဆင်းတုတော် တွေရယ်၊ အိမ်ကို ဆွမ်းခံကြွတဲ့ ရဟန်းသံဃာတွေရယ်ပဲ။ အင်း ဘကင်းအကြောင်း သိကြသူအားလုံးက မကြုံဘူးတဲ့ အဖြစ်မို့ တုန်လှုပ် ချောက်ချားပြီး စုပ်တသပ်သပ်နဲ့ပေါ့။

အင်းဘကင်းကတော့ ဘာကိုတွေးနေလည်း မသိဘူး။ မျက် ရည်တွေက ပိုးပိုးပေါက်ပေါက် စီးကျလို့။ အဲသည့်နေ့ကစပြီး သူသေ ဆုံးတဲ့ တစ်နှစ်တိတိပြည့်တဲ့ထိ၊ သူပိုင်တဲ့ အင်းတွေဘက် ခြေဦးမကျူး ခဲ့ပါဘူး။ ထူးခြားဆန်းကြယ်တာက အင်းဘကင်းသေတော့ ပုပ်စပ်နံ လှောင်နေတဲ့ ငါးညှီပုပ်နံ့က တထောင်းထောင်းနဲ့ရယ်တဲ့။ ကဲ...၊ အဲဒီအဖြစ် အဲဒီအကြောင်းကို ခင်ဗျားတို့ ဘယ်လိုခေါင်းစဉ်ပေးကြ မလဲ။ အဲဒါ တကယ့်အဖြစ်အပျက်။





ဒီဇိုင်း - ယမုံနီး

# ကြောင်လှဆောင်

သူ့ကို ရပ်ကွက်ထဲက လူတွေကရော ခင်မင်ရင်းနှီးကြသူ သူတွေကရော ကွယ်ရာရော ရှေ့တင်ပါ ကြောင်လှဆောင်လို့ အမှတ် သညာပြုကြတယ်။ ခေါ်ကြတယ်။ အမှန်က နာမည်အရင်း သန်းခေါင် စာရင်းနဲ့ မွေးစာရင်းထဲမှာပါတဲ့ နာမည်က လှဆောင်ပါ။ ဒါပေမဲ့ သူ့ရဲ့ဘဝ သူ့ရဲ့အတ္ထုပ္ပတ္တိဖြစ်စဉ်တွေ ဂမ္ဘီရဆန်အကြောင်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက် ဓမ္မာရုံတို့ ဆွမ်းလောင်းမဏ္ဍပ်တို့ လူသူထူထပ်တဲ့ လက်ဖက်ရည်ဆိုင်၊ ဆိုက်ကားဂိတ်ကအစ စကားစပ်မိရင် သူ့ကို ကြောင်လှဆောင်ရယ်လို့ ဝိသေသထူးနဲ့ စပြီး ခေါ်ဝေါ်လာခဲ့ကြတာ သူလူပျို ပေါက်အရွယ်ထဲကလို့ ဆိုတယ်။

အဲဒီကြောင်ဆိုတဲ့ ရှေ့က ဝိသေသထူးကလည်း အခြားတော့ မဟုတ်ဘူး။ သူတို့ရပ်ကွက်ထဲမှာ လှဆောင်နှစ်ဦးရှိတယ်။ ဟိုဘက်လမ်း ဒီဘက်လမ်းတင်နေကြတာ။ ကြောင် ဆိုတဲ့စကားက ဒီနေ့ လက်ရှိလူငယ်တွေ လက်စွဲပြုသုံးနှုန်းနေကြတဲ့ မျက်မှန်ကြီးထူထူထဲထဲ တပ်ထားရလို့ မှန်ကြောင်တို့၊ လမ်းမှာတွေ့သမျှ အချောအလှ အလန်း ဓယားလေးတွေကို ခါးပေါ်ရင်ပေါ်စကပ်တိုတို၊ ဘောင်းဘီကျပ် တည်းတည်းလေးတွေနဲ့ ဟိုဖော်ဒီဖော် ဖော်သမျှ၊ ပေါ်သမျှ မျက်လုံး ကျွတ်ကျမတတ် လည်ပင်းအောက်က သွားရည်ခံဆွဲထားရမတတ် ရမ္မက်ထူပြောသူတွေကို ရှေ့ကတပ်တဲ့ ဖွန်ကြောင်၊ ဓယားကြောင်၊ အလန်းကြောင်ဆိုတဲ့ ကြောင်တော့ မဟုတ်ဘူး။ သူ့နာမည်ရှေ့က ကြောင်က တိရစ္ဆာန်ကြောင်။

ဘာဖြစ်လို့လဲဆိုတော့ ရပ်ကွက်ထဲက လှဆောင်ခြင်း ကွဲပြားခြားနားအောင်ရယ် သူက လူပျိုကြီးဖြစ်ပြီး အိမ်မှာ ကြောင်ဆယ့်လေးငါးကောင် မွေးထားသလို လမ်းထွက်ရင်လည်း သူ့အချစ်ဆုံးလို့ဆိုတဲ့ ရွှေဝါဆိုတဲ့ ကြောင်မလေးကို အမြဲတမ်း ပိုက်ပိုက်ရယ်မို့ တစ်ရပ် ကွက်လုံးက ကြောင်လှဆောင်ရယ်လို့ သညာပြုကြတာပဲ။ အမှန်တော့ ကိုလှဆောင်ရဲ့ အသက်က ငါးဆယ်ဝန်းကျင်ရှိနေပါပြီ။ ရပ်ကွက် အစွန်ချောင်းမကြီးရဲ့နံဘေး ကပ်လျက် သူကိုးကွယ်တဲ့





ဘုန်းကြီး ကျောင်းနောက်ဘက်နားမှာ သူ့ကိုယ်ပိုင် လေးပင်နှစ်ခန်း ပါးတဲကြီးနဲ့ နေတာပါ။ ဟိုတုန်းက လှဆောင်ရဲ့ မိခင်ကြီးပါ အတူနေပေမယ့် လွန်ခဲ့တဲ့ သုံးနှစ်က လူကြီးရောဂါနဲ့ ဆုံးပါးကွယ်လွန်သွားလို့တော့ လှဆောင် တစ်ယောက်တည်းရယ်။

ထူးခြားတာက လှဆောင်ရဲ့ မိခင်ကြီး ဒေါ်ခင်မြမသေဆုံးခင်ထဲက ကြောင်တွေကို ချစ်တဲ့ သံယောဇဉ်တွယ်တဲ့သူဆိုတော့ အိမ်မှာ လာနေတဲ့ ကြောင်မကြီးတစ်ကောင်ကို အရိုးကျွေး၊ အသားကျွေးလေး မွေးရင်းကျွေးရင်းနဲ့ လှဆောင်ပါ ကြောင်တွေနဲ့ ယဉ်ပါးပြီး ကြောင်ချစ်တဲ့သူဖြစ်သွားရတာပဲ။ လှဆောင်ရဲ့အမေ မသေခင်က မနက်အိပ်ရာက နိုးတာနဲ့၊ လူစားဖို့ထက် တအီအီ တညောင်ညောင်နဲ့ ခြေစုံကို ပွတ်လိုက် ခေါင်းတိုးလိုက် ငေးလိုက်နဲ့ အစာတောင်းတတ်တဲ့ ကြောင်တွေအတွက် ပုဇွန်ခြောက်မှုန့်နဲ့ နယ်ဖြူးထားတဲ့ထမင်းအရင် ပြင်ဆင်ရတယ်။ ပြီးမှ သားအမိနှစ်ယောက် စားဖို့ပြင်တယ်။ ဈေးများသွားရင်လည်း သူ့အတွက် အသီးရွက်လောက်ပဲ ဝယ်ပေမယ့် ရွှေဝါ၊ နတ်ကျား၊ ဖိုးတုတ်၊ မိညိုစတဲ့ ကြောင်သုံးလေးကောင်အတွက် ငါးခြောက်ငါးခြမ်းရိုးကအစ ကြက်ခေါင်း ကြက်အူကို အရင်ဦးစား ပေးပါတယ်။ လှဆောင်ရဲ့ အမေ ပြောပြောနေကျ စကားက

"ဟဲ့... လှဆောင်ရဲ့၊ သူတို့က ကိုယ်နဲ့ ပဋ္ဌာန်းဆက်ရှိလို့နီးလို့ ကိုယ်နဲ့အတူလာနေတာ။ လူက ဘာနဲ့စားစား အာဟာရပြည့်တယ်၊ စားတတ်တယ်။ သူတို့က အသား၊ ငါးလေး အရိုးအရင်းလေး ပါးမှ စားတတ်ကြတာ။ အစာအတွက် ဝန်တိုမစ္ဆရိယ မများစမ်းပါနဲ့။ သူတို့ကိုလည်း ငါကမွေးထားတော့ နင့်ညီ နင့်ညီမတွေ၊ ငါ့သားသမီး



www.burmeseclassic.com

www.burmeseclassic.com



တွေပဲပေါ့...''

''မဟုတ်ပါဘူးဗျာ၊ အမေဥစ္စာက လွန်ကိုလွန်တယ်။ ဒီကောင်တွေကပဲ စားဦးစားဖျား အသီအဆိမ့် အမြိတ်မ်းစားရပြီး အမေကိုယ်တိုင်က ကိုယ့်အတွက် အသားငါးလေးဘာလေး ချက်ပြုတ်မစားလို့ ပြောတာပါ။ ခုတော့ ဘုန်းကြီးတောင် ဆွမ်းလောင်းတော့ ပဲပြုတ်ကြော် သူတို့က ငါးကြော်နဲ့မသဒ္ဓါလို့ ပြောတာမဟုတ်ပါဘူး။ သိပ်ဦးစားမပေးဖို့ပါ။ သူတို့လည်း မရှိရှိတာစားတတ်ပါတယ် အမေရ။ ခုဟာက ကိုယ့်ဟင်းဖိုးထက် ကြောင်ဟင်းဖိုးက ပိုများနေတယ်၊ အမေ့ခန္ဓာကိုယ်လည်း ပြန်ကြည့်ဦး...''

''ငါ... ပြောပြီးပြီ၊ ငါမစားရရင် နေပါစေ။ သူတို့ကို အငတ်မထားနိုင်ဘူး။ သူတို့လည်း ငါ့သားသမီးတွေပဲ''

''ကျွန်တော်လည်း အမေ့သားသမီး မဟုတ်ဘူးလား''

နောက်ဆုံး... လူပျိုကြီးလှဆောင်တစ်ယောက် သူ့အမေဆီက ဖောင့်ခနဲပစ်လွှတ်လိုက်တဲ့ မျက်စောင်းဒဏ်ကိုပဲ ထုံးစံအတိုင်းရတယ်။ ပြောရရင် ကလေးသူငယ် သားသမီးမရှိတဲ့ အမေတစ်ခုသားတစ်ခုဘဝမှာ သူ့မိခင်ကြီးက ကြောင်လေးတွေကို သားလို သမီးလို သံယောဇဉ်တွယ် ချစ်ခင်ယုယတာကိုလည်း လှဆောင်အပြစ်မဆိုသာပါဘူး။ သူလည်း သူ့အမေသွေးပါတော့ ကြောင်ဆိုတဲ့ သတ္တဝါတွေကို ချစ်ပါတယ်။ လှဆောင်က သူတို့ရပ်ကွက်အစွန်က ကြို့းတံတားဆိုတဲ့ ဈေးတန်းလေးထိပ်၊ ကားဂိတ်လမ်းဆုံမှာ စာအုပ်အဟောင်းအမြင်းလေးတွေ ရောင်းချတဲ့သူပါ။ စာအုပ်အဟောင်းသည်ဆိုတော့ သိတဲ့အတိုင်းငွေက စိုမြေတဲ့နေ့ စိုမြေသလို တစ်ခါတစ်ရံဈေးဦးတောင်မပေါက်တဲ့





ဝယ်သူပါးတဲ့ နေ့မျိုးလည်းရှိရဲ့။ ဒါပေမဲ့ သားအမိနှစ်ယောက်တည်းဆိုတော့ ဖြစ်သလို ကြုံသလို စားသောက်လိုက်ကြတာပါပဲ။

ခုနပြောပြခဲ့သလို ကြောင်သတ္တဝါတွေရဲ့ စားရေးက အဓိကပေါ့လေ။ လှဆောင်က ရံဖန်ရံခါ ရပ်ကွက် ကြိုကြားကကုလားဘော်ဒယ်ဆိုင်တွေကို လှည့်လည်ပြီး အချိန်နဲ့ဝယ်ရမည့် စာအုပ်တွေကိုလိုက်လံရှာရတယ်။ ပြုပြင်စရာရှိတာ ပြုပြင်၊ အဖုံးကဒ်စက္ကူ ဖလင်ချုပ်လုပ်စရာရှိတာ ချုပ်လုပ်၊ မိတ္တူဆွဲစရာရှိတာကူးပေါ့လေ။ အိမ်ကိုနေ့လယ်နေ့ခင်း ပြန်ရောက်ရင်လည်း ကြောင်သေးစီတဲ့ အဝတ်ကအစ လျှော်ဖွတ်နေလှန်းရတာပေါ့။ မိခင်ကြီးကိုလည်း ချစ်တော့ကြောင်ကိုလည်း ချစ်ရတော့တာပေါ့။ ပြောမယ့်သာ ပြောရတာလှဆောင်ကလည်း လူပျိုကြီးပီပီ ကလေးတွေ၊ ခွေးတွေ၊ ကြောင်တွေကိုလည်း ချစ်တတ်တာပဲ။ အဲ... တစ်ခါတရံ အလုပ်များလို့ စိတ်မရှည်တာက လွဲရင်ပေါ့လေ။ အိမ်မှာ ရှိတဲ့ ကြောင်လေးငါးကောင်ထဲက ရွှေဝါဆိုတဲ့ကြောင်ကို လှဆောင်အချစ်ဆုံးပဲ။ သံယောဇဉ်အရှိဆုံးပဲ။ ရွှေဝါက လှဆောင်အသံကြားတာနဲ့ ဘယ်က ပြန်လာလာလှဆောင်ရဲ့ ခြေစုံကို မေးစေ့နဲ့ ကိုယ်လုံးလေးနဲ့ ပွတ်သပ်ပြီး ချွဲတော့နွဲ့တော့တာပဲ။ ပတ်ချွဲနှပ်ချွဲ တညောင်ညောင် အသံပြုတော့တာပဲ။ အဲဒီတော့ လှဆောင်ကလည်း ပါလာတဲ့အသားထုပ်ကလေး ရွှေဝါကိုချကျွေးရတော့တာပဲ။

အိမ်မှာရှိတဲ့ ကြောင်တွေထဲမှာ လိမ္မာတဲ့ ချွဲတတ်တဲ့ ရွှေဝါကိုတော့ လှဆောင်က သံယောဇဉ်ကြီးတယ်ဆိုရမယ်။ သူ့အမေဆုံးပါး



www.burmeseclassic.com

သွားတော့ ကြောင်တွေရဲ့ တာဝန်ဝတ္တရားက ကြောင်လှဆောင်ရဲ့ အလုပ်ဖြစ်လာတယ်။ တစ်ကိုယ်တည်းနေတဲ့သူအတွက်လည်း ကြောင်တွေက အပျင်းပြေစကားပြောဖော်၊ ဆော့ဖော်၊ ကစားဖော် ဖြစ်လာတာကိုး။ အဲသလို တစ်စတစ်စနဲ့ လှဆောင်အိမ်မှာ ကြောင်တွေ ဆယ့်လေးငါးကောင်ဖြစ်လာတယ်။ ဒါတောင် သူတို့တွေက တစ်နှစ်တစ်သားပဲ မွေးကြပေါက်ကြလို့။ လူတွေလို စကားမပြောတတ်ပေမယ့် သူတို့စားချင်တာ လိုတာမှန်သမျှ အမူအရာနဲ့ ချွဲနွဲ့ပြောပြတတ်တဲ့ နေရာမှာ ကြောင်ဆိုတဲ့ သတ္တဝါတွေက ထိပ်တန်းပဲလို့ ကြောင်လှဆောင် ထင်ပါရဲ့။

ရွှေဝါကတော့ ကြောင်လှဆောင်ရဲ့ အမေပြောခဲ့သလို ပဋ္ဌာန်းဆက်နီးတယ်ထင်ရတယ်။ ကြောင်လှဆောင်နဲ့ အတူအိပ် အတူစား အတူသွားလာတဲ့ အထိ။ အဲဒါကို ရပ်ကွက်ထဲက ကြောင်လှဆောင်နဲ့ပြောမနာဆိုမနာ ခင်မင်ရင်းနှီးတဲ့သူတွေက ကြောင်လှဆောင်ကို ကြောင်လင်လို့ ရင့်ရင့်သီးသီး စကြ၊ နောက်ကြတာတောင် ကြောင်လှဆောင်က အရယ်အပြုံးမပျက်ဘူး။ ရွှေဝါကို သူအရမ်းချစ်တာကိုး။ ရွှေဝါက ကြောင်မလည်းဖြစ်၊ အသွေးအမွေးကလည်း ရွှေဝါရောင် တောက်ကြွားရွှန်းစိုလို့၊ ဝလို့ဖြိုးလို့ ဆိုတော့ စနောက်ကြတာပေါ့။

နောက်ပြီး အချိန်ပြည့် ကြောင်လှဆောင်ရဲ့ ရင်ခွင်ထဲမှာပဲ တိုးဝှေ့နေလေ့ရှိတော့ လူတွေက ကြောင်လှဆောင်နဲ့ ပေးစားတာလည်း အဆန်းတကြယ် မဟုတ်တော့ဘူး။ ပြောပြီးပြီ။ ကြောင်လှဆောင်က လည်း ဘယ်သွားသွား ဘယ်လာလာ ရွှေဝါကို အရိပ်တကြည့်ကြည့် ပါဆို။ အဲသလောက် သံယောဇဉ်ကြီးတယ်ဆိုရမယ်။ မနက်ဘက်





ကြောင်လှဆောင်ရဲ့ အိမ်ကို ဆွမ်းခံကြွတဲ့ ဦးဇင်းကြီးကတော့ ကြောင်လှဆောင် ကြောင်တွေနဲ့ တရန်းရန်းတွေ့တိုင်း ဆုံးမသလိုနဲ့…

"ဒကာကြီးလည်း ဥပုသ်ရက်ကလေးများ ကျောင်းလာပြီး သီလလေးယူ၊ ဘာဝနာလေးလည်း အားထုတ်ဦး။ နေ့ရှိသရွေ့ ဒီကြောင်တွေနဲ့ပဲ အချိန်ကုန်ခံမနေနဲ့။ လူဆိုတာ ကွေးသောလက် မဆန့်မီ ဆန့်သောလက်မကွေးမီ လုပ်စရာရှိတာ လုပ်ထားမှ စိတ်ချရမယ်။ ဒါနနဲ့သီလ ဘာဝနာမပါရင် သေခါမှ သိသတဲ့။ နောက်ပြီး ဒကာကြီး အဟိတ်တိရစ္ဆာန်တွေအပေါ် ဒီလောက် ခင်တွယ် သံယောဇဉ် ကြီးနေရင် ဥပါဒါန်အစွဲက ကြာရင်ဖြုတ်ရမှာ မဟုတ်ဘူး။ သတ္တဝါဆိုတာ ကြင်နာသနားရမယ်ဆိုတာ ဘုန်းကြီးလည်း သိပါတယ်။ ဒါပေမဲ့ ဘယ်အရာမှ လိုအပ်တာထက် မပိုနဲ့။ ပိုရင်ငိုရမယ့် ကိန်းပဲ။ အစွဲဆိုတာ ဖြုတ်ရခက်တယ်။ ဘုရားရှင်လက်ထက်က သင်္ကန်းကိုစွဲမိလို့ သန်းကြီးမ,ဖြစ်ရတဲ့ ရဟန်းတစ်ပါးရဲ့ သာဓက ကြားဖူးရဲ့ မဟုတ်လား။ အဲဒါ အစွဲကြောင့်ပဲ။ သိပ်ကြောက်စရာ ကောင်းတယ်"

"တပည့်တော်၊ ကျောင်းလာပြီး ဥပုသ်သီတင်းစောင့်ရင် သူတို့ကို ပြုစုမယ့်သူ ကျွေးမွေးမယ့်သူ မရှိဘူး ဘုရား။ ပြီးတော့ တပည့်တော် ဝိပဿနာ စာအုပ်တွေ အမြဲဖတ်ပါတယ် ဘုရား"

"တရားဆိုတာ ဖတ်တာမှတ်တာထက် ကျင့်မှ သိနိုင်ရနိုင်တာ ဒကာကြီးရဲ့။ များများကျင့်မှ မြန်မြန်အစွဲဖြုတ်နိုင်တာ လူတွေကို ဒေါ်းရဟတ်လို့ လည်စေတာ အဲဒီအစွဲတစ်ခုပဲ။ ကဲ… ဦးဇင်းကြွမယ်"

မိကျောင်းမင်းရေခင်းပြ ဘုန်းကြီးစာချပုဂ္ဂိုလ်အမြွက်၊ မမှာရုံ



www.burmeseclassic.com

www.burmeseclassic.com



တွေ လက်ဖက်ရည်ဆိုင်တွေမှာ စကားကြီး စကားကျယ်ပြောတတ်တဲ့ ကြောင်လှဆောင်အကြောင်း နှစ်ပေါင်းများစွာထဲက သိလာသူမို့ ဦးပဉ္စင်းက စကားစဖြတ်ပြီး ကြွသွားတယ်။ ကြောင်လှဆောင်ကတော့ သူ့ကြောင်မ ရွှေဝါကို တပိုက်ပိုက်နဲ့ ကျန်ခဲ့တယ်။ ရပ်ထဲရွာထဲက လူတွေကလည်း ကြောင်လှဆောင်တစ်ယောက် ဘယ်ကိုသွားသွား ဘာလုပ်လုပ် ကြောင်တွေအပေါ်ဒီလောက် အစွဲအလမ်းကြီးနေရင် မတော်တဆ ဖွ ပြောမကောင်း၊ ဆိုမကောင်း ဖြတ်ခနဲသေသွားရင်တောင် ကြောင်ပဲဖြစ်မှာလို့ မကြားတကြား ရယ်ကာမောကာ ပြောဆိုကြတယ်။

စကားနောက် တရားပါ ဆိုတဲ့အတိုင်း အဲဒါနိမိတ်စကားပဲ။ အဲသလို ခင်မင်ရင်းနှီး သူတွေက စကြ၊ နောက်ပြောင်ကြလို့မှ မဆုံးခင် တစ်မနက်မှာ ညက ကြောင်လှဆောင် သူ့မှာရှိနေတဲ့ ရင်ကျပ်ပန်းနာ ရောဂါဖောက်ပြီး သေပြီလို့ကြားတယ်။ ကြောင်လှဆောင်မှာ ဆွေမျိုးရယ်လို့ ကြောင်တွေပဲရှိတော့ ကြောင်တွေကလည်း အသုဘ ကိစ္စတွေ ရက်လည်တွေ မလုပ်တတ်တော့ အိမ်နားနီးချင်းတဲစုတွေနဲ့ ရပ်ကွက်ကပဲ ကြောင်လှဆောင်ရဲ့ ဈာပနကို ဝိုင်းလုပ်ကြရတယ်။ တချို့ကလည်း ကြောင်လှဆောင်မရှိတော့ သူမွေးထားတဲ့ကြောင်တွေကို ဘယ်သူအစာကျွေးမလဲ။ ပြုစုမလဲပေါ့။ တချို့ကလည်း ဘုန်းကြီးကျောင်း အကုန်ပို့မယ်ပေါ့။ ကြောင်မွေးချင်တဲ့ အိမ်တွေကလည်း မွေးချင်တဲ့ လိုချင်တဲ့သူ ယူပေါ့။ ခက်တာက ကြောင်လှဆောင်ရဲ့ အသုဘကို မဆောင်ရွက်ခင် သူ့တဲတစ်ခုလုံး စာအုပ်ပုံ၊ အဝတ်ပုံတွေ





ကြား နှာခေါင်းမခံသာအောင် နံစော်နေတဲ့ ကြောင်သေး၊ ကြောင်ချေး နံ့တွေနဲ့ အဝတ်စုတ်တွေ စားကြွင်းစားကျန်တွေကို နှစ်ရက်သုံးရက် တိတိ ဆပ်ပြာမှုန့် တစ်ဒါဇင်လောက် ကုန်တာတောင် အနံ့အသက်လုံးဝ မပျောက်ဘူး။ အသုဘလာကြတဲ့သူတွေလည်း ကြောင်နံ့တွေ မခံနိုင်ကြလို့ ကြာကြာမနေကြပါဘူး။


ကြောင်လှဆောင် အသုဘချတဲ့နေ့မှာပဲ သူ့တဲကရှိသမျှကြောင်တွေ တစ်ကောင်တစ်မြီးမကျန်အောင် ပျောက်ချင်းမလှပျောက်သွားခဲ့တာပဲ။ တိုးတိုးတိတ်တိတ် သတင်းကတော့ အသုဘ လာကူ လုပ်ကိုင်ပေးတဲ့ ရပ်ကွက်ထဲက အရက်သမားညီအနောင် ငပိန်တို့ လက်ချက်ပဲ မိသွားသလိုလို ဘုန်းကြီးကျောင်းတစ်ကျောင်းကျောင်းပဲ ပို့လိုက်သလိုလို ကြားရတယ်။ ဒါက အကြောင်းမဟုတ်ဘူး။ မထူးဆန်းဘူး။

အဲ... ထူးဆန်းတာက အသုဘရက်လည်ပြီးလို့ ဘယ်သူမှမနေလို့ ဝါးတုတ်ကန့်လန့်ဖြတ် ပိတ်ထားတဲ့ ကြောင်လှဆောင်ရဲ့ တဲကြီးဘက်က ညတိုင်းကြောင်အော်သံတွေ ဆူညံစွာ ကြားနေရတာရယ်။ တချို့က ကြောင်ကြီးရွှေဝါရဲ့ဘေးမှာ ကြီးမားတဲ့ အနက်ရောင်ကြောင်ကြီးတစ်ကောင်ကို အပ်ကျ မတ်ကျ ဒိဋ္ဌမျက်မြင်ရတယ် ပြောနေကြတာပဲ။ ယုံရခက်ခက် မယုံရခက်ပေါ့။ ကြုံဖူးသူတွေလည်း ကြုံဖူးတယ် ဆိုကြရဲ့။ ဒါပေမယ့် ကြောင်လှဆောင်ရဲ့ တဲကြီးက ညဘက် ကြောင်သံရဲ့ခြောက်တယ်လို့ ဒီနေ့ထိ ပြောနေကြတုန်းပဲ။ လူတွေလည်း ယုံနေကြတုန်းပဲ။



www.burmeseclassic.com

www.burmeseclassic.com






သူ့ကို အပေါင်းအသင်းတွေနဲ့ သူရဲ့တွဲဖော်တွဲဖက်တွေက နာမည် မသိကြဘူး။ အတိုကောက် မြွေအုံးဖေပဲ။ အမှန်တော့ သူ့နာမည်က မြွေအုံးဖေလို့ သညာပြုရလောက်အောင်လည်း တကယ်ပဲ မြွေတစ်ကောင်လို့ ရှည်လျားတဲ့နာမည်ပါ။ နာမည်ရင်းက စိန်မိုက်ကယ် ကျောင်းထွက်ပီပီ ပီတာဇူးဇက်အုံးဖေတဲ့။ ရှေးက အင်္ဂလိပ်သာသနာပြု ကျောင်းမှာလည်း ကျင်လည်ခဲ့တယ်လို့ ပြောကြတယ်။ သူ ဆယ်တန်းထိ တက်ခဲ့တာကတော့ စိန်မိုက်ကယ်ကျောင်းမှာတဲ့။ အသက်က ခုနစ်ဆယ်ကျော်နေပါပြီ။ ဒါပေမဲ့ ဘယ်အချိန်ကြည့်ကြည့် အသက် လေးဆယ်ဝန်းကျင်ပဲ။

လူရှယ်လူ့လတ်စတိုင်လ်နဲ့ ရက်ပ်ပါတွေ တံဆိပ်တွေပါတဲ့ အင်္ကျီနဲ့၊ အောက်က ကွာတားပင်နဲ့နဲ့၊ ခါးမှာက စီဒီအမ်အေ ဖုန်းချိတ်လို့ တကယ့် အလန်းဇယားမှ အလန်းဇယားရယ်။ သူ့အတွက် လူ့တကာတွေ လေးလံ ပင်ပန်းလွန်းတဲ့ဘဝကြီးဆိုတာ သူ့ခါးမှာ ချိတ်ထားတဲ့ ဖုန်း လောက်မလေးဘူး ထင်ထားတာ။ အဲဒီလို မလေးရအောင်လည်း သားက နိုင်ငံခြားသင်္ဘောလိုင်းက သင်္ဘောသား။ သမီးနှစ်ယောက်က အိမ်ထောင်ကျတော့ တစ်ယောက်က ကုမ္ပဏီပိုင်ရှင်နဲ့။ တစ်ယောက်က အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်းကြီး လုပ်တဲ့ပုဂ္ဂိုလ်နဲ့။ သားသမီးတွေက ရန်ကုန်မြို့လယ်မှာ အဆင့်မြင့်တိုက်ခန်းနဲ့ တန်ဖိုးမြင့်ခြံနဲ့ ဝင်းနဲ့ ပြည့်စုံတယ်။ လူနေမှုအဆင့်အတန်းမြင့်တယ်။

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



သူ့အတွက် ရိက္ခာထောက်တွေဆိုလည်း မမှားဘူး။ အမှန်ဆိုရင် မြွေအုံးဖေရဲ့ အသက်ရှင်နေထိုင်မှုက အငြိမ်ဇယားလို့ ပြောလို့လည်း ရတယ်။ တကယ်လည်း အငြိမ်ဇယားပဲ။ ဒီရန်ကုန်မြို့ အစွန်အဖျား မှာရှိတဲ့ မြို့သစ်မှာ ခြံနဲ့ ဝင်းနဲ့ တိုက်နဲ့ ဓိမ်ခံပစ္စည်းတွေနဲ့ တစ်ကိုယ် တည်း လိုတာရ၊ နေထိုင်ခွင့်ရနေတာကိုမှ အငြိမ်ဇယားလို့ မသတ်မှတ် ရင် ဘယ်လိုလူက ကံထူးဦးမှာလည်း။ မြွေအုံးဖေက အလုပ်ရှယ်လို့ တော့ ဘာမှ မယ်မယ်ရရ မလုပ်ပါဘူး။ သူ့စကားအရဆို အိမ်၊ ခြံ၊ မြေလည်း ကြုံရင်ကြုံသလို ပွဲစားလုပ်တယ်။ လီဗာပူးနဲ့ မန်ယူလည်း ဆော်ချင်ဆော်ထည့်လိုက်တာပဲ။ ရုံဖန် ကျောက်မြောင်းက ကားပွဲစား တန်းထဲ ရောက်ချင်ရောက်နေမြန်ရော။ သူ့အသက်အရွယ်အရ လေးစား ဂါရဝနဲ့ ဦးအုန်းဖေ၊ အဘအုံးဖေလို့ ခေါ်ကြရမည့်အစား ရပ်ကွက်ထဲ က ရွယ်တူလူကြီးတွေကလည်း မြွေအုံးဖေ၊ လူငယ်တွေကလည်း ကွယ်ရာမှာ မြွေအုံးဖေကြီး ရယ်လို့ပဲ ခေါ်ကြသုံးနှုန်းကြတယ်။ သူက လည်း အဲဒါကို စိတ်ဆိုးပုံမပေါ်ပါဘူး။ ခုနကပြောပြီးပြီ။ သူက သူ့ကိုယ်သူ ဒီနေ့ခေတ်လူငယ် အော်တာသမားတစ်ယောက်လို။ ရက်ပ်ပါတစ်ယောက်လို အမြဲလန်းအောင်နေတာပါဆို။

ခေတ်ကလည်း အိုပါးတို့ မားမားတို့နဲ့ ဆိုဂျုံသောက်တာတွေ၊ ကလပ်သွားတာတွေ၊ ရေရှိရင် ရေရှိသလို လှိုင်ရင် လှိုင်သလို နံပါတ်စဉ် မမှတ်မိအောင် ကဲကြ ပြိုကြတဲ့ခေတ် မဟုတ်လား။ အငယ်လေးတွေ ကလည်း မြွေအုံးဖေတို့လို လူတွေကို အိတ်ကပ်ပဲကြည့်တာ။ အိတ်ကပ် ဖောင်းရင် အလျော်အစားလုပ်ဖို့ ဝန်မလေးဘူး။ မတွန့်တိုဘူး။ မနှမြော ဘူး။ ရောင်းရင်တောင် ဈေးကောင်းရမှ ရောင်းမယ်ဆိုတဲ့ခေတ်။





ကိုယ့်အဖိုးအရွယ်လောက်ဖြစ်နေပလေ့စေ။ ဆင်နိုင်ရင် ထားနိုင်ရင် နံပါတ်စဉ် ဘယ်လောက်ပဲ ရနိုင်နိုင် လက်မောင်းဟီးလေးခိုလိုက်ပြီး အပ်ပါး လုပ်လိုက်ဖို့ ဝန်မလေးဘူး။ ရပ်ကွက်ထဲ၊ လမ်းထဲမှာ ဘယ်သူ ဘာ ထင်ထင်၊ ဘာတံဆိပ် ဘာဇယားပဲကပ်ကပ်။ ကိုရီးယား စတိုင်လ် ထည် လဲဝတ်ရရင်၊ ဖုန်းချိတ်နိုင်ရင် ရပြီ။

အဲသလို ခေတ်ကြီးကိုက တန်ဖိုးမဲ့သွားတာ။ ယဉ်ကျေးမှု၊ အမျိုးဘာသာ မပြောနဲ့ လူတွေက ကိုယ့်ကိုယ်ကိုယ် ဘယ်လောက် တန်မှန်းတောင် မသိကြတော့ဘူး။ ယိုယွင်းပျက်စီးသွားတာ တန်ဖိုးမဲ့ သွားတာ။ အများစုတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ရာခိုင်နှုန်းအတော် များများ အဲသလို စိတ်ယဉ်ကျေးမှုတွေ အောက်တန်းကျသွားတာ။ ဒီနေ့ အိမ်ထောင်ပြုတဲ့သူလည်း မနက်ဖြန် ကွဲပြီး အပ်ပါးတွေနဲ့ လင့်ခရူဇာတွေ၊ ၁၂၅ တွေ၊ ဂျီအက်စ်အမ်တွေနဲ့ တွဲဖို့ဝန်မလေးဘူး။ ထပ်ကွဲဖို့လည်း ဝန်မလေးဘူး။ အဓိကက ရေပဲ။ ရေလျှံရင် ပြည်တန် တယ်တဲ့။ ဘာမှ ပဲ့သွားတာ ပွန်းသွားတာ၊ ရိပြဲစုတ်သွားတာမရှိ ပါဘူး တဲ့။ ပြောရဲတယ်။ လက်တွေ့လည်း အကောင်အထည် ဖော်ရဲ တယ်။ ဘာမှလည်း မမှုဘူး။ အဲဒါ သားသားတို့ အကြိုက်... မွန်း လိုက်ပဲ။ ကြော်ငြာထဲကလို မြွေအုံးဖေတို့လည်း လန်းနေတာပဲပေါ့ လေ။ လူငယ်တွေ၊ ရက်ပ်ပါလေးတွေ၊ အော်တာလေးတွေတောင် မြွေအုံးဖေကို အားကျတယ်။ အတုခိုးကြတယ်။

မြွေအုံးဖေက မိန်းမ မရှိတော့ပါဘူး။ သူ့ရဲ့ချစ်ဇနီးကြီးက လွန်ခဲ့ တဲ့ ဆယ်နှစ်လောက်က ဒေါင်းသွားပြီ။ လောကကြီးကို အလံစိမ်း ဆောင်ပြပြီး မရဏာရထားနဲ့ သုံးဆယ့်တစ်ဘုံခရီးထွက်သွားပြီ။ လူပြည်



www.burmeseclassic.com

www.burmeseclassic.com



ဘူတာမှာ လက်မှတ်နံပါတ် ၇၃-နဲ့ မြွေအိုးဖေပဲ ကျန်နေခဲ့တာ။ သူ့စီး ရမယ့်ရထားက မလာသေးဘူး။ ဒါပေမဲ့ မြွေအိုးဖေက ဒါတွေ စိတ်ဝင်စားတဲ့သူ စောင့်ကြည့်တဲ့သူ မဟုတ်ပါဘူး။ သူက အလမ္ဘာယ်ဆရာ ဆိုတဲ့ မြွေအိုးဖေဆိုတဲ့အတိုင်းပဲ။ မြွေဖမ်းဖို့ကိုပဲ စိတ်ဝင်စားတာ။ မြွေဖမ်းတဲ့တက္ကနစ်တွေ၊ နည်းပညာတွေကိုပဲ အချိန်ပြည့်လေ့ကျင့်နေတာ။ မြွေဖမ်းပြီး ဘယ်လိုချော့မြှူမယ်။ ဘယ်လိုကစားမယ်။ ပြီးရင် အဲဒီမြွေကို ကြက်သွန်ဖြူနဲ့ ဂျင်းနဲ့ကြော်ရင် ကောင်းမလား။ ရှမ်းနံ့နံပင်နဲ့ အုပ်ရင် ကောင်းမလား။ ပြုတ်ပြီး ခါးဆစ်ရိုးချွေပြီး ကြက်သွန်မွမွလေးနဲ့ကြော်ရင်ကောင်းမလား။ အဲဒါပဲစဉ်းစားနေတဲ့သူ။ တစ်ခါတစ်ရံ တရုတ်ပြည်ပို့ရင် ကောင်းမလားလည်း စဉ်းစားချင်စဉ်းစားမှာပေါ့လေ။ သူက ရေလျှံချင်တာကိုး။ သတင်းသိုးသိုးသဲ့သဲ့ကတော့ တစ်ခါတစ်ရံ မြွေအိုး ဖေက သူ့အလမ္ဘာယ်ပြဖို့ ဖမ်းထားတဲ့ မြွေတွေကို ဆော့ကစားလို့ဝရင် တစ်ဖက်နိုင်ငံက မြွေသားကြိုက်တဲ့ ပုဂ္ဂိုလ်တွေဆီတောင် ပို့တယ်ဆိုပဲ။ မြွေအိုးဖေက ရပ်ကွက်ထိပ် လက်ဖက်ရည်ဆိုင်မှာ တစ်ခါတစ်ရံ လူငယ်တွေကို ...

"မြွေတိုင်း အဆိပ်ရှိတာတော့ မဟုတ်ပါဘူးကွာ။ တချို့မြွေတွေက အဆိပ်မရှိဘဲ ရှိချင်ယောင်ဆောင်နေကြတာ။ ဥပမာ ရေမြွေနဲ့ မြွေဟောက်နဲ့စပ်ကျတဲ့ ကောင်မျိုးပေါ့။ ဟိုတ်ဟန့်တာတော့ ရှိချင်ရှိမယ်။ ဒါပေမယ့် အဆိပ်တော့မရှိပါဘူး။ ငါက မြွေမျိုးစုံကို ငယ်ငယ်တည်းကဖမ်းဖူးတယ်။ ကြောက်စရာ အကောင်းဆုံးက မြီးတိုပဲ။ ငွေးပဲ၊ သူ့ကို ဖမ်းချင်ရင် ပညာတတ်ရတယ်။ ကျွမ်းကျင်ရတယ်။ ငါ အညာမှာ အများကြီးဖမ်းခဲ့ဖူးတယ်။ မြွေသားက အသားတကာ့ အသားထဲ





မှာ ဘယ်အသားနဲ့မှ မတူတဲ့ အရသာမျိုး။ စားလို့ချိုတယ်ကွ။ မြွေသားစားဖူးသွားရင် တခြားအသားတွေ သိပ်မစားချင်တော့ဘူး။ အဟဲ"

"အန်ကယ်အိုးဖေပြောတာ ရိုးရိုးမြွေလား။ လမ်းဆုံက မြွေလေးတွေလား အဟဲ"

"ဟကောင် ငသန့်ရာ။ မြွေအလမ္ဘာယ်ဆရာ မြွေသားစားတာ ဘာဆန်းလို့လဲ။ ချိုပါတယ်ဆိုမှ။ ဒါပေမဲ့ ငါဖမ်းတဲ့ ကြိုက်တဲ့ မြွေမလေးတွေက ဈေးကြီးတယ်။ တန်ဖိုးမြင့်တယ်ဟ။ ဟိုတစ်ညကဆို တစ်ပုံးလောက်ထိသွားတယ်။ ရှစ်မိုင်လမ်းဆုံကမြွေမလေး ဟဲဟဲ"

"အန်ကယ်အိုးဖေနဲ့ လိုက်ပြီး တစ်ညလောက် မြွေလိုက်ဖမ်းဦးမယ်ဗျာ၊ ဟီးဟီး..."

"ရပ်ကွက်ထဲမှာလဲ ရှိပါတယ်ကွ။ ရေမြွေပေါက်စလေးတွေ။ မြွေပဒုတ်ပေါက်ကလေးတွေ အများကြီး"

"ဟာ... ဖမ်းမယ့်ဖမ်း အန်ကယ်အိုးဖေလိုပဲ မြွေအကောင်းစားဖမ်းမှာပေါ့ဗျ။ ရပ်ကွက်ထဲက မြွေတွေက စားရင်တောင် ရေမြောင်းစော်၊ ဗွက်စော်နံဦးမယ်"

"မြွေစာဖိုးက ဈေးကြီးတယ်ကွ"

မြွေအိုးဖေပြောတဲ့ မြွေစာဖိုးဆိုတာက ငွေစက္ကူကို ပြောတာပါ။ မြွေဖမ်းတယ်ဆိုတာက မြွေအိုးဖေပြောသလို ကျွမ်းကျင်ပါမှ ဘယ်ကာလပ်၊ ဘယ်ဇာတ်မှာ ဘယ်မြွေတွင်းရှိတယ်ဆိုတာလည်း နှံ့စပ်ကျွမ်းကျင်မှ။ ငါးရှဉ့်ဖမ်းသလို ရေမြောင်းထဲ မြုံးချထားရုံနဲ့မရဘူး။ အလမ္ဘာယ်ပညာကျွမ်းကျင်ရမယ်။ အရှောင်အတိမ်းတတ်ရမယ်။ ပိုင်ပြီဆို ဖက်ကို မလှုပ်နိုင်အောင် ငြိမ်သွားအောင် ဖမ်းနိုင်မှ။ နို့



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ရင် ခုနကပြောသလို မြွေဆိုတာ ဘယ်လိုမြွေအမျိုးအစားဖြစ်ဖြစ် အဆိပ်ရှိတာပဲမဟုတ်လား။ မြွေဆိပ်က တဖြည်းဖြည်း တအိအိနဲ့ တက်သလို ခေါင်းထဲက ကြယ်မြင်လမြင်ပြီး ချက်ချင်း တုံးခနဲ လဲကျ သွားနိုင်တဲ့အထိ အဆိပ်ပြင်းတဲ့ မြွေလည်း ရှိတယ်။

ဒါပေမယ့် မြွေအုံးဖေက သူ့ညာလက်ဖျံမှာ မြွေအရုပ်တစ်ရုပ် ငယ်စဉ်ကတည်းက ထိုးထားသလို မြွေဖမ်းပြီး မြွေတွေနဲ့ ဆော့ကစားလာတာပဲ ရင့်နေပြီ။ မြွေစပါယ်ရှယ်လစ်လို့တောင် ဆိုလို့ရတယ်။ မြွေအုံးဖေရဲ့ အသက်အရွယ်နဲ့ မလိုက်အောင် ကျန်းမာသန်စွမ်းမှုမှာမှ နေထိုင်မှု၊ မျက်လုံးစည်းကမ်း ပါးစပ် စည်းကမ်းမရှိမှု၊ ရပ်ထဲရွာထဲ မယ်ဆိုလည်း အအေးဆိုင် အခွေဆိုင်မှာ တမေ့တမော မြေးအရွယ် သမီးအရွယ်တွေနဲ့ ဖင်ပုတ်ခေါင်းပုတ် လုပ်တာတ်မှုတွေကြောင့် သက်တူ ရွယ်တူ လူကြီးပိုင်း၊ ဘုရားသွားကျောင်းတက်တွေက မြွေအုံးဖေကို တံတွေးထက်တောင် ရွံကြတယ်ပြောတာပဲ။

မြွေအုံးဖေကလည်း သူနဲ့သက်ရွယ်တူ ခုနစ်ဆယ်တန်းလောက် ဘယ်သူ့မှ မပေါင်းပါဘူး။ ခုနက ပြောသလို သူပြောပြတဲ့ သူ့အဘိုးမှာ၊ သူ့အကြိုက် သူ့စရိုက်တွေလက်ခံတဲ့ ရက်ပ်ပါလိုလို၊ အော်တာလိုလို၊ ဘောင်းဘီတိုတကားကား၊ ကွင်းတွေ ဆံပင်တွေ ထိုးထိုး ထောင်ထောင်တွေနဲ့ပဲ ပေါင်းတယ်။ ဟေးလားဝါးလား စားသောက်တယ်။ ရပ်ကွက်ထိပ်က စားသောက်ဆိုင်မှာ မြွေအုံးဖေအမြဲထိုင်တယ်။ သူ့အဆိုအရ ကျန်းမာရေးအရပေါ့။ ဒါကို ရပ်ကွက်ထဲကလူကြီးတချို့ က...

"သူ့အဘသဘာသူ မိုက်ဆံရှိရှိ ရာဇဝင်ရှိရှိ၊ လူမှာ ကိုယ်ကျင့်တရား





သိက္ခာက အဓိကပဲကွ။ အသက်ငယ်တယ်၊ ကြီးတယ်၊ ပညာတတ်တယ်၊ မတတ်တယ်မဟုတ်ဘူး။ ပညာမတတ်တဲ့သူ မိုက်ရင်နည်းနည်း၊ ပညာတတ်တဲ့သူ မိုက်ရင် အဝိစိတွင်းတူးပြီး ကမ်းကုန်အောင်မိုက်တာ။ အုံးဖေလိုကောင်ပေါ့။ ရွာနာတယ်၊ ရပ်ကွက်နာတယ်၊ လူ့ကျင့်ဝတ်၊ လူ့စည်းကမ်းဆိုတာ ဘာမှမရှိတဲ့ကောင်။ ဘာသာလည်း မရှိဘူး။ ဘုရားရော၊ တရားပါမသိတဲ့ကောင်ကွ။ ပညာတတ်ဆိုတဲ့ လူတန်းစားရဲ့ ဉာဉ်ကိုက လှည့်စားတယ်။ ကောက်ကျစ်တယ်။ ဉာဏ်နီဉာဏ်နက်ပရိယာယ်ပိုကြွယ်ဝတယ်။ ပညာတတ်တိုင်းတော့ မဟုတ်ပါဘူး။ အများစုက အဲဒီအတိုင်းပဲ။ ပညာတတ်တဲ့အတွက် တစ်ဖက်လူရဲ့အားနည်းချက်၊ ပျော့ကွက်ကို ပိုသိတယ်။ ပိုနင်းတတ်တယ်။ ခရိုနီလူတန်းစားနဲ့ မနရှင်တွေမှာလည်း အဲဒီစိတ်မျိုးရှိတယ်။ ဒါကြောင့်လည်း သားသမီးတွေက မချစ်သော်လည်း အောင့်ကာနမ်းဆိုသလို သားသမီးဆိုးတော့ မိဘခေါင်းတဲ့။ မိဘဆိုးတော့ ဘယ်သူ့ခေါင်းတည်ရမှန်း မသိဘူး။ သားတွေ သမီးတွေရဲ့ ဂုဏ်သိက္ခာမှ မထောက်။ နေချင်သလို နေ။ ဖြစ်ချင်သလိုဖြစ်နေတာ။ သားသမီးတွေက ရှက်လွန်းလို့ ဒီမြို့ သစ်လာပို့ထားတာ။ ဒါလည်း ရှက်ရကောင်းမှန်းမသိဘူး။ အုံးဖေလိုကောင်တွေ မြေကြီးပေါ်ရှိနေတာ မြေကြီးသက်သက်လေးရုံပဲ။ သူတစ်ပါး သမီးအရွယ်၊ မြေးအရွယ်တွေ အရှက်တကွဲ အကျိုးနည်း အရှက်ရသလို ဒီကောင်လည်း တစ်နေ့ ဒဏ်ပြန်သင့်မှာပဲ။ အကျိုးပေးချိန် ရောက်လာမှာပဲ။ ငွေကြေးရှိရင် လုံခြုံပြီလို့ ထင်နေကြတာ။ အလမ္မာယ်ဆရာ မြွေကြောင့် သေသလိုပေါ့ကွာ"

မြို့သစ်လေးရဲ့ ရပ်ကွက်ထဲက လူကြီးသူမတွေက မြွေအုံးဖေ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ရာမှာ ရွှံ့ရှာစက်ဆုပ်ဟန်နဲ့ အဲသလိုဆိုကြတယ်။ ခေတ်ကြီးက လည်း ပွင့်လင်းမြင်သာလာပြီဆိုတော့ ထင်တိုင်းကျဲလို့ရပြီထင်နေကြ တာကိုး။ ရုပ်ဝတ္ထုတွေ တောင်ကျရေလို ဒလဟောစီးဆင်းလာတော့ စိတ်အခြေခံယဉ်ကျေးမှုတွေလည်း အမြစ်မခိုင်ဘဲ ကမ်းပါးက ဝါးရုံ၊ သစ်ပင်ကြီးတွေလို၊ ရေစီးထဲ ဒလိမ့်ကောက်ကွေး အရှိန်နဲ့ မျောပါ သွားကြတာကိုး။ တောင်ကျရေကုန်တဲ့ ငြိမ်တဲ့နွေ၊ ဟိုကမ်းစပ် ဒီကျောက်စွန်းမှာ ကျိုးပဲ့ကြေမွ စုတ်ပြတ်ကျန်ရစ်ခဲ့ကြတာတွေလည်း အဲဒီအမြစ်မခိုင်တဲ့ သစ်ပင်တွေပဲ။ အပင်သေး အပင်မွှားလောက် ကတော့ မပြောတော့ဘူး။ စိစိညက်ညက် ဖွတ်ဖွတ်ကြေ ထောင်းလ မောင်းထ ပျက်စီးကျန်ခဲ့တာ။ ဒါမမွှတာပဲ။ ကိုယ့်တာ ကိုယ်လုံအောင် ကာရတဲ့ခေတ်။ ကိုယ့်စည်းရိုး ကိုယ်မကျိုးအောင် တွင်းနက်နက်တူး ရတဲ့ခေတ်။ အရုပ်ဆယ်မျက်နှာက ကောင်းတာရော မကောင်းတာရော ဒလဟောစီးဆင်းလာတဲ့ ခေတ်ကြီးကိုး။ ပြောပြီးပြီ။ ကိုယ့်ရဲ့ရုပ်ဝတ္ထု ဖွံ့ဖြိုးဖို့ သူများထက် မော်ဖို့ ဝတ်ဖို့ သုံးဖြုန်းဖို့ ဖအေအရွယ်၊ အဖိုး အရွယ်တောင် အမဲလိုက်သလို ရှာဖွေနေတဲ့ခေတ်။ အဲဒီ အိုနာကျိုးကန်း အရွယ်တွေကလည်း မြွေအုံးဖေတို့လို ဘယ်မြွေတွင်းစမ်းပြီး ဘယ်လို မြွေမင်းသမီးနဲ့ နှစ်ပါးသွားရမလဲဆိုတာ တွင်းတွေ လိုက်ရှာကြတဲ့ ခေတ်။ စိတ်ယဉ်ကျေးမှုတွေ အဆင့်အတန်းနိမ့် အောက်တန်းကျလာပုံ ပြောတာ။ ဗုဒ္ဓဘာသာဆိုရင်တောင် ရေစစ်နဲ့ စစ်သောက်ရမလို အရေခြုံ မသူတော်တွေ။ ဓိမ်ခံကားမျိုးစုံလို အံမည်ဖော်မရဘဲ ပေါများတဲ့ ခေတ်ကြီးရယ်။





အဲဒီမှာ တစ်ရက်… ရပ်ကွက်ထဲ ဘယ်သူမှ မထင်မှတ်ထားတဲ့ မြွေအလမ္ပာယ်ဆရာ မြွေအုံးဖေရဲ့ သတင်းက ခေါင်းကြီးပိုင်းမှာ ပါလာ တယ်။ ဘာသာရေးဂျာနယ်မှာ ဘုရားကျောင်းကန်ကို ငွေလှူတဲ့ သတင်းမဟုတ်ဘူး။ မှုခင်းဂျာနယ်မှာ ပါလာတာ။ မြွေအုံးဖေ ရပ်ကွက် ထဲက ပျောက်ချင်းမလှ ပျောက်သွားတာ။ နှစ်ရက်သုံးရက်ရှိပြီ။ ခါတိုင်းလည်း ပျောက်နေကျပဲ။ မြွေအလမ္ပာယ်ဆရာကိုး။ ခုဟာက တစ်ရပ်ကွက်လုံး အောနလုံးနာ ရွံ့ရှာစက်ဆုပ်ဖွယ်ကောင်းတဲ့ လမ်း ရပ်ကွက်နာမည်ပါ ပါလာတော့ လူကြီးတွေတင်မက လူငယ်၊ လူလတ် တွေကပါ ရပ်ကွက်သိက္ခာကျတယ်ဆိုပြီး ဓားတစ်ကြိမ်းကြိမ်း၊ တက် တခေါက်ခေါက်။ သတ်မယ်၊ ဖြတ်မယ်ချည်း။

မြွေအုံးဖေသမီးဆိုရင် ရပ်ကွက်ထဲ ခြေဦးတောင် မလှည့်ရဲရှာ ဘူး။ သူ့ကိုယ်သူတောင် သတ်သေမလို့တဲ့။ လူသိမြန်လို့လို့ ဆိုကြတာ ပဲ။ ရှက်လည်းရှက်စရာကိုး။ မြွေအုံးဖေ မှုခင်းမှာပါတဲ့ ဓာတ်ပုံနဲ့ သတင်းက အဓမ္မပြုကျင့်မှု။ ကာမအလိုမတူမှု။ ဖွဲ့ချက်က သုံးလေးခု ရယ်။ မြွေအုံးဖေကျူးလွန်ခဲ့တာက သူ့သမီးက မွေးရင့်တောင် မြေး၊ မြစ်လောက်ရှိတဲ့ မြွေမကလေးနဲ့။ အသက်က ဆယ်နှစ်သာသာရယ်။ သေချာတယ်။ မြွေအုံးဖေ ထောင်တစ်သက် လွတ်ရက်မရှိဘဲ။ ရိုင်းစိုင်း ယုတ်မာမှု ကြီးကိုး။ ဒါက လောကထောင်ကို ပြောတာ။ သံသရာ ထောင်ကတော့ မေးမနေနဲ့။ ဘုရား အဆူဆူ လွတ်ရက်မရှိတော့တာ သေချာတယ်။ ကံဆိုတာ ဒါပဲ။



www.burmeseclassic.com

www.burmeseclassic.com



# ထန်းသုံးပင်က မိန်းကလေး

ဒီရွာကလေးကို သူတို့လင်မယား ပြန်ပြီ အခြေချနေထိုင်ခဲ့တာ နှစ်လပြည့်တော့မယ်။ ဟိုးတစ်ချိန်က အိမ်ထောင်ဦးဘဝခရီးကို စတင်တည်ဆောက်ခဲ့စဉ်ကလည်း ဒီရွာလေးမှာ တစ်နှစ်ကျော်ထိ နေထိုင်ခဲ့ကြတာဆိုတော့ ရွာကလေးက ကိုယ့်ရဲ့ဇာတိရပ်ရွာလို ဖြစ်နေပါပြီ။ အမိကကက သူက ဘဝတစ်လျှောက်လုံး စာပေရေးသားခြင်းတစ်ခု



တည်းနဲ့သာ ရပ်တည်နေခဲ့သူဆိုတော့ ဆူညံလောင်ပွက်နေတဲ့ မြို့ပြလူနေမှုစနစ်ရဲ့ မွန်းကျပ်မှုတွေ နေ့စဉ် ရပ်ထဲရွာထဲ မိုးလင်းက မိုးချုပ်ကြား မြင်နေရတဲ့ ဖရုဿဝါစာတွေ၊ သမ္ဖပ္ပလာတွေ၊ အမနာပအသံဗလံတွေကို ငယ်စဉ်ကတည်းက မနှစ်သက် မကြားချင်သူလည်းဖြစ်၊ ဆိတ်ငြိမ်လွတ်လပ်မှုကို မြတ်နိုးသူလည်းဖြစ်၊ စိမ်းမြတဲ့တောင်ယာစိုက်ခင်းတွေ၊ ဝါးရုံတောစိမ်းအုပ်အုပ်တွေ စိတ်ရဲ့အရသာကို ကြည်နူးချမ်းမြေ့စွာ အရင်းအတိုင်း ခံစားတတ်သူလည်း ဖြစ်တော့ ဒီရွာကလေးကိုပဲ ပြန်ပြောင်းရွှေ့ဖို့ ရည်စူးခဲ့မိတာရယ်။ ရန်ကုန်နဲ့လည်း အလှမ်းမဝေးတဲ့ အချိန်တစ်နာရီဆိုရင် မြို့လယ်ခေါင်ရောက်ရဲ့။ ပြီးရင် တစ်နာရီအချိန်ပေးပြီး ရွာကလေးကိုပြန်။ တကကယ့်ကျေးလက်ရဲ့ ရနံ့နဲ့ အနှစ်သာရကို ပြည့်ဝစွာ ခံစားရတဲ့နေရာလေးပါ။ ရှေ့မှာ ရှေးနှစ်ပေါင်းများစွာထဲက တည်ရှိခဲ့တဲ့ နာမည်ကျော် ဇာမဏီအင်းကြီးလည်း စိမ်းမြကျယ်ပြောစွာတည်ရှိနေရဲ့။ သူတို့နေတဲ့အိမ်ကလေးက အဲသည်အင်းကြီးရဲ့ အစပ်မှာပါ။ နံဘေးမှာ စိုက်ခင်းတွေနဲ့ အင်းရေပြင်ကြီး။ အနောက်ဘက်မှာ ဝါးရုံစိမ်းမြတွေနဲ့ အမြဲတစေ တိတ်ဆိတ်အေးချမ်းတဲ့နေရာလေးပါ။ အဲသည့်အင်းကြီးကိုတော့ ရွာနေပြည်ထိုင် သက်ကြီးရွာအိုတွေကတော့ ရှေးက ဇာမဏီအင်းလို့ခေါ်ကြတယ်လို့ သူနဲ့ခင်မင်တဲ့ မိတ်ဆွေအချို့က ပြောကြရဲ့။ နောက် ဂျာမဏီဆည်ပညာရှင်တွေရောက်လာပြီး ဆည်အဖြစ် တည်ဆောက်လိုက်လို့ ဂျာမဏီဆည်လို့လည်း တချို့က ခေါ်ဝေါ်ကြတယ်။ လွန်ခဲ့တဲ့ လေးငါးနှစ် သူတို့နေထိုင်စဉ်ကတည်းက အဲဒီအင်းကြီးရဲ့ ဂမ္ဘီရဆန် အဖြစ်အပျက်တွေကြားသိခဲ့ဖူးပြီးသားရယ်။ အဲသည်တုန်းကလည်း သူက ဂမ္ဘီရရုပ်ပြ

www.burmeseclassic.com



တွေအဖြစ် အတော်များများ ရေးခဲ့ဖူးတာပဲ။ အဖြစ်မှန်တွေပါ။ တစ်ခု တော့ ဝန်ခံစရာရှိပါရဲ့။ တချို့က ဂမ္ဘီရစာရေးတဲ့သူတွေ ဆိုရင် စိတ် ကူးယဉ်သမားတွေလို့ ထင်မြင်ကြ၊ အမနာပပြောကြတာတွေရှိတယ်။ ရှိချင်လည်းရှိမှာပေါ့။ ဒါက သူ့ကိစ္စမဟုတ်ဘူး။ သူက ငယ်စဉ်က တည်းက စာရေးဆရာကြီးမောင်သာရတို့၊ စမ်းစမ်းနွဲ့ (ဘာယာဝတီ) တို့၊ မိုးမိုး (အင်းလျား) တို့ကို စွဲလမ်းခဲ့ ဖတ်ခဲ့သူဆိုတော့ သူရေးတဲ့ ဂမ္ဘီရစာတွေ ဝတ္ထုတွေက တကယ့် ဂမ္ဘီရဆန်ဆန် ကိုယ်တိုင်ကြုံတွေ့ မြင်ကြားရတာနဲ့ လက်တွေ့ဒိဋ္ဌ ကြုံဖူးသူတွေရဲ့ အဖြစ်အပျက်တွေကိုပဲ ရေးတာများတယ်။ သူကိုယ်တိုင်လည်း တောတောင်ထဲ နှစ်ပေါင်းများ စွာ နေထိုင်သွားလာဖူးသလို၊ ခုလည်း သွားချင် သွားလာနေတုန်း ကိုး။ အခုပြောပြမယ့်အဖြစ်ကလည်း ဒီဇာမဏီအင်းကြီးနဲ့ ပတ်သက် နေတဲ့ အဖြစ်။ ရွာနေပြည်ထိုင့်တွေ ကိုယ်တိုင် ပြောပြတဲ့အဖြစ်။ ဒါကို သူက နားထောင်ကောင်းအောင် ပြန်ပြောပြတဲ့ အဖြစ်ပဲ။

ခုနက ပြောခဲ့သလို ဒီရွာ ဒီအရပ် ဒီအင်းကြီးနဲ့ ပတ်သက်လို့ ဂမ္ဘီရဆန်တဲ့အဖြစ်ထူး သနစ်ထူးတွေ အတွေ့အကြုံဇာတ်လမ်းပေါင်း များစွာ သူကြားသိနေခဲ့ပြီးသားပါ။ သူကိုယ်တိုင်လည်း နေခဲ့တာ ကိုး။ နောက်ပြီး ဒီအရပ်ဒေသတွေက ရှေးက သာသနာပွင့်လင်းခဲ့ ဘွန်းကားခဲ့တဲ့ မင်းတွေ အဆက်ဆက်နေထိုင်ခဲ့တဲ့ ဒေသကိုး။ ပြန် လည် ပြုပြင် ဖော်ထုတ်လို့မရတဲ့ အစောင့်အရှောက်ပိုင်းဆိုင်ရာတွေ ကြွမ်းတမ်းတဲ့ စေတီပြို စေတီပျက် ကုန်းတွေဆိုတာလည်း အများကြီး။ နေ့စဉ်လည်း ဂန္ဓာရီပုဂ္ဂိုလ်တွေ၊ အဓိဋ္ဌာန်သမားတွေ ဝင်ထွက်သွားလာ နေကြတဲ့ ဂမ္ဘီရဆန်တဲ့ နယ်မြေကြီးတစ်ခုဆိုရင်လည်း မမှားဘူး။





သူတာတော့ ဗုဒ္ဓဘုရားရှင်မိန့်ကြားခဲ့တဲ့ သံသရာမှာ အမိအဖ ဆွေမျိုး ဉာတိရယ်လို့ မတော်စပ်ခဲ့ဖူးသူမရှိဆိုတဲ့ စကားကို ယုံကြည်လက်ခံ သူလေ။ သံသရာရဲ့ အကြောင်းအကျိုးတွေက သိမ်မွေ့တယ်။ ဆန်း ကြယ်တယ်။ တချို့ ပါရမီရင့်မာကြတဲ့၊ အကျင့်သီလတွေ စင်ကြယ်ကြ တဲ့ ပုဂ္ဂိုလ်ထူးကြီးတွေကတော့ သိကြပါတယ်။ ပဋ္ဌာန်းဆက်ဆိုတာ လည်း ဒါပဲ။ သူတောင် ရန်ကုန်လိုမြို့ကြီးမှာမွေး လူဖြစ်ခဲ့ရပြီး ဟိုတော ရောက် ဒီတောင်ရောက်နဲ့။ ခုလည်း လေးငါးနှစ်ဝေးပြီးမှ အမှတ်မထင် ဒီနေရာ ဒီအရပ် လာအခြေချနေထိုင်ရတာပဲကြည့်။ ရန်ကုန်ဝန်းကျင် မှာလည်း နေစရာတွေက အများကြီးမဟုတ်လား။ ဒီရွာကလေးကို ဘယ်သူက စိတ်ကူးထဲ ထည့်မှာလဲ။ ဒါပေမဲ့ ဘယ်သူမဆို ကိုယ့် အကြောင်းတရားနဲ့ ကိုယ်ပဲလေ။ ဒီမြေ ဒီရေကလည်း သူဘယ်ဘဝ ဘယ်အတိတ်တောက ဘယ်သို့ ပတ်သက်ခဲ့ဖူးသလဲမှ မသိတာ။ ဗုဒ္ဓ စကားအရတော့ ပတ်သက်ခဲ့တာအမှန်ပဲ။ ဘာပြုလို့လည်းဆိုတော့ သံသရာ တစ်နံ့တစ်လျားမှာ ဘဝအလီလီ ပုံသဏ္ဌာန်အလီလီနဲ့ လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေ ဖြစ်ခဲ့ကြ၊ ကျင်လည်ခဲ့ကြ သေဆုံးခဲ့ကြ မွေးဖွားခဲ့ကြမဟုတ်လား။ စက်ဝိုင်းထဲက ပြေးမလွတ်တဲ့ လွတ်အောင် လည်း မကြိုးစားမိတဲ့ သတ္တဝါတွေရဲ့ အဖြစ်ပဲ။ အကြောင်းတရား အကျိုးတရားတွေပဲ။ ကံရဲ့ အရိပ်တွေပဲ။ ဘယ်သူငြင်းဆန်နိုင်မှာ တဲ့တုန်း။

သံသရာ တစ်နံ့တစ်လျားမှာ ဘုရားနဲ့ ဆွေတော်မျိုးတော်စပ်ခဲ့ မှာ သေချာသလို သိကြားနဲ့လည်း တော်စပ်ခဲ့ကြမှာပဲ။ အဲသလိုပဲ ဝိဇ္ဇာတွေနဲ့ ပတ်သက်တော်စပ်ခဲ့ဖူးကြသလို ပြိတ္တာတွေနဲ့လည်း အမျိုး



www.burmeseclassic.com

www.burmeseclassic.com



မတော်စပ်ဘူးလို့ ဘယ်သူကမှ မျက်စိစုံမှိတ် ငြင်းလို့ရမှာလဲ။ ဗုဒ္ဓဘုရားရှင်တောင် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဘဝမျိုးစုံ အဖြစ်စုံရယ်။ ဒါတောင် တချို့က ဒီဘဝမှာ လူဖြစ်လာရုံနဲ့ အကုန်လုံးမေ့တော့တာပဲ။ သံသရာလည်း မသိ။ အနာဂတ်လည်း မသိ။ ပြောချင်တာ ဖွတ်ပြောနေကြတော့တာပဲ။ သူကတော့ ဒါတွေကို အငြင်းအခုန်လုပ်ဖို့ အချိန်မရှိပါဘူး။ အတုမဲ့ ဉာဏ်တော်ရှင် ဗုဒ္ဓဘုရားရှင်တောင် ဘဝမျိုးစုံ အဖြစ်စုံဆိုရင် သူလို အနုံညာတ ပုထုဇဉ်မှုန်မွှားက ဘာပြောစရာရှိတော့မှာလဲ။ သူ့ကိုယ်သူ ရိုးသားစွာပဲတွေးတယ်။ ရှင်းရှင်းပဲမြင်တယ်။ မရှုပ်ဘူး ရှုပ်ရင်မြုပ်မှာပဲ။ အဲသလိုခံယူတယ်။ ခုနက ပြောခဲ့သလို ဒီမြေ ဒီရေ ဒီဒေသတွေမှာ သတ္တဝါ အနန္တအရိုးတွေက တောင်လိုစုပုံနေတာ။ သူ့အရိုးလည်း ပါချင်ပါနေခဲ့မှာပဲ။ အဲဒီထဲမှာ သူကအခု ခုပြောပြမယ့် အောင်ပန်း အပါအဝင် ဥပါဒါန် အစွဲတရားတွေ၊ သက္ကာယဒိဋ္ဌိတွေ ဖြုတ်နိုင်ခဲ့၊ ဖြုတ်ခဲ့သူက ခပ်ရှားရှား ရယ်မို့လား။ ဒါကြောင့်လည်း ဗုဒ္ဓက လောဘ၊ ဒေါသ၊ မောဟတွေ ထုထပ်ပြီး အပယ်လေးဘုံကစပြီး (၃၁) ဘုံအကြောင်း တိကျစွာ ဟောဖော်ညွှန်ပြခဲ့တာပေါ့။ အကြောင်းရှိရင် အကျိုးရှိမှာပဲ။ သူ့လို စာရေးဆရာတစ်ယောက်လည်း ညဉ့်နက်သန်းခေါင် အိပ်ရေးပျက် လက်ကိုက်တာ ဘာဆန်းလို့လည်း။ ကံရဲ့ကြောင်းတရားပဲ။ ဗုဒ္ဓစကားပဲ။ အခု အောင်ပန်းရဲ့အဖြစ်ကလည်း အဲသလို။ ဂမ္ဘီရလည်း ဆန်တယ်။ ဆန်းလည်းဆန်းကြယ်တယ်။ အမှန်တော့ နှုတ်ကြောင့်သေ လက်ကြောင့်ကြေတယ် ပြောရမယ်။ သင်ခန်းစာပေါ့။ အဲသလို ကိုယ့်ကိုယ်ကိုယ် အမြီးမှန်းမသိ၊ အမောက်မှန်းမသိနဲ့ အသိတစ်ခုကို





တန်ဖိုးကြီးမားတဲ့ ဘဝနဲ့လဲပြီး မိုက်မဲခဲ့ကြတဲ့လူတွေ၊ သာဓကတွေ သူ့ဘဝမှာ အများကြီး တွေ့ကြုံဖူးနေပြီ။ သူ့အတွက်တော့ သိပ်ပြီး မထူးဆန်းလှတော့ပါဘူး။

အောင်ပန်းက ဒီရွာဇာတိ ရွာနေပြည်ထိုင် မဟုတ်ဘူး။ သာကေတဘက်က ပြောင်းရွှေ့လာတာ။ ဒေါပုံဝါဆိုဦးဘက်ကလို့ ဆိုတယ်။ သူ့အလုပ်က ကြုံရာကျပန်းပဲ။ ဒီရွာရောက်တော့ ရွာစွန်မှာ တဲလေးထိုးပြီး ငါးရှာ ဖားရှာအလုပ်ကိုပဲ အရက်ကလေးတမြမြနဲ့ ပင်တိုင်လုပ်တော့တယ်။ ကြက်ဝိုင်း ကြိတ်ဝိုင်းလည်း မရှောင်ဘူး။ အသုဘအိမ်ဆိုလည်း ခုနှစ်ရက် ခုနှစ်လီဆိုတဲ့ လူမျိုး။ နေတော့သာ ရွာစွန်ဆည်ဖျားမှာ တဲစုတ်နဲ့၊ မူးမူးနဲ့ ပြောဆိုသမျှ ဆင်ဖမ်းမယ် ကျားဖမ်းမယ်ချည်း။ ရွာနေပြည်ထိုင်တွေကတော့ အဖက်မလုပ်ပဲ ကြဉ်ထားကြတာပါ။ အောင်ပန်းက မူးလာရင် ပါးစပ်သရမ်းသလို လက်ကလည်း သရမ်းတယ်။ အဲသည့်ညက ကျိုက်အင်းကုန်းမှာ အသုဘတစ်ခု ရှိလို့ သွားကြတာ။ အောင်ပန်းရယ် ရွာထဲက အပေါင်းအသင်းနှစ်ယောက်ရယ်။ အခိုက်က ငွေယားကလေးတွေ ပွားများဖို့ပါ။ မူးလည်း မူးနေကြရဲ့။ အရက်ဆိုင်ကနေ ကျိုက်အင်းကုန်းကို တာရိုးဖြတ်ပြီးသွားကြတာ။ လကလည်း လဆန်းရက်ဆိုတော့ တာရိုးတစ်လျှောက် လ ရောင်က မှုန်မှုန်သာလို့ရယ်။ အချိန်က သန်းခေါင်ချဉ်းတော့မယ်။ အဲဒီမှာ အဖော်ပါလာတဲ့ ငမိုးက...

"ဟော့ကောင် အောင်ပန်း သွားသာသွားရတာ ငါတော့ မပ်တွန့် တွန့်ပဲ။ အဲဒီကျိုက်အင်းအစပ်က ထန်းပင်သုံးပင်က နာမည်ကြီးတယ်



www.burmeseclassic.com

www.burmeseclassic.com



နော်"

"ဘာနာမည်ကြီးတာလဲ။ သရဲခြောက်တယ်ဆိုတာလား။ မင်းကလည်း ငါနဲ့ပေါင်းလာတာပဲကြာပြီ ငမိုးရ။ သရဲမကလို့ ပြိတ္တာ သဘက်ပဲဖြစ်ဖြစ် အောင်ပန်းနဲ့တွေ့ရင် မှင်စာဖြစ်သွားမယ်။ ငါ့နာမည် အောင်ပန်းကွ။ မင်းမယုံရင် ဒီအင်း၊ ဒီကွင်းမှာရှိတဲ့ မင်းပြောတဲ့ သရဲတစ္ဆေတွေကို စိန်ခေါ်ပြရမလား အေ့"

"ဟာ ဟော့ကောင် မ မလုပ်နဲ့။ တော်ကြာပြေး ပြေးပေါက် မှားနေဦးမယ်။ ရှေ့မှာ ထန်းထန်းသုံးပင်ရောက်နေပြီကွ။ ကျော ကျော စောင်စိမ့်လာပြီ။ အဲ အဲဒီမှာ ဟိုတလောက ကျိုက်အင်းသား ငထွား ကို မိန်းကလေးတစ်ယောက်က ကိုယ်ယောင်ပြလို့တဲ့ကွ။ သတင်းကြီး သွားတယ်အေ့..."

"မိန်းကလေးဆိုရင် ဥစ္စာစောင့်ဖြစ်မှာပေါ့ကွာ။ လာပစေ။ ချော ရင်တော့ အောင်ပန်းနဲ့ တစ်ပွဲတစ်လမ်းတွေ့ကြတာပေါ့ အဟဲ။ အေ့ ငါက ကြင်နာတတ်ပါတယ်ကွ၊ အေ့ ဟားဟား"

"ဟင်း... ဟင်း"

"ခစ်... ခစ်"

"ဟှာင်"

အောင်ပန်းက ပါးစပ်က အယုတ္တ အနတ္တတွေ မှုးပြီးပြောလိုက်၊ ဒယီးဒယိုင်နဲ့ လဲချင့်ရာလဲလိုက်ဖြစ်နေချိန် အတူလိုက်ပါလာတဲ့ ငမိုးနဲ့ အေးကျော်တို့က ရုတ်တရက် အသံလွင်လွင်လေး ကြားလိုက်ရလို့ အမူးပြေပြီး လှည့်အကြည့် မလှမ်းမကမ်း ရေစပ် ထန်းသုံးပင်အောက်





မှာ ရပ်နေတဲ့ မိန်းကလေး တစ်ယောက်ကို လရောင်ပျပျအောက် လှမ်းမြင်လိုက်တယ်။ မိန်းမချောလေးရဲ့ ရှည်လျားတဲ့ ဆံနွယ်တွေက ရေပြင်ကြီးကို ဖြတ်တိုက်ခတ်လာတဲ့ လေပြေမှာ လွင့်စဲနေလို့ရယ်။ အဲဒီအချိန်က ကျိုက်အင်းကုန်းစပ်တဲစုတွေဘက်ကနေ ခွေးအူသံတွေက တိုင်ပင်ထားသလို ရှည်လျားဆွဲငင်စွာ ထွက်ပေါ်လာတာမို့...

"အု... အုံ... အူ... အူး"

"အောင်... အောင်ပန်း၊ သ သရဲမ ပြေး... ပြေး"

နဂိုထဲက လွန်ခဲ့တဲ့ တစ်ပတ်လောက်ကပဲ ဥစ္စာစောင့်လို့ သတင်းကြီးနေတာ၊ ခု သူတို့ကိုယ်တွေ့ မျက်မြင်ဆိုတော့ ငမိုးရော အေးကျော်ပါ အောင်ပန်းကို သတိမရတော့ဘူး။ အဲသည်ညက ရွံ့တွေ ဗွက်တွေ အလူးလူးနဲ့ ပုဆိုးမနိုင် ပဝါမနိုင် မျက်လုံးပြူး၊ မျက်ဆံပြူး၊ ချွေးစီးတွေပြန်နေတဲ့ ငမိုးနဲ့အေးကျော်ကို ကျိုက်အင်းကုန်းစပ်က တဲစု တွေက၊ ညကြီးမင်းကြီး ရေတိုက်၊ အဝတ်လဲပေးရနဲ့ အလုပ်ရှုပ်သွား တာပေါ့။ ဇာတ်ကြောင်းစုံသိတော့မှ အောင်ပန်းကို သိနေကြတဲ့ ရွာခံ အချို့က လူစုပြီး ဓာတ်မီးတဝင်းဝင်းနဲ့ တာရိုးပေါ်တက်သွားတော့ တာရိုးစောင်းမှာ အသက်မဲ့နေတဲ့ အောင်ပန်းကို တွေ့ရတာပဲ။ သူ့ တစ်ကိုယ်လုံး ပြာနှမ်းနေလို့ရယ်။ အကောင်ရှည်ကို မူးမူးနဲ့ နင်းမိလို့ ပိုးထိသေတာလို့ ဆိုကြတာပဲ။ ငမိုးကလည်း သူတို့ အဲဒီထန်းပင်တွေ အနားမှာ ရယ်သံကို တကယ်ကြား၊ မိန်းမချောလေးကိုလည်း တကယ် တွေ့ရ တာလို့ တွင်တွင်ပြောနေတာပဲ။ ဒါပေမဲ့ ဘယ်သူမှ မယုံကြပါ ဘူး။ တချို့ကတော့ အဘိုး ပညာပေးလိုက်တာ လို့လည်း တီးတိုးပြော ဆိုနေကြရဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထူးခြားဆန်းကြယ်တာကတော့ အောင်ပန်းရဲ့ ရူပံ မြေချတဲ့ နေ့မှာ ငမိုး အိပ်မက်မက်တယ်။

"လူဆိုတာ၊ သူ့စည်း ကိုယ့်စည်း သူ့နေရာ ကိုယ့်နေရာရှိရတယ်ကွ။ ပေါက်လွှတ်ပဲစားပြောရင် ပေါက်လွှတ်ပဲစား အသေဆိုးနဲ့ပဲ သေရမှာပဲ။ မင်းတို့ထစ်တွေက ဘုရားလည်းမသိ၊ တရားလည်းမရှိ။ ကံ ငါးပါးလည်း တစ်ပါးမှမလုံ။ သရဏဂုံ ဆိုတာဝေလာဝေးပဲ။ လက်တွေ့သိချင်တယ်ဆိုလို့ လက်တွေ့ပြလိုက်တာပဲ။ မင်းလည်း သတိကြပ်ကြပ်ထား။ မှားရင်တော့ ခံရမှာပဲ။ ဘယ်အရာမဆို မယုံကြည်ခွင့်ရှိတယ်။ စော်ကားခွင့်တော့ မရှိဘူးမှတ်"

အဘိုးကြီးတစ်ယောက်က ခပ်ထန်ထန်ပြောတာ။ ငမိုးလည်း အဲဒီနေ့ကစပြီး အရက်ဆိုင်ဘက် ခြေဦးမလှည့်တော့တာ ဒီနေ့ထိပဲ။ သူကိုယ်တိုင်ကြုံခဲ့တဲ့အဖြစ်ကို ငမိုးကပြောပြတာပါ။ ငမိုးမလိမ်တတ်တာတော့ သေချာတယ်။ ဘယ်နေရာမဆို ကောင်းတဲ့သူရှိသလို ဆတ်ဆတ်ထိမခံတဲ့သူတွေလည်း ရှိတာပဲ။ အပြစ်ပြောလို့တော့ မရဘူး။ လောကကြီးရဲ့ သဘာဝကိုက မှားရင် ကား တာပဲ။ ပရလောကဆိုတာ မြင်ရတာမှတ်လို့။ တစ်ခုတော့ရှိတာပေါ့လေ။ ကိုယ်က ကံငါးပါးလည်း မကျိုးမပေါက် မပျောက်မကြားဘဲ လုံခြုံ၊ သီလ၊ သမာဓိလည်း စင်ကြယ်နေရင်တော့ ရေတောင် ဆေးဖြစ်ပါရဲ့။ နို့မို့ သွားမစမ်းနဲ့ ပါးတစ်ခြမ်း ရွဲ့သွားမယ်ဆိုသလိုပဲ။ ငမိုးပြောပြတာကို သူက ပြန်ပြောပြတာပါ။ ယုံချင်လည်း ယုံနိုင်ပါတယ်။ မနေ့တစ်နေ့ကတင် ဖြစ်ခဲ့တာရယ်။

✿

အရှေ့ဘက်ကောင်းကင်



# လောင်းကြေး

ဒီနိုင်း - ယမုံနိုး

ဒီရွာကလေးကို သူတို့လင်မယားရောက်ပြီး တစ်ပတ်မပြည့်ခင်လေးမှာပဲ ဒီအဖြစ်အပျက်ကို သိရတာပါ။ ဒီရွာကလေးဆိုတာက သန်လျင်မြို့နယ်၊ ကျိုက်ခေါက်ဆံတော်ရှင် ဘုရားကြီးရဲ့ ခြေရင်း ဘုရားကုန်းအပိုင်ထဲက ကွမ်းခြံကုန်းဆိုတဲ့ ရွာကလေးကို ပြောတာပါ။

www.burmeseclassic.com

www.burmeseclassic.com



ပြောရရင် ဒီရွာကလေးကလည်း သူတို့လင်မယားနဲ့ ပဋ္ဌာန်းဆက် အတော် ရင်းပါတယ်။ ဘာပြုလို့လည်းဆိုတော့ သူတို့လင်မယား အိမ်ထောင်စကျတဲ့၊ လွန်ခဲ့တဲ့ ခြောက်နှစ် ခုနစ်နှစ်ခန့်ကလည်း မပြောင်း လင့်ဘဲ ဒီရွာကလေးမှာပဲ သူတို့ရဲ့ ဘဝဦး၊ အိမ်ထောင်ဦး ဘဝကို စတင်ခဲ့ကြတာပါ။ တစ်နှစ်ကျော်နေခဲ့ပြီး သားကြီးပြည့်စုံဟိန်း ကိုယ်ဝန် ရှိတော့မှ သူ့ယောက္ခမတွေ လုပ်ငန်းရှိတဲ့ မင်းဘူးနယ်က ရိုးမရေနံ မှော်ထဲတစ်လှည့်၊ မြို့တစ်လှည့် နေထိုင်ရင်းနဲ့ ဒီရွာကလေးနဲ့ ကင်းကွာ ဝေးကွာခဲ့ကြရတာပါ။ သူတို့ရဲ့ ဘဝဦးအစ ဘုမ်ိနက်သန့်ရွာကလေးလို့ လည်း ဆိုလို့ရတယ်။ ရွာကလေးက အေးချမ်းပါတယ်။ ရှေးကတည်း က အစဉ်ဆက်တည်ရှိခဲ့တဲ့ ရွာလေးဖြစ်ပြီး တန်ခိုးကြီးထင်ရှားတဲ့ ကျိုက်ခေါက်ဆံတော်ရှင်နဲ့လည်း နီးတယ်။ ဝါးရုံပင်တွေ အရိပ်ဖြာ ယှက်ပြီး သဲမြေလမ်းလေးတွေနဲ့ မြို့ပေါ်က ဗီဒီယိုမင်းသား မင်းသမီး တွေ၊ ရုပ်ရှင်၊ ဗီဒီယိုတွေ အဆက်မပြတ် လာလာရိုက်တဲ့ ရှုတင်ခြံ ကြီးတွေလည်း ရှိတယ်။ ရွာအစွန်မှာ ကျယ်ပြန့်တဲ့ ဆည်ကြီးရဲ့ ပတ်ချာ လည်မှာ စိမ်းမြတဲ့ ဝါးတောတွေ၊ ကုန်းမြင့်နဲ့ ဝါးပင်တွေ၊ တောင်ယာ စိုက်ခင်းတွေနဲ့ အရှမ်းကို အေးချမ်းကြည်နူးစရာ နေရာ လေးပါ။ အဲဒါကြောင့်လည်း အေးချမ်းတိတ်ငြိမ်တဲ့ ဒီရွာ၊ ဒီနေရာ လေးကို သူရွေးချယ်ခဲ့တာ။ ရွာမှာ တစ်နှစ်ကျော် အေးချမ်းစွာ နေထိုင် လာခဲ့သူဆိုတော့ ရွာအတော်များများနဲ့လည်း သူက ခင်မင်ရင်းနှီး နေပါပြီ။ သူတို့ လင်မယားကိုလည်း ရွာက ကူညီပံ့ပိုးစောင့်ရှောက် ကြပါတယ်။ သူတို့နေတဲ့ အိမ်ကလေးက ရွာအစွန်မှာ ဇာမဏီအင်းလို့ တစ်ချိန်က ခေါ်ဝေါ်ကြတဲ့ ဆည်ကြီးရဲ့ အရှေ့မှာဆိုတော့ မနက်မိုးလင်း





တာနဲ့ စိမ်းမြတဲ့ တောင်ယာစိုက်ခင်းတွေ၊ ကျယ်ပြောတဲ့ ဆည်ရေပြင် ကြီးတွေက နေတာမှ အမြင်မရိုးဘဲ ကြည်နူးဖွယ် မြင်နေရတာပေါ့။ အဲဒီ တုန်းက သူက နာမည်ကြီး ရုပ်ပြစာချုပ်မှာ ကလောင်အမျိုးမျိုးနဲ့ ဂမ္ဘီရ ဝတ္ထုဇာတ်ညွှန်းလေးတွေ ရေးနေတာဆိုတော့ ဝင်ငွေကောင်း တယ်။ ရံဖန် ဘာသာရေး အလုပ်တွေမေ့ပြီး အဖော်ကောင်းရင် တစ်ခွက် တစ်ဖလားလည်း မီဝဲတတ်သေးတယ်။ အဲဒီမှာ သူက မြဒင်နဲ့ ခင်မင်ရင်းနှီးခဲ့တာ။ မြဒင်က အသက်နှစ်ဆယ်ကျော်ပဲရှိသေးတဲ့ ရွာခံ၊ ဆည်ထဲမှာနေတဲ့ ရွာသား။ သူ့အလုပ်က ကြုံရာကျပန်းလုပ် ပေမယ့် များသောအားဖြင့် ဆည်ထဲမှာ ငါးရှာတဲ့အလုပ်က မိရိုးဖလာ လုပ်ငန်းပဲ။ တံငါသည်တစ်ပိုင်း ကျပန်းတစ်ပိုင်းပေါ့။

ဆည်ကြီးက အရှမ်းကျယ်တယ်။ ရှေးက အစဉ်အဆက် ရွာ နေပြည်ထိုင်တွေက ဇာမဏီအင်းလို့ပဲ ခေါ်ဝေါ်ခဲ့ကြပြီး ခုချိန်ထိလည်း နှုတ်ကျိုးခေါ်ဝေါ်နေကြတုန်းပဲ။ အဲဒီ ဇာမဏီအင်းကြီးကလည်း ဂမ္ဘီရ ပညာတွေ ဝါသနာထုံတဲ့ သူက... ဝတ္ထုဇာတ်လမ်းတွေ နာမည်မျိုးစုံနဲ့ ရေးနေ တဲ့အတွက် တူးဖော်လို့ မကုန်နိုင်တဲ့ ရတနာသိုက်ကြီးတစ်ခုလို့ တောင် တင်စားပြီး ပြောလို့ရတယ်။ သူလည်း ရွာနေပြည်ထိုင်တွေ ခင်မင်ရင်းနှီးတဲ့ သူတွေ ပြောပြသမျှ ဖြစ်ရပ်မှန် ဂမ္ဘီရအဖြစ်တွေ အတော်များများ ရေးခဲ့ဖူးပါတယ်။ ပြောပြီးပြီ။ သူက ဂမ္ဘီရဝတ္ထုတွေ စာတွေ၊ နာမည်လေးငါးမျိုးနဲ့ ရေးနေတဲ့သူဆိုတော့ ဂမ္ဘီရဆိုတဲ့ အမည်ကြားရင်ပဲ ကျောရိုးထဲစိမ့်မြပြီး ကြက်သီးနုနုလေးတွေ ခံစားအ ရသလိုမျိုး။ ဥပမာပြောရရင် ပန်းပွင့်လေးတွေ မပွင့်ခင် ဝတ်ဆံထဲက ဝတ်မှုန်လေးတွေရဲ့ အသက်ရှူသံကို မိုင်ပေါင်းများစွာက လှပြေလေး



www.burmeseclassic.com

www.burmeseclassic.com



တွေက တင်ကြိုသိနေသလိုမျိုး။ ရိုးမနက်ကြီးအလယ်က ဆင်မတွေရဲ့ မုန့်နံ့ကို ဟိုး မိုင်ပေါင်းထောင်ချီတဲ့ လေညာအောက်က ဆင်တွေက သူ့အလိုလို ခံစားသိနေခဲ့သလိုမျိုး။ ဟိုး သမုဒ္ဒရာ ကြမ်းခင်းအောက်ခြေက ငါးတွေရဲ့ ရေယက်သံသဲ့သဲ့ကို လှေပေါ်က တံငါသည်တာ အလိုလို ကြားနေမိ သလိုမျိုး။ ဂမ္ဘီရဆိုတဲ့ အသံကို ဟိုဘက်ရွာကုန်းထိပ်က လွင့်လာရင် ဒီဘက်ရွာဖျားကနေ သူ့မျက်ဝန်းတွေက ရွှန်းစိုတောက်လက်လာပြီး လေညာအထက်က မုဆိုးရဲ့သေနတ်မောင်းပြင်သံကို သားကောင်က နားရွက်တစ်ဖျပ်ဖျပ် ခတ်မိသလိုမျိုး၊ သူ့သွေးကြောတွေက တဖျပ်ဖျပ် ခုန်နေပြီး ကျောရိုးတစ်လျှောက် ခြတွေ တရွရွ သွားနေသလိုမျိုး။ သူက အဲ့ဒီလောက် ခံစားရတာ။ ဘယ်လောက် ဂမ္ဘီရဆန်သလည်း လို့ပါ။ သူ... ဂမ္ဘီရကို အဲဒီလိုကို ယုံကြည်တာ။ လေးနက်တာကို ပြောတာပါ။ သူက သူများဂမ္ဘီရဆိုလို့ လိုက်ဂမ္ဘီရတဲ့ လူစားထဲကတော့ မဟုတ်ဘူး။ သူငယ်စဉ်ကကလေးအရွယ် တောင်ဥက္ကလာပသားအဖြစ် နေထိုင်ခဲ့စဉ်ကတည်းက ကျိုက္ကဆံဘုရားပျက်တို့၊ ကျောက်စာတော်တို့၊ ကျောက်သင်္ဘောစက်ရုံလမ်းကြားတို့ကစပြီး ဂမ္ဘီရဆန်တဲ့ လူထူးဆန်းတွေ အဖြစ်အပျက်တွေနဲ့ နပမ်းလုံးခဲ့ တွေ့ကြုံခဲ့ရတဲ့ သူလို့ ဆိုရင်ရတယ်။ သူ့ဘဝမှာလည်း ဂမ္ဘီရဆန်တဲ့အဖြစ်အပျက်တွေ ဒုနဲ့ဒေး။ ခုဟာက သူ့ဘဝအကြောင်း ရေးတာမဟုတ်ဘူး။ မြဒင်ရဲ့ ဂမ္ဘီရဆန်တဲ့ အကြောင်း။

ဆိုခဲ့သလို သူတို့လင်မယား ဒီရွာကလေးကို ဘဝသစ်၊ အိုးသစ်၊ အိမ်သစ်နဲ့ ပြန်ရောက်လာတော့ သူ ပထမဆုံးကြားရတာ မြဒင်ရဲ့





အဖြစ်အပျက်ပဲ။ ဒါကလည်း သူက ပါးစပ်ဆော့ နှုတ်ဆော့ပြီး၊ သူနေတဲ့ ခြံရှေ့ အရမ်းရင်းနှီးခင်မင်တဲ့ သူ့ကို ညီလိုပဲချစ်ခင်တဲ့ ကိုဘလွှင်ကို မေးလိုက်မိတာပါ။ မြဒင်ရော ရှိသေးလားလို့ပေါ့။ အဲဒီမှာ ကိုဘလွှင်က မြဒင်အကြောင်း ပြောပြတာပဲ။ မြဒင်သေပြီတဲ့။ ကြားကြားချင်းတော့ သူ နားကြား မှားသလားပေါ့လေ။ ဘာပြုလို့လည်း ဆိုရင် မြဒင်က ငယ်ငယ်လေးရှိသေးတာကိုး။ အဲ... ဒါပေမယ့် သေမင်းဆိုတာကလည်း ဒီနေ့ ဌာနဆိုင်ရာတွေကို လာဘ်ပေး လာဘ်ယူနဲ့ လောကကြီးမှာ ငါ ဘယ်လောက်ထိနေပါရစေ။ အသက်ရှင်ပါရစေ ဆိုပြီး ပိုက်ဆံလက်သိပ်ထိုးပြီး ပေးလို့ရတဲ့ ပုဂ္ဂိုလ်မှမဟုတ်ဘဲ။ ဆင်းရဲချမ်းသာ ရာထူးရာခံကြီးတယ်၊ ငယ်တယ် မခွဲခြားဘူး။ သမ္မေသခ်ါရာ အနိစ္စာပဲ။ အချိန်စေ့ရင် ကိုယ်ရဲ့ ကံကြမ္မာ ဗီဇာသက်တမ်းကို ဘယ်ရွှေ့ ဘယ်မျှ ခွဲဆန့်ထားလို့ ရတဲ့အရာမှ မဟုတ်ဘဲ။ သေချင်သေမှာပဲပေါ့လေ။ ပြောရရင် သေမင်း၊ မရဏမင်းကို လာဘ်ထိုးလို့ မရဘူး။ အဂတိ လိုက်စားတတ်တယ်ရယ်လို့လည်း တစ်သက်လုံး မကြားခဲ့ဖူးပါဘူး။ သူသိသလောက် ဒီစကြာဝဠာ ကမ္ဘာကြီးထဲမှာ အဂတိလိုက်စားခြင်း ကင်းပြီး၊ သူ့အလုပ် သူ့တာဝန်ကို နေပူမိုးရွာ မရှောင် အကျေပွန်ဆုံး တာဝန်အကျေဆုံး ထမ်းဆောင်သူဆိုလို့ မရဏမင်းပဲ ရှိတယ်။ ဘယ်တော့မှ မျက်နှာကြီးရာ ဟင်းဖတ်မပါဘူး။ အယုတ်၊ အလတ်၊ အမြတ် လူတန်းစား မခွဲခြားဘူး။ တိကျတယ်။ ပြတ်သားတယ်။ တာဝန်ကို တာဝန်အတိုင်းပဲလုပ်တယ်။ ဆိုရရင် ကမ္ဘာ့တာဝန် အကျေဆုံး ဝန်ထမ်းကောင်းဆုတံဆိပ်တွေ၊ ဘွဲ့တွေပေးရင် သေမင်းဆိုတဲ့ အဲဒီပုဂ္ဂိုလ်ကိုပဲ ပေးရမယ်။ ပြောရင်းနဲ့ စကားတွေက



www.burmeseclassic.com

www.burmeseclassic.com



တောရောက်၊ တောင်ရောက်ရယ်ပါ။

အဲဒီ သေခြင်းလေးမျိုးထဲမှာလည်း ကံကုန်လို့ သေခြင်း၊ သက်တမ်း စေ့လို့ သေခြင်း၊ ဥပစ္ဆေဒကံကြောင့် သေခြင်း၊ ကံရော သက်တမ်းပါကုန်လို့ သေခြင်းထဲမှာ မြဒင်သေဆုံးပုံက ဆန်းကြယ်တယ်။ ဂမ္ဘီရ ဆန်တယ်လို့ ဆိုလို့ရတယ်။ ပြောခဲ့တဲ့အတိုင်း မြဒင်က သူ့နဲ့ ခင်ခဲ့ပေမယ့် ကြုံရာကျပန်း လုပ်စားတဲ့သူ။ အဓိက ဆည်ထဲမှာ ကိုင်းထောက် တဲ့အလုပ်။ အရက်မူးလာပြီဆိုရင် ကြက်သတ်ရမလား။ ဝက်သတ်ရ မလား။ အဲသလိုလည်း ဇ,ရှိတယ်။ သူ ကိုင်းထောက်လို့ ရတဲ့ ငါးများဆို မသေမချင်း မရှိစေရဘူး။ ခေါင်းကလေးလိမ်ချိုး လိုက်တာပဲ။ ဒါကလည်း မြဒင်က သူဘယ်လောက် လက်ရဲဇက်ရဲ နိုင်ကြောင်း ပြောပြလို့ သိရတာပါ။ ဒါပေမယ့် စိတ်ရင်းက သူတစ်ပါး အပေါ် ကူညီရိုင်းပင်းတဲ့ စိတ်ရှိတယ်။ ဒီတစ်ပိုက်နဲ့ ချောင်းကြို ချောင်းကြား၊ ဖားငါးရှာတဲ့ အလုပ်ဆိုတာ ညအမှောင်မှာ လုပ်ရတာ များတယ်။ ညဘက်ကြီး နေဝင်ရီတရောကနေ ဆိုင်က ရေချိန် ကိုက်ပြီဆိုတာနဲ့ ငါမျှားတံစည်း ထမ်းပြီး အရက်ပုလင်းခါးထိုးလို့ မြဒင် ဆည်တစ်ပိုက်ရွာရိုးကိုးပေါက် လျှောက်တော့တာပဲ။ သူက အရက်ဝင်လာပြီဆိုရင် သွေးက ရဲသထက် ရဲလာပြီး ဟိုဟာဒီဟာတွေ မမြင်ရတဲ့၊ မြင်ရတဲ့ ဘယ်လောကကိုမှ ကြောက်စိတ်၊ လန့်စိတ်မရှိ ဘူးတဲ့။ ပါးစပ်ကလည်း မူးပြီး ထင်ရာ မြင်ရာ ပြောချင်ပြောနေတာ။ အဲဒီညကလည်း အရက်က မနက်ထဲက ဆိုင်တကာလည သောက် နေတာ။ အတော်မူးနေပြီလို့ ကိုဘလွင်က ပြောတာပဲ။ သူတို့က ဒီည ငါးရှာဖားရှာ မထွက်ဖို့တောင် ထားတယ် တဲ့။ ဒါပေမဲ့ မြဒင်က





သူ… ဒီည၊ ကွင်းပိုင်နဲ့ စိန်ခေါ်ထား လောင်း ကြေးထပ်ထားတယ်လို့ မူးမူးနဲ့ ပြောနေတာ။ နောက်ပြီး မြဒင် ငါးသွားရှာမှာ ကျိုက်ဒေးဝ ဘုရားကုန်းဘက်လို့ ပြောတာပဲ။ အဲဒီဘုရားကုန်းကလည်း ရှေး ကတည်းက အစောင့်အရှောက်ကြီးတယ်လို့ သတင်းကြီးတဲ့ နေရာပါ။ မိုးတွင်းဆိုတော့ ဆည်စပ် မြေနိမ့်ကွင်းတွေမှာ ဖားငါး ပေါတာကိုး။

နောက်တော့ မြဒင်၊ ကိုင်းစည်းထမ်းပြီး ဒယီးဒယိုင်နဲ့ ရွာမြင် ထွက်သွားတာ မြင်လိုက်ကြရတာပဲတဲ့။ မြဒင်က အရက်ဆိုင်မှာ တစ်နေ့လုံး ဒီနေ့ သူနောက်ဆုံးအရက်ကို တဝသောက်သွားတာပဲလို့ မဦးမချွတ် တသွင်သွင်ပြောနေလို့ အရက် ရောင်းတဲ့ မကုလားမက တောင်…

"ဟဲ့၊ နင်က သေစကားချည်း မူးမူးနဲ့ပြောနေရအောင် နင် ဒီနေ့ တကယ်သေမှာလားဟဲ့။ တကတဲ မူးလဲ အေးအေးမနေဘူး။ ဆိုင်က လာဘ်ပိတ်ရတဲ့အထဲ"

"ဟုတ်တယ်လေ။ ကျုပ် ဒီည ငါးရှာတာရမရ မနေ့ညထဲက ကွင်းပိုင်ကြီးနဲ့ လောင်းကြေးစားကြေးထပ်ခဲ့တာ။ ကွင်းပိုင်အဘိုးဆိုတာ တွေ၊ တစ္ဆေသရဲတွေ လာမပြောနဲ့ ကျုပ်မသိဘူး။ ကျုပ်သိတာ ကိုင်းထောက်ရင် ငါးရမယ်။ ရရင် ရောင်းစားမယ်။ အရက်နဲ့လဲမယ်။ ဒါပဲ။ ဟိုကောင်တွေက ငါးမရှာခင် အဘိုး အဘိုးနဲ့လုပ်နေလို့ ဒီည အကြောင်းသိရအောင် လောင်းကြေးထပ်လာခဲ့တာ။ ကြည့် မနက်ကျ ကျုပ်ငါးအချိန်တစ်ဆယ်လောက် ရှာပြမယ်။ မရရင် အဘိုးရော ဒီသ သော လုံးဝ ဂရုမစိုက်ဘူး"

"ဟဲ့ တော် တော်"

၆



www.burmeseclassic.com

www.burmeseclassic.com



မကုလားမက တားသေးတယ်တဲ့။ သူနဲ့ ကွင်းပိုင်အဘိုးနဲ့ ဘယ်လိုလောင်းကြေးထပ်ထားတယ်ဆိုတာ ဘယ်သူမှ မသိကြပါဘူး။ ဒါပဲလေ။ လောကမှာ မြင်အပ် မမြင်အပ်တို့၊ ပရလောက နာမ်လောက တို့ကို ယုံကြည်တဲ့ သက်ဝင်တဲ့ သူတွေရှိသလို၊ မွေးကတည်းက ဘာသာရေးအခြေခံ အသိနည်းပြီး ဟိုဟာ မယုံ ဒီဟာ မကြည်နဲ့ တောင်ပြော မြောက်ပြော ဘူမသိ ကိုးမသိတွေလည်း ရှိကြတာပဲ။ ကိုယ့်အိမ်က ဘုရားကျောင်းဆောင်ဖောင် ဆွမ်းမကပ် ရေတော်မလဲ တဲ့ ဗုဒ္ဓဘာသာဆိုတာတွေလည်း သူအများကြီး ကြုံဖူးပါတယ်။ ပြောလိုက်ရင် ဆင်ဖမ်းမယ် ကျားဖမ်းမယ်ချည်း။ ပြီးရင် ယင်ကောင် တောင် မဖမ်းတတ်တော့ဘူး။ သရဏဂုံသုံးပါးတောင် အမြီးနဲ့ အမောက် မတည့်တာတွေလည်း လောကမှာ အများကြီး။ မြဒင်လည်း အဲဒီထဲပါ သွားတဲ့သဘော။ လူဆိုတာ ဒူးနေရာဒူး၊ တော်နေရာ တော် တာ အကောင်းဆုံးပဲ။ ကိုယ်မှ သရဏဂုံမတည် သီလမလုံခြုံဘဲ ပြော လိုက်မှဖြင့် အမြင့်ကြီးတွေချည်းပဲ။ ကျတော့ ခွေးကျ ဝက်ကျ။ သူက ကြုံဖူးပေါင်းများပြီ။ သဗ္ဗေသတ္တာ ကမ္မသကာပဲ။ ကိုယ်က ရတနာသုံးပါးဂုဏ် ထုံထားလို့ ဖုံးနေရင် ကိစ္စမရှိဘူး။ ပုထုဇဉ်ဟာ ပုထုဇဉ်လိုပဲ တွေးတာအကောင်းဆုံးပဲ။ ကိုဘလွင်ကတော့ မှတ်ချက် ချပါတယ်။ မြဒင်က စကားကျွံသွားတာတဲ့။

အဲဒီညက မြဒင် ညဥ့်နက်သန်းခေါင်ကျော် သူ့ရဲ့ဗီမာန် တဲစုတ် ကလေးကို ပြန်လာပါတယ်။ ဘာငါးမှလည်း ရမလာဘူး။ အရင်က လည်း အရက်မူးပြီး အိပ်နေကျဆိုတော့ ဘယ်သူမှ သတိမထားမိကြ ပါဘူး။ ဒါပေမဲ့ ထူးခြားတာက အဲဒီညတစ်ညလုံး မြဒင်ရဲ့တဲတဝိုက်





မှာ တစ်ရွာလုံးက ခွေးတွေ ချီနှံ့ဆိုထားသလားမှတ်ရတယ်။ လာပြီး အူနေလိုက်ကြတာ နဘေးက တဲတွေတောင် အိပ်မရကြဘူးတဲ့။ တစ်ခါ မှလည်း ဒီလို မဖြစ်ဖူးဘူးတဲ့။ အဲဒါ ဆန်းကြယ်တဲ့အဖြစ်ပဲ။ အဲ မနက်ကျတော့ မြဒင်မနိုးတော့ နှီးမှ အလောင်းက တောင့်နေပြီ။ တစ်ကိုယ်လုံးလည်း ပြာနှမ်းလို့။ သိတဲ့သူတွေက ပိုးထိတာလို့ ပြောကြ တာပဲ။ တစ်ခုရှိတာကတော့ မြဒင်တို့ တဲတန်းရဲ့ အစွန်က အရက် သမားဦးကျော်လှကတော့ သူ ညက အပေါ့သွားတုန်းက မြဒင်ရယ် ကိုယ်လုံး တုတ်ခိုင်ခိုင် လူကြီးတစ်ယောက်ရယ်၊ ရွာစပ်ကွင်းထဲဘက် ထွက်သွားတာ အသေအချာ မြင်ရတယ်လို့ အခိုင်အမာပြောနေတာပဲ။ ဒါပေမဲ့ အရက်သမားစကားဆိုတော့ ယုံရနိုးနိုးပေါ့။ ကိုဘလွင်ရော တစ်ရွာလုံးကပါ မှတ်ချက်ချတာကတော့ 'မြဒင် ကွင်းမှားတာ' လို့ပဲ တီးတိုး တီးတိုး ပြောနေကြတာပေါ့။ ဒီကွင်းတွေကလည်း အမှားမှ မခံဘဲကိုး။ တစ်ခုပဲ သူသိချင်နေတာ။ မြဒင်ရဲ့အဖြစ်က ဗုက်ဖဲဆန့်တဲ့ ဂမ္ဘီရအဖြစ်ကိုး။

သူသိချင်တာကို မြဒင်လည်း သေပြီဆိုတော့ ဘယ်သူ့ကိုမှ မေးလို့မရဘူး။

အဲဒါက မြဒင်တစ်ယောက် ကွင်းပိုင်အဘိုးနဲ့ ထပ်ခဲ့တယ်ဆိုတဲ့ လောင်းကြေးက ဘာလည်းဆိုတာကိုပဲ။ အဲဒီလောင်းကြေးရယ်ကို ခေါ်ပြီး မေးကြည့်ချင်နေတာပဲရယ်။

❀



www.burmeseclassic.com

www.burmeseclassic.com






မိုးကရွာလာတော့မည်။ မနေ့တစ်နေ့ကပင် သင်္ကြန်ပြီးပါမှ သင်္ကြန်လွန် လက်ဆေးမိုးရွာအပြီး ဒီနေ့ ကဆုန်လပြည့်နေ့မှာ မိုးကညို့နေသည်။ ကြာရိုးကတော့ သူ့ရဲ့တဲကပြင် ကျိုးတိုးကျဲတဲ ဆင့်ပေါက နေ အုန်းတောကြီးအထက်က ကောင်းကင်ထဲမျောရွေ့နေတဲ့ မိုးတိမ်မည်းတွေကိုပဲ ကြည့်ရင်း ရင်မ သက်ပြင်းချနေရ၏။ သူ့ကသာ စိတ်တပူပူ၊ သက်ပြင်းတဆူဆူဖြစ်နေပေမယ့် မိုးဆိုတာက ရွာချင်ရွာမယ့်ဥစ္စာ။

ဒါပေမဲ့ ဘာပဲပြောပြော ကြာရိုးကတော့ ကျိုးတိုးကျဲတဲ နေမြင်လမြင် နက္ခတ်ကြယ်တာရာတွေကိုပါ မကြည့်ချင်လည်း မြင်နေရတဲ့ သူ့ရဲ့ တဲစုတ် ခေါင်မိုးနဲ့ တဲနံရံတွေက ထရံဆွေးတွေရယ်၊ ဟိုကာဒီဖုံး လုပ်ထားရတဲ့ ပိန်အိတ်ခွံ တိုးလို့တွဲလောင်းတွေကိုပါ ကြည့်ရင်း ဘတ် နိုင်သမျှ မိုးကို ဆွဲတားနေမိတာရယ်။ ခုနေ ဖြန်းဖြန်းကွဲအောင် ရွာချလိုက်လို့ကတော့ ခနော်နီခနော်နဲ့ ယိုင်ထိုးနေတဲ့ သူ့ရဲ့ တဲခြေရင်းသိ တက်စပြုနေပြီဖြစ်တဲ့ အောက်ရေရယ်၊ မိုးရေကြားထဲ ကြာရိုး ဘင်မက သူ့မယား ခင်ဆုံရော၊ အိမ်က တိရစ္ဆာန်ပေါက်စ အလတ်ကောင် ဒိုးလုံး၊ နို့ညှာမ ပိန့်သေးပါ မိုးရေထဲမျောမှာမဟုတ်။ ချောင်းရေထဲမျောမှာ သေချာသည်။

ဒါပေမယ့် ကြာရိုးက တန်ခိုးရှင်လည်းမဟုတ် ဝိဇ္ဇာသူတော်စင်ကြီးတွေလို သိဒ္ဓိ တစ်ပါး၊ နှစ်ပါးပေါက်မြောက်နေသူလည်း မဟုတ်။ ပေါက်ဖို့ မြောက်ဖို့နေနေသာ ကြာရိုးက ဘုရားစာတောင် အလွတ်မရ၊ ဘယ်တုန်းကမှလည်း တစ်ကြိမ်တစ်ခါမျှ ဘုရားမှ မရှိခိုးခဲ့ဘူးတာရယ်။ ဒါပေမဲ့ သူ့စိတ်ထဲမှာ ရတနာသုံးပါးအမြဲရှိနေသည်။ စိတ်ထဲမှာ ဘုရား

www.burmeseclassic.com



ရှိခိုးနေရင်ပြီးတာပဲ။ ကျန်တာတွေက အပိုအလုပ်တွေဟု တင်ါပိုပီ ရံဖန် အဲဒီလိုတွေးတတ်သည်။

အမှန်တော့ ကြာရှိး အလုပ်ကလည်း ဘုရားရှိခိုးလို့ သိပ်မဖြစ်၊ သူက နေ့စဉ်နေ့တိုင်း ပါဏာတိပါတကံကို အမြဲကျူးလွန်နေရပြီး ရံဖန်လည်း သူရာမေရိယကံကိုပါမမြဲ။ ကြာရှိးတို့ ဒီ မေတ္တာပေါင်းကူး တပိုက်နဲ့ ငမိုးရိပ်ချောင်းမကြီးနံဘေးက လူတွေအားလုံး ကြာရှိးပြော တဲ့ ကံတွေမလို့။ တချို့တွေဆို ကာမေသုမိစ္ဆာကံရော၊ အဒိန္နာကံကိုပါ ငါးဝါးစလုံး တစ်ပါးမှမကျန်အောင် ကျူးလွန်ကြစမြဲ။ ကြာရှိး ကျူးလွန် တဲ့ကံက နည်းသေးတယ်ဆိုရမည်ဖြစ်၏။

ဒီကံတွေကိုလည်း ကြာရှိး လုံအောင် စောင့်ထိန်းဖို့ကမလွယ်။ သူတို့ရဲ့ ရှေးဘိုးဘွားတွေ ကိုယ်တိုင်ရော ဒီချောင်းကမ်းဘေးနေထိုင် ကြတဲ့ သပြေခြံ၊ ဓနိခြံ၊ စိုက်ခင်းတွေကအစ ငါးရှာ၊ ဖားရှာလုပ်ငန်း တွေနဲ့ ဘယ်ကင်းမှာလဲ။ အိမ်မှာ မွေးထားတဲ့ ကြက်ကလေး၊ ဘဲ ကလေးတွေဆိုလည်း မူးလာပြီဆို လောက်လေးတစ်ချက်ဆွဲပဲ။ သူတို့အဖို့ ပါဏာတိပါတကံဆိုတာ မွေးရာပါ သူငယ်ချင်းလို ဖြစ်နေ ပြီ။ အဲ... တချို့ကြတော့လည်း ဟိုဘက်ကမ်းက သဲဒိုင်၊ သဲကျင်းတွေ ဆီမှာ သဲလှေလိုက်ကြ။ သဲကားလိုက်ကြ လုပ်ကြပါသည်၊ ဒါကလည်း လူနည်းစုပါ။ သူတို့နဲ့ မွေးကတည်းက ယဉ်ပါးလာတဲ့အလုပ်က ငါးရှာ၊ ဖားရှာ အလုပ်ပဲ ဖြစ်သည်။

ဒီညလည်း ရေထ ; ရက်ဖြစ်လို့ အောက်ရေပြည့်လာလျှင် ဟိုဖက် မှိုတောစွန်က တာတီးလာလိမ့်မည်၊ သူတို့နှစ်ယောက် ထားဝယ်ချောင် ကျောင်းကြီးတွေဘက် ပိုက်ချသွားကြမည်။ တာတီးမှာက လှေရှိသည်၊





အဲဒါကြောင့် ကြာရှိး မိုးညို့နေတာကို ကြည့်ရင်း စိတ်ထဲပူပန်နေတာ ဖြစ်သည်။ ဒီရက်တွေအတွင်း ငါး၊ ဖား အတော်လေးမိလိုက်ရလျှင် သင်္ကြန်ကာလကယ်လေး ရှေ့တစ်ခြမ်းမိုးနိုင်မည်။ ကြာရှိးက လူကြီး။ ကိစ္စမရှိ။ ရေတောရွှံ့တောထဲ လုပ်စားနေတာ ကြာလှပြီ၊ ဟိုတိရစ္ဆာန်ပေါက်စ ဒိုးလုံးနဲ့ပိန်သေးတို့ အအေးမိ ဖျားနာရင် ကုစရာ ပိုက်ဆံမရှိ။ ဈေးရ ငွေရ ပေါင်နဲ့ရမယ့်ပစ္စည်းဆိုလို့ ထမင်းချက်မြှုတ်စားတဲ့ ဒန်အိုး၊ ဒယ်အိုးနဲ့ သံပုန်းကန့်ပြား သုံးလေးချပ်ပဲရှိသည်။ ဒါလည်း ဘယ်အိမ် မှ အပေါင်မခံ။

ကြာရှိးအတွေးစမပြတ်ခင် . . .

"ဟကောင် . . . ကြာရှိး . . . ပြီးပြီလားဟ၊ သွားကြရအောင် နောက်ကျနေမယ်"

"အေး . . . လာပြီ၊ တာတီးရ . . . ခဏလေး လာပြီ"

အုန်းတောစပ်က လှမ်းအော်နေတဲ့ တာတီးအသံကြွကြီးကြောင့် ကြာရှိး လုံးထွေးထားတဲ့ ပိုက်ဖုံ့ရယ်၊ လိုအပ်တာတွေထည့်ထားသည့် ပလိုင်းရယ်၊ မိုးကာအစုတ် ခြုံထည်ကြီး လှမ်းဆွဲပြီး တဲထက်က ဆင်းလာခဲ့သည်။ ခင်ခိုနှင့် ဟိုနှစ်ကောင်က ဘုန်းကြီးကျောင်းဘက် သွားနေကြသည်။ သွားနေသည် ဆိုခြင်းထက် ညစာဖြေရှင်းရန် ညနေ ခင်း ကျောင်းကစွန့်ကြမည့် ဆွမ်းကျန် ကွမ်းကျန် သွားယူခြင်းဟုဆိုက ပိုမှန်မည်။ ကောင်းကင်ပေါ်က မိုးတိမ်တွေကြောင့်ရော၊ မြင့်မားသည့် အုန်းတောကြီး၏ သစ်ရွက်တွေကြောင့်ပါ မှောင်စပြုနေပြီ။

"ရေ အတော်ထ,တယ်ကွ၊ မိုးလည်းရွာချင် ရွာနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါးတော့ တိုးမှာကွ"

"ဟာ... တာတီး၊ ဖွဟာ...လွဲပါစေ၊ ဖယ်ပါစေ။ ငါက တစ်ချိန်လုံး မရှာဖို့ ဆုတောင်းနေတာကွ"

"ငါ့တဲအခြေအနေလည်း မင်းအသိပဲ၊ တော်ကြာ အိပ်စရာဘုံ ပျောက်နေမယ်"

"အေး... ဟုတ်သားပဲ၊ မြွေမယ့်သာပြောတာ ငါ့တဲလည်း ဘာထူးလဲ အတူတူပဲ။ အိုကွာ မင်းပြောသလို မိုးရွာဖို့မပြောနဲ့၊ ခု အောက်ရေထနေလို့တောင် ချောင်းဖျားက သာဂိတို့ ကြီးစိန်တို့ တဲ အောက်ရောက်နေပြီ ကြာရိုးရ"

အုန်းတောစွန်က ချောင်းလက်တက်ထဲရှိ လှေဆီရောက်လာပြီး ကြိုးဖြုတ်သည်။ ရေကပင် အုန်းမြစ်တုံးတွေ မြုပ်လုနေပြီဖြစ်၏။ ပိုက်ဖုံတွေ တင်ပြီး တာတီးကတက်ရင်း လှေကိုတွန်းချသည်။ ကြာရိုး အုန်းတောထဲကနေ လှေကို ချောင်းမကြီးထဲသို့ လှော်လာခဲ့၏။ ချောင်း မကြီးထဲ ရောက်သွားသောအခါ တက်ရေဖြင့် လှေကို ထားဝယ်ချောင် ကျောင်းကွေ့ဘက်သို့ အသာအလိုက်သင့် မျှောချလိုက်သည်။

မြစ်ပြင်က ပြည့်ဝန်းနေသည့်လရောင်ဖြင့် ဘော်ငွေရောင် တလက်လက်ပြေးနေ၏။ လှေဝမ်းအလယ်မှယူလာသော ပုလင်းနှင့် ဖန်ခွက်ကို ချရင်း-

"မင်း... ချမယ်မို့လား ကြာရိုး။ ငါ ဘုတ်ဆုံဆိုင်ကဆွဲလာတာ၊ မနက်ကျမှယူလို့ ပြောခဲ့တယ်"





တာတီးလှမ်းပေးသည့် ဖန်ခွက်ကို ငွပ်ခနဲ မော့လိုက်ပြီး ကြာရိုး လှေကို ကမ်းဆောင်းကပ် လှော်သည်။ သိပ်မကြာလိုက် သူတို့ ပိုက်တန်းမည့် ကျောင်းကြီးကွေ့သို့ ရောက်လာ၏။ ဒိုက်ချုံ၊ ခရာချုံများနှင့် ရေအတိမ်အနက်ကို ကြည့်လျက် ပိုက်တန်းသည်။ ပြီးလျှင် နှစ်ယောက်သား လှေဝမ်းထဲ ခွက်လှည့်သည်။ ရေတစ်ရေ ပြန်ဆင်းမှ ပိုက်ဖော်မည် ဖြစ်သည်။ သုံးလေးနာရီခန့်တော့ စကားပြော အရက်သောက် နေရုံအပြင် ဘာမှ လုပ်စရာမရှိ။

အမှန်တော့ ကြာရိုးရော၊ တာတီးပါ တကယ့်နေရာမှာ ပိုက်လာချခြင်း ဖြစ်သည်။ သူတို့လှေကြိုးချည်ထားရာ နေရာနှင့် မနီးမဝေးမှာ သုသာန်တစ်စကုန်းမြင်။ နောက်ဒီနေရာက ငါးအထိများပေမယ့် အခြောက်အလှန့်ပေါသည် ဆို၍ တချို့တံငါတွေ လက်ရှောင်သည့် ကွေ့။ ကြာရိုးရော တာတီး ပါ ဒါတွေကို သိပ်မယုံကြည်သလို ငါးအထိများဖို့ပဲ လိုသည်။ သူတို့အဖို့ မမြင်ရသည့် တစ္ဆေသရဲထက် မြင်ရသည့်ငါးက ပိုအရေးကြီးသည်။

"ဟော့ကောင်... ကြာရိုး၊ ဒီကွေ့က နာမည်ကြီးနော်..."

"သူ့ဘာသာသူ ကြီးကြီး မကြီးကြီးပေါ့ကွာ။ ငါကတော့ တယ်ယုံလှ ကြောက်လှတယ် မဟုတ်ပါဘူး"

သောက်ရင်းစားရင်း ဘာရယ်မသိဘဲ ကြာရိုးမျက်လုံးတွေ စင်းလျက် အိပ်ပျော်သွားသည်။ အချိန်ကျ၍ ပိုက်ဖော်ရန် ပိုက်တန်းကို ဆွဲဖော်သည့်အခါ အံ့သြဖွယ်ရာ မြင်ကွင်းတစ်ခု။ ယင်းမှာ အကြီးအသေး ငါးမျိုးစုံကြားထဲ၌ ရွှေရောင်သန်းနေသည့် မည်းသည့်ငါးမှန်း ရက်တရက် ဝေခွဲမရသည့် ငါးတစ်ကောင်ပါလာသည်။ ငါးမှာ တစ်



www.burmeseclassic.com

www.burmeseclassic.com



တောင်ခန့်ရှိသည်။ ကြာရိုး အံ့သြမှင်တက်၍ ကြည့်နေစဉ် ယင်းငါးလေးမှ...

"ကျုပ်ကို ပြန်လွှတ်ပေးပါဗျာ။ ကျုပ် နေတဲ့နေရာကနေ လပြည့်နေ့မို့ ဘုရားလာဖူးရင်း ခင်ဗျားတို့နဲ့ ကြုံတာပါ။ ကျုပ်ပြန်မလာရင် အားလုံး စိတ်ပူပန်နေလိမ့်မယ်။ ခင်ဗျားတို့ အခြားငါးတွေလည်း ရနေတာပဲ။ ကျုပ်ကို ပြန်လွှတ်ပေးပါ။ ကျုပ် ခင်ဗျားကျေးဇူးကို မမေ့ပါဘူး"

"ဟာ... မဖြစ်နိုင်တာ၊ ငါးက ဘယ်လို လူစကားပြောနိုင်မှာလဲ"

"လောကမှာ မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူးဗျာ၊ ကျုပ်ကို လွှတ်ပေးပါ၊ ကျုပ် ကျေးဇူးပြန်ဆပ်မှာပါ၊ မလွှတ်ခဲ့ရင်တော့ ခင်ဗျားတို့ ဘေးဆိုးအမျိုးမျိုးတွေ့မှာ အမှန်ပဲ၊ ကျုပ်ပြောတာယုံပါ"

"ဟာ... မ... မဖြစ်နိုင်ဘူး... မဖြစ်နိုင်ဘူး..."

အော်ဟစ်ရင်း ကြာရိုး ဖျတ်ခနဲ လန့်နိုးသွားရ၏။ သူ့အိပ်မက်ဆန်း မက်နေခြင်းဖြစ်သည်။ ကြာရိုးအိပ်မက်က လန့်နိုးသည့်အချိန်ဖြင့် တာတီးပိုက်ဖော်နေသည့်အချိန်က တိုက်ဆိုင်နေလေသည်။ ကြာရိုးပါ ဝိုင်းကူသည်။

"ငါးအကော်ထိပုံပဲကွ၊ ဟာ ဒါက ဘာ ငါးတုန်းဟ..."

"ဟင်..."

လရောင်အောက်မှာရော မီးခွက်ရောင် အောက်မှာရော ကြာရိုး ထူးဆန်းစွာ တွေ့လိုက်ရသည်။ ပိုက်ထဲက ရုန်းကန်နေသော ရွှေရောင်ဝင်းဝါနေသည့် ငါးတစ်ကောင်။ ကြာရိုး လန့်သွား၏။ ပိုက်ကြားထဲ





မှ ရွှေရောင်ငါးကြီး၏ ပြူးကျယ်ဝိုင်းစက်နေသော မျက်လုံးတွေနှင့် အသက်ရှူမဝ၍ ဟစီ၊ ဟစီ ဖြစ်နေသည့် ပါးဟက်နှစ်ခုကလည်း ကြာရိုးအား မော့ကြည့်လျက် အသနားခံတောင်းပန်တိုးလျှိုးနေသယောင်။

ကြာရိုးသည် အိပ်မက်တွေဘာတွေ မက်လေ့မက်ထ မရှိသော်လည်း ယခုအိပ်မက်က လက်တွေ့ပြင်ပမှာပါ တစ်ပုံစံတည်း ထပ်တူညီလျက် အံ့သြဖွယ်ရာ ဆန်းကြယ်လွန်းနေသည်။ နောက် ဘာရယ်မသိပါဘဲ ကြာရိုး၏ နှလုံးသားထဲ၌ တံငါသည် မဟုတ်သလို ပိုက်ထဲရှိ ရွှေရောင်ငါးကြီးကို ကြည့်ကာ ကြင်နာသနားစိတ်ဝင်လာ၏။ အိပ်မက်ထဲက ငါးကြီးပြောသော စကားတွေကိုလည်း ပီသထင်ရှားစွာ ပြန်ကြားယောင်လာမိ၏။

"ဒီ... ငါးက ထူးဆန်းတယ်ကွ၊ ရွှေရောင်ငါး ငါ့တစ်သက် မမြင်ဖူးဘူး..."

"ပြန်လွှတ်လိုက်ပါကွာ၊ သနားပါတယ်"

"ဟာ... ဟော့ကောင်၊ ကြာရိုး၊ ဒါ... ဒါ... ဘာလုပ်..."

တာတီးဟန့်တားသံ မဆုံးခင် ကြာရိုး ရွှေရောင် ငါးကြီးကို ပြန်လွှတ်လိုက်ပြီးလေပြီ။ ကြာရိုး၏ အပြုအမူကို မူးမူးဖြင့် တာတီးတစ်ညလုံး ပြစ်တင်ကြိမ်းမောင်း၍ မဆုံးတော့။ တဗျစ်တောက်တောက်ဖြစ်နေလေသည်။ ကြာရိုး ကမူ သူ့မူးမူးဖြင့် အိပ်ပျော်သွားစဉ် မက်ခဲ့သည့် အိပ်မက်ဆန်းအား တာတီးအား ဖွင့်ဟ ပြောမနေတော့။ ပြောလည်း မယုံမှာ မှသာချာနေသဖြင့် တာတီးက သူ့ကို အရူးကြောင်ကာ ရူးနေသည်ဟု ဆိုမှာသေချာလှသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုညက သူတို့နှစ်ယောက် ယင်းထားဝယ်ချောင် ချောင်းကွေ့ဒေါ်ငါးများ မျှော်လင့်တာထက် ပိုရခဲ့လေသည်။ သို့သော် သူတို့နေထိုင်ရာ အုန်းတော ပေါင်းကူးတဲစုလေး၌မူ ကြာရိုး၏ ရှုးကြောင် မူးကြောင် အဖြစ်ဆန်းကိုမူ တာတီးပြော၍ တံငါစုအကြား ထူးဆန်းအံ့ဖွယ် ဖြစ်သွားရလေသည်။ ကြာရိုးမယား ခင်ဆုံကလည်း တဗျစ်တောက်တောက်...

ပို၍ ထူးခြားသည်က ယင်းနေ့မှစ၍ ကြာရိုးတစ်ပိုင်းတစ်စ မရဟာရ,ဖြင့် ဘုရားရှိခိုးလာခဲ့ခြင်းဖြစ်သည်။ ခင်ဆုံပင် မျက်စောင်းတထိုးထိုး။ တံငါတဲစုများကလည်း အားလုံးအံ့သြနေကြ၏။ သည့်ထက်ပို၍ အံ့သြထူးဆန်းဖွယ်အဖြစ်မှာကား ဂမ္ဘီရဆန် မျက်လှည့်ပြလိုက်သလို လမကူးခင်မှာပင် ကြာရိုးတို့မိသားစု နေ့ချင်း ညချင်း ဘဝပြောင်းလဲသွားခြင်းပင်တည်း။ ကြာရိုးတို့ မည်သို့ချမ်းသာ သွားမှန်း မည်သူမျှ မသိကြ။

နားစွန်နားဖျား အကြားဖြင့်မူ တချို့က ကြာရိုး၏ တဲတိုင်ရင်းရေဖြင့် မျောလာသည့် ရွှေဗူးလေးအား ရသွားလို့ဟူ၍လည်းကောင်း၊ ကြာရိုးဖမ်းမိသည့်ငါးအား ချက်စားရန် ပြင်ဆင်စဉ် ဝမ်းဗိုက်ထဲမှ ရတနာထုပ်ရသွားခဲ့သည်ဟူ၍ လည်းကောင်း ယခုတိုင် ပြောဆိုနေကြခြင်းပင်၊ ထင်ကြေးပေးနေကြတုန်းပင် ဖြစ်သည်။

မည်သို့ အတင်းကာရော သွားမေးမေး ကြာရိုးကမူ ပြုံးပြုံးကြီး မပွင့်တပွင့် ပြုံးနေတုန်းရယ်လေ။





# ညှောင်ပင်နီက အဘွားကြီး

ဒီနေရာကို သူတို့ကယ်ရိုသမားတွေက ညှောင်ပင်နီလို့ ခေါ် သမုတ်ကြတယ်။ တတ်နိုင်ရင် ညကြီးမိုးချုပ် အဲသည်နေရာဝန်းကျင် တဝိုက် ကယ်ရီခေါ်ရင် ပိုက်ဆံဘယ်လောက်ရရ အများစုက မလိုက်ကြဘူး။ ဘာကြောင့် မလိုက်တာလည်း... အကြောင်းအကျိုး

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်။ မနေ့တစ်နေ့ကမှ ကယ်ရီလောကထဲဝင်လာတဲ့ ကယ်ရီသမား လက်သစ်တွေကတော့ ဘုမသိဘမသိနဲ့ ပိုက်ဆံကြေးလေးနည်းနည်းပို ရရင် အမိုက်ခံပြီး လိုက်ချင်လိုက်မှာပဲ။

ဒါပေမယ့် ဘကျော်တို့လို ကယ်ရီသက်ရင့်တဲ့ ဝါရင့်ကယ်ရီ သမား အများစုကတော့ ခုနကပြောသလို ဝေါင်ဝေါင်ရှေး ဝေးဝေး ရှောင်ပဲ။ ဘာကြောင့်လဲဆိုတော့ လူဆိုတာ ဘယ်သူမဆို ကိုယ့် အသက်ကို ကိုယ်ခင်တွယ်ကြ ရှင်သန်လိုကြတာချည်းပဲမို့လား။ ခုနပြောတဲ့ ညောင်ပင်နီဆိုတာကလည်း ကယ်ရီသမားတိုင်း ခေါင်း တစ်ခါခါ လက်တစ်ခါခါ ငြင်းဆန်ရလောက်အောင် ရာဇဝင်နဲ့အတိတ် သမိုင်းလည်း ရှိခဲ့တယ်။ ခုထိလည်းရှိနေတုန်းပဲလို့ သူတို့လို ကယ်ရီ သမား အများစုက ယုံကြည်လက်ခံထားကြတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူတို့ရဲ့ မျက်စိနဲ့ မမြင်ရတဲ့ ပရလောကနယ်နဲ့ ပတ်သက်နေ တာကိုး။ မသိချင် မကြားချင်လို့မှ မရတဲ့ဥစ္စာကိုး။ ကိုယ်တွေ့သာ သိပ်မကြုံဖူးတာ။

သန်လျင်မြို့ဆိုတာ ရှေးပဝေသဏီထဲက ခေတ်အဆက်ဆက် မင်းဆက်တွေ၊ ရာဇဝင်တွေ စာတင်ရလောက်အောင်နေထိုင်ခဲ့ကြတဲ့ မင်းနေပြည်တော်ကြီး ဖြစ်ခဲ့တာကိုး။ နောက်ပြီးသာသနာကလည်း ပွင့်လင်းခဲ့တဲ့နေရာထူး တစ်ခုဆိုရင်လည်း ဟုတ်တယ်။ ရာဇဝင်မှာ လွမ်းဆွတ်ကြေကွဲစရာဖြစ်ရပ်တွေ ဂမ္ဘီရဆန်လှတဲ့ဖြစ်ရပ်တွေ ဒုနဲ့ဒေး တည်ရှိခဲ့တဲ့အရပ်လို့လည်း ပြောရင်ရတယ်။ ရှင်မွေ့နွမ်းနဲ့ မင်းနန္ဒာ ဆိုရင်ပဲ ဘယ်လောက် ကြေကွဲရင်နင့်မွယ်ကောင်းလဲ။ ဟိုးတုန်းတစ် ချိန်ကတော့ သစ်ကြီးဝါးကြီးတွေ စိမ့်စမ်း လျှိုမြောင်တွေ ပတ်ချာ





လည်ဝိုင်း ထူထပ်လို့ တောကြီးမျက်မည်း ဖြစ်ခဲ့ပေမယ့် ဒီနေ့ပစ္စုပ္ပန် မှာတော့ စည်ကားပွင့်လင်းတဲ့ မြို့ကြီးပြကြီးဖြစ်နေပြီ။

ရှေ့မီနောက်မီ သက်ကြီးရွယ်အို ရွာနေပြည်ထိုင်တွေကတော့ ညောင်ပင်နီကြီးက ရှေးကတည်းက တည်ရှိခဲ့ပြီး အစောင့်အရှောက် လည်း ကြီးမားတဲ့၊ မမြင်အပ်တဲ့ ပရလောကဘုံသားတွေလည်း ကြီးစိုး တဲ့ နေရာလို့ ပြောပြကြတယ်။ ဘကျော် ကလည်း သန်လျင်မြေမှာနေ သန်လျင်နယ်မြေမှာ ကြီးပြင်းခဲ့ရတဲ့ သူဆိုပေမယ့် အဲသည့် ညောင်ပင် နီကြီးအကြောင်း တစေ့တစောင်းကြားဖူးပါတယ်။ အဲဒီအနားမှာ ကား တွေ မကြာခဏ မှောက်တတ် တိုက်မိကြတာတို့။ ညနေဝင်ရီတရော ဆိုရင် အဲသည့်ညောင်ပင်နီအနီးက ချုံနွယ်ပိတ်ပေါင်းတွေနဲ့ ထူထပ် နေတဲ့ ဒုတိယကမ္ဘာစစ်အတွင်းကတည်းက တည်ဆောက်ခဲ့တဲ့ ပျက်စီး ယိုယွင်းနေပြီဖြစ်တဲ့ ဘိုအိမ်မည်းကြီးဘက်ကနေ မိန်းမချောလေး သုံး ယောက် ထွက်ထွက်လာပြီး မြင်းလှည်းတားစီးတာတို့ ညောင်ပင်နီ ကြီးနဲ့ မလှမ်းမကမ်း ကားလမ်းစပ်က အုတ်ခုံဟောင်း လေးပေါ်မှာ ငုတ်တုတ်ဆောင့်ကြောင့်ကြီး ထိုင်ပြီး အစွယ်တဖွေးဖွေး သွားရည် တမြားမြားကျနေတာ စတဲ့ ပုံပြင်ဒဏ္ဍာရီဆန်ဆန် အဖြစ်အပျက်ပေါင်း များစွာ ကြားဖူးကြုံတွေ့ဖူးကြတာများပါတယ်။

ကံငါးပါး မလုံတဲ့လူ။ စိတ်မကြံ့ခိုင်တဲ့ လူတွေဆိုရင်လည်း ဆေးရုံရောက်တဲ့သူကရောက် ပယောဂ ဆရာတွေနဲ့ ကုတဲ့သူကကုရ၊ တချို့လည်း ရူးကြောင်မူးကြောင်ဖြစ်ရ အသက်ဆုံးကြရတာတွေတောင် ရှိတယ်လို့ ပါးစပ်ရာဇဝင်ခင်းသူက ခင်းကြတယ်။ ဟုတ်တာ မဟုတ် တာ အပထား။ အဲသလိုခေတ်အဆက်ဆက် ဒီညောင်ပင်နီကြီးက



www.burmeseclassic.com

www.burmeseclassic.com



သတင်းကြီးနေခဲ့တာပါ။ အဲဒီထဲမှာမှ ဆန်းကြယ်စွာ ထူးခြားနေတာက အဲဒီညောင်နီပင်ကြီး တည်ရှိတဲ့ ကဏ္ဍရာလမ်း ကုန်းကွေ့အဆင်းမှာ တစ်နှစ်ကို အနည်းဆုံး တစ်ကြိမ် နှစ်ကြိမ်တော့ ယာဉ်တိုက်မှုနဲ့ ယာဉ်တိမ်းမှောက်မှု ကြုံတွေ့ရတာပဲ။ တတ်သိနားလည်တဲ့ ရွာနေ ပြည်ထိုင်လူကြီးတွေနဲ့ သံဃာတော်တွေက ပရိတ်တွေရွတ်ဖတ် ကမ္ဘဝါ တွေ ညှပ်လည်း ခေတ္တခဏပါပဲ။ ဖြစ်ရိုးဖြစ်စဉ်တစ်ခုလိုပဲ။ ရင့်ကျက်တဲ့ ဆရာတော်၊ သံဃာတော်အချို့ကတော့ အဲဒီကုန်းတစ်ဝိုက်မှာ ကြီးမားလှတဲ့ ညောင်နီပင်သိုက်ရှိတယ်လို့လည်း မိန့်သူကမိန့်တယ်။

ဘကျော် ကတော့ နဂိုထဲက ပရလောကတို့ နာမ်လောကတို့ ဆိုတာတွေကို မျက်မြင်ဒိဋ္ဌ ရင်ဆိုင်ကြုံတွေ့ဖူးတာမျိုးမဟုတ်ပါဘဲ သက်ကြီး စကားသက်ငယ်ကြားအရ အဲဒီညောင်နီပင်တဝိုက်ကို ရှောင်တယ်။ သူ့ခံယူချက်က လောကမှာ တချို့စွန့်စားရင်းနှီးမှုတွေက ဘဝနဲ့အသက်ခန္ဓာနဲ့ ရင်းရအောင် တန်ဖိုးကြီးမားတယ်ဆိုတာပဲ။ မယုံဘူးဆိုတာ မကြုံဘူးသေးလို့ဆိုတဲ့ ရှေးစကားလည်းရှိတယ် မဟုတ်လား။ ဥပမာပြောရရင် ချောက်ကြီးက နက်ရှိုင်းပါတယ် ဆိုနေတာတောင် တကယ် နက် မ,နက် အနက်ပေ ဘယ်လောက်ရှိမရှိ ခုန်ချကြည့်စရာလိုလို့လား။ ဘကျော်သိရသလောက် ချောက်ဆိုတာ နက်ကြစမြဲပဲ။

ဘကျော်က ဗုဒ္ဓဘာသာဝင်ပီပီ ပရလောကတို့ နာမ်လောကတို့ ဆိုတာတွေကို မယုံဘူးလည်း မဟုတ်ဘူး၊ ယုံတယ်လည်း မဟုတ်ဘူး။ ပြောဖြီးပြီ။ ကိုယ်တွေ့တော့ မကြုံဘူးသေးတာအမှန်ပဲ။ အဲ... ဒါပေမဲ့ ဘကျော်တို့က ကယ်ရီသမားဆိုတော့ သန်လျင်မြို့ရဲ့ တောစွန်ရွာဖျား





ထိ ရောက်ရသလို လူ့ဘဝမျိုးစုံ ခရီးသည်တွေရဲ့ အဖြစ်သနစ်ပေါင်းစုံ ကိုလည်း ကြားနေသိနေရတာပဲ။ အများအားဖြင့်တော့ ဘယ်နေရာ ဘယ်သုသာန်ကုန်းဟောင်းက ဘယ်လို။ ဘယ်လမ်း ဘယ်ရွာထိပ်က ဘယ်သစ်ပင်မှာ ဘယ်သူနေတယ်။ ဘယ်အတ္တာကတော့ မကျွတ်မလွတ်ဘူး။ ဘယ်ကွင်းဘယ်မြေက ဘယ်လို ကြမ်းတယ် အစရှိသဖြင့် ကြားနေရတာပဲ။ ဟုတ်တာလည်းရှိ မဟုတ်တာလည်း ပါချင်ပါမှာပေါ့ လေ။ ကိုယ်က ကယ်ရီသမားဆိုတော့ ဟုတ်လား၊ အင်း ဒါပေါ့ဗျာ အဲ... သလို ဖောရွေလိုက်နေရတာပဲ။ အဲသည့်အထဲမှာ ခုပြောပြမယ့် ညောင်နီပင်ကြီးက လူပြော သူပြောအများဆုံးပဲ။ စောစောက ပြောခဲ့ သလို ကြုံတွေ့ဖူးတဲ့သူတွေက ဒုနဲ့ဒေးကိုး။ အဲသည့်ညောင်ပင်ကြီး က သန်လျင်မြို့နယ်နဲ့ ကျောက်တန်းမြို့နယ် အစပ်အဖျားက ကားလမ်းမကြီးတစ်ခု နံဘေးမှာပဲရှိပါတယ်။ ရွာနာမည်တွေ နေရာဒေသတွေကိုတော့ အတိအကျ မပြောပြတော့ပါဘူး။

ညောင်နီပင်ကြီးရဲ့ သက်တမ်းက နှစ်တွေဘယ်လောက်တောင် ရှည်ကြာခဲ့သလဲတော့မသိဘူး။ အမြစ်ပျဉ်းကြီးတွေတင် လူတစ်ထိုင် ပျောက်တယ်။ ပင်စည်ကြီးက လူသုံးလေးဖက်စာမကသလို အုပ်မိုး ထားတဲ့ အကိုင်းအခက်ရွက်စိပ်တွေကလည်း ကျောက်တန်းသွား ကဏ္ဍရာလမ်းမကြီး အပေါ်ကိုပါ အုပ်မိုးဖြာယှက်နေတာ နွေကာလဆို အဲသည့်အောက်ကား၊ ဆိုင်ကယ်ဖြတ်သွားရင်တောင် အေးမြတယ်လို့ အဆိုရှိတယ်။ ကုန်းမော့ အတက်လည်းဖြစ် ကားလှမ်းအကွေ့ကလည်း ဂယ်ကွေ့နီးပါးဆိုတော့ တစ်ခါတစ်ရံ တစ်ဘက်ကလာတဲ့ကသကို တောင် မမြင်ရဘူး။ ဒါကြောင့် မကြာခဏ ယာဉ် တိမ်းမှောက်မှုတွေ

အရှေ့ဘက်ကောင်းကင်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တတ်တာပေါ့။ ခုပြောပြမယ့် အဖြစ်က သိပ်မကြာခင်လေးလောက်မှ သူတို့ကယ်ရီဂိတ်က တစ်ဆောက်ကန်းဘသန်း ကိုယ်တိုင် ကြုံခဲ့ရတဲ့ အဖြစ်။ အဲသည့်ညကမိုးလေးက တဖွဲဖွဲစွေနေလေရဲ့။

တစ်ဆောက်ကန်းက... တစ်ဆောက်ကန်းဆိုတဲ့အတိုင်း သူဖြစ်ချင်၊ ပြောချင် လုပ်ချင်ရင် ဘယ်သူ့တားတားမရဘူး။ ရှေ့ရေးနောက်ရေးလည်း မတွေးဘူး။ တစွတ်ထိုး လုပ်ကိုင်လိုက်တာပဲ။ အဲသည့်အတွက်လည်း မကြာခဏပြဿနာ အချင်းများရတယ်။ အမိက ဘသန်းက အရက်သေစာလည်း သောက်စားတတ်သလို ဘယ်တစ္ဆေသရဲ ဘုတ်ပြိတ္တာကိုမှ အယုံကြည်လည်းမရှိ အကြောက်အလန့်လည်း ရှိသူမဟုတ်ဘူး။ ပြောရရင် နတ်ပြည် ငြိမ္ဗာပြည်ဆိုတာတောင် တကယ်ရှိလို့လား၊ ဘယ်မှာရှိလို့လည်းလို့ ဘုဂလန့်တိုက် မေးတဲ့ ပြောတဲ့ကောင်။ ပြောရရင် ဘာသာဆိုတာကို ခု အသက် သုံးဆယ်ကျော်တဲ့အထိ ဘူးလုံးနားမထွင်းနဲ့ ဟိုဝါဒလိုလို ဒီဝါဒလိုလိုကောင်။

အဲသည့်ညကလည်း သူတို့ ကယ်ရီဂိတ်ရှိတဲ့ ဘုရားကျွန်းလမ်းဆုံကနေ အဲဒီကျောက်တန်းလမ်းမကြီးပေါ်က ပါဒကြီးကို ခရီးသည်က ကယ်ရီငှားတယ်။ သူပြောတဲ့ သွားမယ့်နေရာက အဲသည့်ညောင်နီပင် ကုန်းနဲ့ ကွေ့ကို ကျော်သွားရမယ့်နေရာ။ အချိန်ကလည်း အနည်းငယ် လင့်နေတော့ တချို့ကယ်ရီသမားတွေ မလိုက်ကြပေမယ့် တစ်ဆောက်ကန်းဘသန်းက ဆိုင်ကယ်ကို ဝေါခနဲချိုးကွေ့ပြီး ခရီးသည်ကို "ကဲ... လာသွားမယ်" လို့ပြောပြီး ဝေါခနဲ မောင်းထွက်သွားတော့တာပဲ။ ဘဝတူကယ်ရီသမားတွေကတော့ ဘသန်းကို ငါးစားသာ ဟပ်ဖို့မြင်ပြီး ဒစ်ကိုမမြင်တဲ့ ငါးလိုပဲ သက်ပြင်းချ ခေါင်းရမ်းကျန်ခဲ့တာ။





အဲသည့်အချိန် ဘသန်းကလည်း အာစွတ်၊ လျှာစွတ်ကလေး လုပ်ထားတော့ ဖက်ပြိုင်ပြီး စကားမများ၊ အချင်းမများ မတားချင်ကြတာလည်းပါတာပေါ့။ ဘသန်းကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ဘုဂလန့် တိုက်ချင်တဲ့ ကောင်ဆိုတော့ သွားပြီ။ အချိန်က ည ကိုးနာရီလောက် ရှိနေပါပြီ။ ကားတွေလည်းပြတ် လူသူလေးပါးလည်း ပြတ်တဲ့ အချိန်ကြီး။ အားလုံး ရင်တမမနဲ့ပေါ့။ ဘာသတင်းများ ကြားရမလဲလို့ နားစွင့်နေတာကိုး။ နောက်ကယ်ရီတွေ မှိုပေါက်သလို ဒီလောက်ပေါများနေတော့လည်း အကြံအစည်ရှိတဲ့ မသမာသူတွေက ဆိုင်ကယ်လိုမ်တာ လုယက်တာတို့ မကြာခဏဖြစ်နေတော့ လမ်းဆုံလမ်းခွ ကားမှတ်တိုင်တွေမှာ ဆိုင်ရာက ဗီနိုင်းကြော်ငြာဘုတ်တွေ ချိတ်ဆွဲသတိပေးထားရတဲ့အဖြစ်။ သိပ်မိုးချုပ်ပြီး ခရီးဝေးရင် ကယ်ရီသမားတွေ ကိုယ့်အသက်ကိုယ်နှမြောကြတဲ့အချိန်။

ကယ်ရီသမားတွေ ရင်တမမနဲ့ တွေးထင်ထားကြတဲ့အတိုင်းပဲ။ ဘကျော်လည်း မနက်ဖြန်ကျတော့ တစ်ဆောက်ကန်းဘသန်းရဲ့ သတင်းကို ကြားရတော့တာပဲ။ ကြားကြားချင်းတော့ အံ့လည်း အံ့ဩဒေါသ ထည်းထွက် ရင်ထုမနာလည်း ဖြစ်ရတာပေါ့လေ။ အားလုံးကလည်း နပ်တသပ်သပ်နဲ့ ဘသန်းရဲ့အဖြစ်ကို ပြောလို့မဆုံးကြဘူး။ ဆေးရုံကိုလည်း ကယ်ရီတွေ တဝေါဝေါနဲ့ သွားကြည့်ကြ သတင်းမေးကြပေါ့လေ။ ဘသန်းရဲ့ မိန်းမနဲ့ ကလေးနှစ်ယောက်ဆိုရင် ငိုလို့မဆုံးနိုင်ဘူး။ ပြောရရင် ဘသန်းရဲ့ဘဝ ဆုံးသွားသလိုပဲလို့ ပြောရမယ်။ ဘသန်းကတော့ သူ့အဖြစ်သူ့အပူးကို သူသိသလို ဘကျော်တို့ကို တောင်းပန်တဲ့ မျက်ဝန်းတွေနဲ့ ဆေးရုံခုတင်ထက်ကနေ ပက်လက်ကလေးမော့



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လို့။

အဖြစ်ကလည်း ထူးဆန်းပြီး အံ့သြစရာ ဂမ္ဘီရလည်း အရမ်းဆန်တာကိုး။ ဘာပဲဖြစ်ဖြစ် အသိတစ်ခုကိုတော့ မတန်မရာဘဝနဲ့လဲလှယ်ပြီး ဘသန်းဝယ်ယူလိုက်ရသလိုပါပဲ။ တစ်ကိုယ်လုံး မျက်နှာကအစ ပတ်တီးတွေ အဖွေးသားနဲ့ တစ်ဖောက်ကန်း ဘသန်းက ဘကျော်သတင်းမေး ရောက်တဲ့နေ့က နှောင်တရသလို လေသံယဲ့ယဲ့လေးနဲ့...

"ကိုဘကျော်တို့ရော လူကြီးသူမတွေ ဟိုပြောဒီပြောနေကြတဲ့ အဲဒီပရလောကတို့ ပြိတ္တာ တစ္ဆေသရဲဆိုတာတွေ ဥစ္စာစောင့်သိုက်နန်းရှင်တို့ဆိုတာတွေ ကျွန်တော် မယုံကြည်တာ ကိုဘကျော်လဲ သိပါတယ်။ အဲဒီညောင်နီပင်ကုန်းကွေ့ နယ်နိမိတ် မရောက်ခင်ထဲက ကြက်သီးတွေ ဖျိုးခနဲ ဖျန်းခနဲထသွားရတာ။ ကယ်ရီခရီးသည်ကလည်း အဲဒီညောင်နီပင်ကြီးနဲ့ သက်ဆိုင်တဲ့ ပရလောကသားတွေ အကြောင်း ပြောလို့ ကျွန်တော်က ပါးစပ်ကနေ လွှတ်ခနဲ... 'လူသေရင် သရဲ တစ္ဆေဖြစ်တယ် နတ်ဖြစ်တယ်ဆိုတာ အလကားပါဗျာ။ ကျုပ်တစ်သက် မြင်လည်း မမြင်ဖူးဘူး၊ တွေ့လည်း မတွေ့ဖူးဘူး။ ယုံဖို့ဆိုတာဝေလာဝေး။ သူတို့က အစိမ်းသရဲတွေဆိုတော့ ကျုပ်တို့လောက် အုန်းကံဘယ်ရှိမှာလဲ။ သူတို့ခြောက်ရင် ကျုပ်တွေ့ချင်တယ်' လို့ ပြောတာ။

ခရီးသည်ပို့ပြီး အပြန်မှာ အဲဒီညောင်ပင်ကြီး အနားမရောက်ခင် မိန်းမချောလေး တစ်ယောက်က ထွက်လာပြီး ကယ်ရီလိုက်ချင်တယ် ပြောလို့ ကျုပ်လည်း ညဥ့်ပျော်ငှက်လေးထင်ပြီး တင်ခေါ်လာခဲ့တာဗျ။ သူ့ဆီက အမွှေးနံ့လေးကလည်း သင်းပျံ့နေတာကိုးဗျ။ ထူးဆန်းတာက သူက ညဘက်ကြီး မိဘနဲ့ရန်ဖြစ်လို့ ဖူဉ်ထောင်ရွာက အဒေါ်အိမ်ဆင်း





လာတာလို့ပြောပြီး ဖူဉ်ထောင်ကျောင်းသုသာန်ဓမ္မာ ဆင်းမယ်လုပ်တော့ ကျွန်တော် ဆိုင်ကယ်ရပ်ပေးလိုက်တာပေါ့။ အဲဒီမှာ ကျွန်တော့်တစ်သက်နဲ့ တစ်ကိုယ် ပထမဆုံးမြင်ရတာပဲ။

အဲ... အဲဒါက ကျွန်တော် ညောင်ပင်ကြီးအနားက တင်ခေါ်လာခဲ့တုန်းက အရမ်းလှ အရမ်းချောတဲ့ မိန်းမချောလေးပါ။ ဆိုင်ကယ်ပေါ်က အဆင်း ပိုက်ဆံတောင်းမလို့ လှည့်အကြည့် အိုမင်း ရွတ်တွပြီး အရုပ်ဆိုးရွားလွန်းတဲ့ အဘွားကြီးဗျ။ ရုပ်ဆိုးတဲ့အပြင် မျက်စိတစ်လုံးကလည်း ဟောက်ပက်ကြီး။ တကယ့်ကို ထိတ်လန့်စရာ အဘွားကြီးပါဗျာ။ ကျွန်တော် အသည်းပျက်မတတ် ကြောက်လန့်သွားပြီး ဆိုင်ကယ်ကို ဘယ်လို မောင်းထွက်မိသလဲတောင် မသိလိုက်ဘူး။ အဲ...၊ ဒီမှာ... ဆယ်ဘီးကားကြီးနဲ့ ကံဆိုးမိုးမှောင်ကျပြီး..."

ဘသန်းတစ်ယောက် ကံကောင်းထောက်မလို့ အသက်မသေခဲ့ပေမယ့် ကားနဲ့ဝင်တိုးမိလို့ ခြေထောက်တစ်ဖက် ခြေဒူးဆစ်ကနေ ဖြတ်ပစ်လိုက်ရတယ်။ ညာလက်လည်း ဘာမှမလုပ်နိုင်တော့ဘူး။ ဘဝသေသွားတယ်လို့ ပြောလို့ရတယ်။ ညောင်နီပင်ကြီး အထင်ကရသတင်းကြီးတာ အပြောမဟုတ်ဘူးဆိုတာ အဲဒါလက်တွေ့ပဲ။ ဒါပေမဲ့ ထူးခြားတာက တစ်ခါတစ်ရံ ကယ်ရီထိုးတဲ့ လမ်းဆုံမှာ ချိုင်းထောက်ကလေးနဲ့ လာလာပြီး ထိုင်နေတတ်တဲ့ ဘသန်းပါးစပ်က ပရလောက၊ ဝိညာဉ်လောကတွေအကြောင်း မယုံဘူးဆိုတဲ့စကား ဒီဝတ္ထုရေးနေတဲ့အထိ နှုတ်ကတစ်ခွန်းမှမဟတော့ဘူး။ တကယ်ပါ။

❋



www.burmeseclassic.com

www.burmeseclassic.com



# နှစ်ကိုးတောင်

ဒီနိုင်း - ယမုံနိုး

နဘူးတောင်မော်ဆိုတာ ဒီအရပ်၊ ဒီနယ်ကြောမှာ ရွှေမည်းလောကရဲ့ အဦးအစမော်လို့ပြောရင် ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီရိုးမကြီးထဲ ကျောက်တစ်လုံး၊ ပေါ်ဝန်း၊ ဖိုးပင်ချိုင့်၊ စိန်တစ်လုံး၊ သခွတ်ပင်၊ ကံဖျား၊ ကိုးကောင်အစရှိတဲ့ ရွှေမည်းမော်တွေ မပေါ်ပေါက်ခင် မဖြစ်ခင်ကတည်းက ပထမဦး ရွှေမည်းစမ်းတွင်းစပြီး အောင်မြင်ခဲ့တဲ့ နေရာဒေသတစ်ခုမို့လို့ပဲ ကြာတော့ ကြာခဲ့ပါပြီ။



ဘယ်... အဲဒီတုန်းက ဒီနယ် ဒီအရပ် ဒီရိုးမတစ်ကြောမှာ နေထိုင်ကြတဲ့ ထင်းခုတ်၊ ဝါးခုတ်၊ မုဆိုးလုပ်၊ တောင်ယာလုပ်ကြတဲ့ နယ်ခံရွာခံတွေဆိုတာ ရွှေမည်းကို မြင်ဖူးဖို့ နေနေသာသာ ဘယ်လိုသုံးရမှန်းတောင် သိကြသေးတာမဟုတ်ဘူး။ ခုလို ရွှေမည်းလုပ်ငန်းနဲ့ ကြွယ်ဝပြီး စီးပွားဖြစ်ဖို့နေနေသာသာ မိရိုးဖလာ တောင်ယာ၊ ကိုင်းလုပ်ငန်းနဲ့ ပင်ပန်းဆင်းရဲစွာ လုပ်ကိုင်စားသောက်နေခဲ့ကြတဲ့ရွာတွေ။

ခုတော့လည်း သူတို့ကိုယ်တိုင် ဆိုင်ကယ်တာဝီဝီ၊ ဟမ်းချိန်းတချွင်ချွင်နဲ့ ကုမ္ပဏီအဝယ်တော်တွေဖြစ်၊ ကျင်းပိုင်သူဌေးတွေဖြစ်၊ သူဌေးဖြစ်မြန်တဲ့ ရွှေမည်းလောကထဲကို ကိုင်းပစ်၊ ယာပစ်၊ လယ်ပစ်နဲ့ ဝင်ရောက်လုပ်ကိုင်လာလို့ ဟိုတုန်းက လူသူမရောက်တဲ့၊ တောင်တစ်တောင်မှာမှ ကိုင်းတဲလေး လေးငါးလုံးသာရှိတဲ့ ဒီရိုးမကြီးထဲ နွေရောမိုးရော ဆောင်းပါမကျန် ထော်လာဂျီသံတထုံထုံ၊ တရုတ်ဘီး၊ ယိုးဒယားဘီးသံ တဝီဝီနဲ့ အိုးဗီဒီစက်သံတွေ၊ ထောင်းစက်သံတွေ နေ့ရောညပါ တထုံထုံနဲ့ ရိုးမအလယ်က မြို့ကလေးတစ်မြို့လို ဖြစ်နေပြီ။ ရိုးမထဲဆိုပေမယ့် အခြား ရွှေမော်၊ ကျောက်မော်တွေလိုပဲ ဗီဒီယို၊ ကာရာအိုကေ၊ လက်ဖက်ရည်၊ စားသောက်ဆိုင်ကအစ ဘီယာ၊ အရက်အားလုံးရတယ်။ ငွေရှိရင် အကုန်ရတယ်ဆိုတာမျိုး။ ချက်ချင်းလက်ငင်းပြောင်းလဲသွားတဲ့ အဖြစ်ကို ပြောတာပါ။ မနေ့တစ်နေ့ကမှ မော်ထဲ အလုပ်လုပ်ဖို့ ရောက်လာတဲ့လူတွေဆိုရင် ဒီနေရာဒီတောင်တွေဟာ ဟိုတုန်းက လူသူလေးပါးမရှိတဲ့ ရိုးမကြီးလို့ ကျမ်းကျိန်ပြော ဘယ်သူယုံမှာလဲ။ ထော်လာဂျီလမ်းတွေ ဆိုင်ကယ်လမ်းတွေ သစ်ကြီးဝါးကြီးတွေနဲ့ အခိုင်အခန့်ဆောက်ထားကြတဲ့ အိမ်တွေ ဈေးဆိုင်တွေနဲ့ တောင်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းပါး၊ တောင်နံရံ၊ လျှိုကမ်းပါးပြတ်တွေမှာလည်း ကျောင်းစင်တွေ ကျောင်းတဲတွေက အစီအရီ ရှာတန်းရှည်ကြီးလို တည်ရှိနေကြတာကိုး။ အရင်က ရိုးမဆိုတာ ဘယ်ယုံနိုင်ကြမှာလဲ။

ဟိုတုန်းကတော့ အနီးဆုံး ကျောက်ပယ်ရွာနဲ့ နဘူးတောင်မော်ဆိုတာတောင် နှစ်မိုင်ကွာတယ်။ ခုတော့ လမ်းတစ်လျှောက် မော်သစ်တွေ၊ တဲတိုက်တွေ ကျောင်းထောင်းစင်တွေနဲ့ ဆက်လုနီးပါးဖြစ်နေပြီ အဲသလောက် အရှိန်အဟုန်က မြန်တာ။ မြန်မာနိုင်ငံအထက် ကသာ၊ ချင်းတွင်း၊ ကလေးဝနယ်ကနေ အောက်ပိုင်းမြစ်ဝကျွန်းပေါ် အရပ်အထိ ကြည့်မြင်တိုင်၊ လှိုင်သာယာ၊ ရွှေပြည်သာကပါမကျန် ရွှေမည်းမှုဆိုးတွေ ရွှေမည်းသိုက်ရှာဖွေသူတွေက အလျှိုလျှို ရောက်လာခဲ့ကြတာကိုး။ ရိုးမရွာတွေနဲ့ ရွာခံနယ်ခံတွေကတော့ ပဌမ တစ်ယောက်စ နှစ်ယောက်စ ကျောင်းထောင်းသမား အငှားဝင်လုပ်ကြ၊ ရေစည်လှည်း ရေချိုရောင်းကြနဲ့ နောက်တဖြည်းဖြည်း ရွှေမည်းအကြောင်းနားလည်လာတာ။ ကိုင်းရောင်း အိမ်ရောင်းပြီး ရွှေမည်းတူးကြတာ။ ဒါကြောင့်လည်း ရွှေမည်းအစ နဘူးတောင်ကလို့ စာချိုးရှိတာ။

ရိုးမကြီးဆိုတော့ သိတဲ့အတိုင်းပဲ ဘယ်သူပိုင်တာမှတ်လို့ ဒါပေမဲ့ နောက်ပေါက်တဲ့ ရွှေကြာပင် ဘယ်ဘုရားအတင်ခံကြပါ့မလဲ။ မူလ နဂိုကိုင်းသမားတွေက ရွှေမည်းသမားတွေကို ကျင်းတစ်ကျင်း၊ တဲတစ်လုံးစာတူးချင် ဘယ်ရွှေ ဘယ်မျှဆိုပြီး ရိုးမကို လက်ညှိုးထိုး ရောင်းစားတော့တာ။ တချို့ကလည်း တကယ့်ကိုင်းလုပ်ကွက်တွေပါ။ တချို့ကျတော့ တကယ့်တောရိုင်းမြေပါ။ အဲဒါကိုတောင် တချို့က သူတို့ ဘိုးဘွားတွေ ဘယ်တုန်းက ဘယ်ကိုင်းလုပ်လို့





တောင်ယာ မီးရှို့ဖူးတဲ့ သူတို့ပိုင်မြေပေါ့။ ဒါကလည်း ရွှေမည်းရှာသူတွေက ကျင်းထောင်းဖို့မွန်ကြော၊ ကျောက်တန်းကြောကြိုက်ပြီဆို မြေရှင်း သစ်ဝါးခုတ် ကျင်းစင်၊ ကျင်းတဲဆောက်ပြီဆို ကိုင်းရှင်ကပေါ်လာတော့တာပဲ။ ရိုးမထဲ ရွာခံ နယ်ခံတွေနဲ့ အချင်းမများ ရန်မပွားချင်တာနဲ့ ရော၊ အင့်ပေါ့။ နီးရာဓားလည်း ကြောက်ရသေးတာကိုး။ ကိုယ်က နယ်စိမ်းပယ်စိမ်းက သူစိမ်း သက်သက်မဟုတ်လား။ တောသားရဲ့ ဆွဲထုတ် ဆိုတာ အဲသလိုမျိုးနေမှာ။

ရိုးမက မင်းဘူးမြို့နဲ့ ပဒါန်းမြို့ငယ်လေးကြားက ရိုးမပဲ။ မင်းဘူး၊ ရွှေစက်တော်ကိုလာရင် ရွှေစက်တော်လမ်းခွဲ ဆိုတဲ့ လေးပင်ရွာကလေး တည်ရှိတဲ့ ကားလမ်းမကနေ ရိုးမထဲ ဆယ်မိုင်တိတိဝေးကွာတဲ့နေရာမှာ နဘူးတောင် ကရှိတာ။ မင်းဘူးမြို့နဲ့ဆို မိုင် (၃၀) ကျော်ဝေးသလို ပဒါန်းနဲ့ ဆိုလည်း ဆယ်မိုင်မကဘူး ဝေးတာလေ။ မင်းဘူးနဲ့ မော်ထဲ တစ်နေ့တစ်ခေါက်ပြေးတဲ့ မော်ကားဆိုတဲ့ ထော်လာဂျီတွေပဲ နှစ်လုံးထိုးနဲ့ တရွေ့ရွေ့ တအိအိနဲ့ ငယ်သံပါအောင် ရုန်းရတက်ရတဲ့ တောင်ကြော၊ လျှိုကုန်းလမ်းတွေချည်းပဲ။ ရွာခံနယ်ခံတွေရဲ့ ခြေနဲ့တောင် လေးပင်ရွာကနေ မော်ထဲ တစ်မနက်ကျိုးတယ်။ အရင်တုန်းက မသောင်းတို့ နဘူးတောင်ကို လာခဲ့ကြတုန်းကလည်း ခုလို ထော်လာဂျီ ဘယ်ရှိမှာလဲ။ လှည်းလမ်းကြောတောင် မပေါက်သေးဘူး။ ကုန်းကြောင်း လာကြရတာ။ ရိက္ခာ အဆို အခြောက် ပစ္စည်းတွေကိုတော့ လှည်းခ သုံး၊လေး သောင်းပေးပြီး တင်ယူလာခဲ့ရတာ။ ခုလည်း မိုးတွင်းဆို ထော်လာဂျီက တောင်စုချောင်းတွေကြောင့် လမ်းပျက်ပြီး ချောင်းရေ သန့်ရင်မထွက်တော့ဘူး။ အဲဒီအခါ လှည်းငှားခ တနင့်



www.burmeseclassic.com

www.burmeseclassic.com



တပိုးပဲ။ ဒီတော့ မင်းဘူးမြို့ပေါ်မှာထက် ထက်ဝက်မက ဈေးမြင့်တဲ့ မော်ထဲက ဈေးဆိုင်တွေ ရွာတွေက လာလည်ရောင်းတဲ့ အသီးအနှံ သားငါးတွေကိုပဲ အားကိုးရတော့တာပေါ့။ ရွှေမည်းရှာသူတွေသာ ဘဝတွေပြောင်း စီးပွားတွေပြောင်းကြပေမယ့် ရွာခံဈေးသည်တွေကတော့ လက်ကောက်တွေ တစ်ကွင်းပြီးတစ်ကွင်းပဲ။ သူတို့က သေချာမှ မှားကြတာလေ။ မမြင်ရတဲ့ မြေကြီးအောက်ရဲ သူဌေးဖြစ်နည်းထက် သေချာတဲ့ သမုဒ္ဒရာ ဝမ်းတစ်ထွာနဲ့ မြေပေါ်ကသူဌေးဖြစ်နည်းကို ကျင့်သုံးကြတာ။

လူတိုင်း ထမင်းစား၊ လက်ဖက်ရည်သောက် အရက်သောက်ကြတာကိုး။ မြေကြီး လက်နဲ့ပုတ်ရင်တောင် လွဲဦးမယ်။ သူတို့က မလွဲဘူး။ ဒီမော်တွေရှိနေသမျှ သူတို့ရဲ့ ထမင်းအိုးကြီးက ဘယ်ကွဲမှာတုန်း။ သူတို့မျက်စိရှေ့မှောက်မှာတင် ခုသူဌေး တော်ကြာ ခွေးဓာတ်လမ်းတွေ အဖြစ်တွေက အများကြီးပဲလေ။ ခက်တာက လူ့သက်တမ်းကလည်း ဆုတ်ကပ်ဆိုတော့ လူတွေက ကိုယ်ချမ်းသာဖို့၊ ကိုယ်ကောင်း စားဖို့ အတ္တဝါဒစိတ်တွေနဲ့ မောင်နဲ့နှမ၊ သားနဲ့အမိတောင် မချန်ဘူး။ ငွေနဲ့ပတ်သက်လာရင် အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစား။ ဘာမှမကျက်လည်း အစိမ်းစားမယ်ဆိုတဲ့ ဘီလူး၊ သရဲစိတ်တွေက ထူထပ်နေပြီ။

ခုပြောပြမယ့်အဖြစ်က အဲဒီအမြီးမကျက် ခေါင်းမကျက်ခင် အစိမ်းလိုက်စားမိတဲ့ လူတစ်ယောက်ရဲ့ဘဝအဖြစ်ပါ။ လောကမှာလည်း စားဆိုရှိရဲ့ မဟုတ်လား။ စားတတ်ရင် ဆေး၊ မစားတတ်ရင်ဘေးဆိုတာလေ။ နောက်စားသင့်တဲ့အသီးမှ စားရတယ်ဆိုတဲ့စကားလေ။





ပဒိုင်းသီးများ၊ ကျီးအာသီးများ လှလို့ဆိုပြီး သွားစားမိတော့ သွားရောဆိုပါတော့။ ခုအဖြစ်ကလည်း အဲသလို။

စိန့်တစ်လုံးမော် ဒဂုံလှမော်ဘက်ကနေကြည့်ရင် အရှေ့တောင်စူးစူးလောက်မှာ တောင်ကြီးတစ်တောင်ထီးတည်း တည်ရှိရဲ့။ နယ်ခံရွာခံတွေရော၊ မော်သူ မော်သားတွေကပါ နတ်ကိုးကောင်လို့ ခေါ်ကြသလို အဲဒီတောင်ကို စောင့်ရှောက်တဲ့ နတ်ကိုးတောင် အဘိုးဆိုတာလည်း စိတ်ကြမ်းသလို အမှားအယွင်းမခံဘူးလို့ ဆိုတဲ့တောင်။ နယ်ခံရွာခံတွေတောင် ဝေါင်ဝေါင်ရှေးတဲ့နေရာ။ အဲဒီနယ်ကိုပိုင်သူ စောင့်ရှောက်သူက ဖောင်းတော်ရှင် သခင်မ တဲ့။ သူတို့က မောင်နှမအရင်းတွေ။ ရာဇဝင်လည်းရှိတယ်။ လက်တွေ့ကြုံဖူးသူတွေကလည်း ဒီနယ်တစ်ခွင်တစ်ပြင်လုံးဆိုပါတော့။

အဲဒါကြောင့် မော်ထဲရောက်တဲ့ ရွှေမည်းသမား၊ ရွှေမည်းမုဆိုးတွေပါမကျန် ကျင်းထောင်းဖို့ ကျင်းစင်ထိုးပြီဆိုတာနဲ့ ရပ်လေ့ နယ်လေ့ ပွဲနှစ်ပွဲ ပသ,ရတယ်။ ဖောင်းတော်ရှင်သခင်မကို ပိုကြောက်ရွံ့ကြတယ်။ သူက ပိုထက်တာကိုး။ အိပ်မက်အရ တွေ့ဖူးကြုံဖူးသူတွေက ကျားနှစ်ကောင် ဘယ်ညာခြံရံပြီး ဆောင်မားနှစ်ဖက်နဲ့ ကျားစီးတဲ့ သခင်မလို့ ပြောတယ်။ ယုံကြည်ရင် ယုံကြည်သလောက် မ,စ ကူညီစောင့်ရှောက်တယ်လို့လည်း ခံယူကြတယ်။ ဒါပေမဲ့ မော်ထဲ ရွှေမည်းလာတူးတဲ့သူတိုင်းတော့ ဘယ်ယုံပါ့မလဲ။ တချို့လည်း ဇရားယောင်ယောင်၊ ပြဒါးယောင်ယောင်တွေ ပါသလို ဆရာယောင်ယောင် ဂိုဏ်းယောင်ယောင်တွေလည်းပါတယ်။ လူစုံ၊ အငြိုင်စုံ၊ အသွေး



www.burmeseclassic.com

www.burmeseclassic.com



အမွေးစုံကိုး။

အဲဒီထဲမှာ အထက်နယ်က ဘသာကြီးလည်းပါတယ်။ သူက ချင်းတွင်းခရိုင်မှာ နေခဲ့ဖူးတော့ သူ့တဲမှာ ဘာပွဲမှမရှိသလို ကျင်းစင်မှာလည်း ဘယ်သူ့ကိုမှ တင်မြှောက် ပ,သတာမရှိဘူး။ ဘာကိုမှ မယုံတဲ့ သူပေါ့။ လူကတော့ လက်မောင်းတွေ ခြေသလုံးတွေ ခြေခုံတွေမှာ ဟိုဆေးဒီဆေး၊ ဟိုအရုပ် ဒီအရုပ်တွေနဲ့ အင်းကွက်တွေလည်း နှံ့နေတာပဲ။ ဒါပေမဲ့ ဘုရားတရားမြဲသလားဆိုတော့လည်း မမြဲဘူး။ အရက်လည်း သောက်တယ်။ အံဂလုံလည်းထိုးတယ်။ ကြက်ဝက်လည်း အရှင်ဝယ်ပြီး ပေါ်ချင်ပေါ်စားလိုက်တာပဲ။ သူ့အမြဲလက်သုံးပြုနေတဲ့ စကားတစ်ခွန်းရှိတယ်။

"ရွှေမည်းဆိုတာ မြေကြီးထဲမှာနေတာ၊ မွန်ကြော၊ ကျောက်တန်း ဘူမိဗေဒသဘော နားလည်ရင် တူးလို့ရတာပဲ။ အထက်မှာ ကျုပ်တို့ အောင်ခဲ့တာ၊ ဘယ်... တောစောင့်၊ တောင်စောင့်ကိုမှ ပူဇော်ပ,သလို့ မဟုတ်ဘူး။ လက်နဲ့တူးလို့ ဆီပေါက်တာ။ မြေကြီးကြည့်လိုက်တာနဲ့ ဆီနေတယ်၊ မနေတယ် ဘသာတို့ကသိတယ်။ ရွှေမည်းဆိုတာ ကံ မဟုတ်ဘူး၊ ဉာဏ်ပဲ။ ဒါကြောင့် ကိုယ့်လက် ကိုယ့်ဦးနှောက်ကိုပဲ ကိုယ်အားကိုးတယ်။ ဘယ်သူ့ မ,လို့မှ ချမ်းသာမှာမဟုတ်ဘူး၊ ကိုယ်လုပ်မှ ကိုယ်ရတာ"

"ကိုဘသာကြီးကလည်းဗျာ၊ တောထဲ တောင်ထဲ မိုးပြောချိုး ပြောနဲ့ ဘယ်နေရာဘယ်ဒေသမဆို သူ့ပိုင်ရာဆိုင်ရာ မြင်အပ်မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေ၊ သူတော်ကောင်းတွေဆိုတာ ရှိတာပဲဗျ။ ကြည့်လည်း လုပ်ဦး အပြောမတော် တစ်ခွန်းတဲ့"





"တစ်ခွန်း မဟုတ်ဘူးကွာ၊ ဆယ်ခွန်း၊ ဆယ်ခွန်းကွာ..."

ဘသာကြီးက ကျင်းလည်းမပေါက်လို့ ပါလာတဲ့ အိတ်ကလေးကလည်း ပိန်လာပြီ။ ဒီကြားထဲ နဘေးရင်းနှီးတဲ့ ကျင်းတဲတွေက စေတနာနဲ့ တားကြပေမယ့် ဘသာက စိတ်ကြမ်း လူကြမ်း၊ မူးရူးနေတာမို့ နောက်တော့လည်း ဘယ်သူမှ မပြောကြတော့ဘူး။ ကိုယ်လုပ်စရာရှိတာ ကိုယ့်ဘသာ လုပ်နေကြတော့တာပဲ။ လောကမှာ ဘုရားချွတ်တောင် မကျွတ်တဲ့ လူတွေက ဒုနဲ့ဒေးကိုး။ တိုက်ဆိုင်တာပဲလား၊ ဘသာပဲမူးမူးနဲ့ မွန်ကြော၊ ကျောက်တန်း အရွေးမှားလို့လားမသိဘူး။ ဘသာ တူးသမျှကျင်း အခက်အခဲ မျိုးစုံကြုံပြီး တစ်ကျင်းမှ မအောင်ဘူး။ စရိတ်ရှုံး၊ ဝတ္ထုရှုံးပေါ့။ အဲသည့်နောက်ပိုင်း ဘသာ အရက်ဆိုင် တကာလှည့်ပြီး သောက်တော့တာပဲ။ အရင်းကလည်း ပြုတ်လုလုကိုး။ မော်ထဲ တချို့ဈေးဆိုင်တွေမှာ ဈေးကြွေးတောင် တင်နေပြီ။ လာတုန်းက ပါလာတဲ့ဆွဲကြိုး၊ ဟမ်းချိန်းလည်း ကျင်းထဲ ရောက်သွားပြီ။

အဲသည့်နေ့ကလည်း ဘသာ နေ့လယ်ခင်းထဲက တဲကနေ ပျောက်သွားတာပါ။ ညကျတော့ ပြန်မလာဘူး။ သူ့တဲက အလုပ်သမားကျင်းထောင်သမားတွေက မူးပြီး မော်ထဲ တစ်တဲတဲမှာ အိပ်တယ်ပဲ ထင်တာ။ နောက်ရက်လည်း ပြန်မလာတော့မှ စိတ်ပူပြီး အနီးနားဝန်းကျင် မော်ထဲလိုက်ရှာ၊ အသံချဲ့စက်နဲ့ အော်ပေါ့။ ဘသာ ပျောက်တဲ့ကိစ္စ မော်လူကြီးတွေတောင် ခေါင်းကိုက်တယ်။ ဘသာကို ပြန်တွေ့တော့ သုံးရက်ရှိနေပြီ။ အလောင်းတောင် တောတိရစ္ဆာန် တစ်ကောင်ကောင် ကိုက်လို့ တချို့တစ်ဝက်ပျက်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရေချိုရွာသားတစ်ယောက်က နတ်ကိုးတောင်ဘက် ထင်းခုတ်သွားရင်း တောင်ခြေမှာ တွေ့တာလို့ ဆိုကြတယ်။ စဉ်းစားမရတာက အဲသည့်နတ်ကိုးကောင်ဆိုတာ နဘူးတောင်ကြောကနေ အတော်သွားရတဲ့တောင်။ ဘာသာ ဘယ်လိုက ဘယ်လို နတ်ကိုးတောင်ဘက် ခြေဦးကျူးပြီး ရောက်သွားခဲ့သလဲဘယ်သူမှ စဉ်းစားမရဘူး။ တွေးလို့လည်း မရကြဘူး။ တချို့ကလည်း ဘာသာမူးပြီး အရက်ကြောင်ကြောင်ပြီး နတ်ကိုးတောင့်နဲ့နဘူးတောင် လမ်းမှားသွားတာဖြစ်မယ်လို့ ဆိုကြတယ်။

လုံး၀ ဂမ္ဘီရဆန်တာက ရွာခံနယ်ခံတွေ၊ တတ်သိနားလည်တဲ့ မုဆိုး အချို့နဲ့ သက်ကြီးရွယ်အိုတွေ ပြောကြတာတော့ ဘာသာ ကျားဆွဲခံရတာ။ သူ့ဒဏ်ရာက ကျားစားထားတဲ့ဒဏ်ရာတဲ့။ ဘယ်သူတွေက ဘယ်လိုယုံနိုင်ကြမှာလဲ။ ယုံလို့လည်း မဖြစ်တဲ့အဖြစ်ကိုး။ စဉ်းစားကြည့်လေ။ ခုပြောတဲ့ နတ်ကိုးတောင်ကြီးကလွဲလို့ ဒီရိုးမတစ်ခွင်တစ်ပြင် တောင်တွေက မှော်ဖြစ်လို့ တောင်ကတုံးတွေချည်းပဲ ဥစ္စာ။ ရွာခံ နယ်ခံတွေနဲ့ မှော်သူမှော်သားတွေအဖို့ ဒီဆယ်နှစ်တာအတွင်းမှာ ရိုးမထဲ ကျားဆိုတာ မြင်တောင် မမြင်ဖူးဘူး။ ပြောရရင် ကျားမဆိုထားနဲ့၊ ဖွတ်၊ လိပ်တောင် မရှိတဲ့နေရာ။ မမြင့်ရတဲ့အရပ်။ ကဲ... မဆန်းဘူးလား။

ဂမ္ဘီရဆန်မနေဘူးလားဗျာ။





ဒီဇိုင်း-ယမုံး

# ကျောက်ခုတင်ကြီးနဲ့ အပြာညိုအစ်မ

မှော်... ဆိုတဲ့အမည်ကြားရုံနဲ့ တချို့က ပခုံးတွန့်ကြောက်ရွံ့သလိုပုံစံမျိုး မတူသလို မသဒ္ဒါသလို အသွင်သဏ္ဍာန်အမူအရာတွေ ပြတတ်ကြတယ်။ အမှန်တော့ 'ဘူမသိ ကိုးမသိ' တွေပါ။ မှော်... ဆိုရင်ပဲ မကောင်းတဲ့ပညာ မကောင်းတဲ့ကျင့်စဉ်လို့တောင် ထင်နေကြသူတွေ ပိုများတယ်။ ပြောပြီးပြီ။ ဘူမသိ ကိုးမသိတွေပါလို့။ အဲဒီ 'ဘူမသိ... ကိုးမသိ' ဆိုတဲ့ စကားကို ကျုပ်က အလွတ်ပြောနေတာ မဟုတ်ဘူး။ အဘခေါင်ကြီးကိုယ်တိုင် ကျုပ်ကို မိန့်ခဲ့လို့ ကျုပ်သုံးစွဲနေရတာ။ လောကမှာ ဘယ်အရာမဆို ဘူမသိ ကိုးမသိ မဖြစ်စေနဲ့၊ အဲဒီလူတွေထဲ မပါစေနဲ့။ ဘူကို ဘူမှန်းသိ ကိုးကိုကိုးမှန်းသိ လို့ လာပြီးဆုံးမ သွန်သင်ခဲ့တာ။

ပြောတာက အဲဒီတစ်ခွန်းတည်းပါ။ အနက်အဓိပ္ပာယ်က အကျယ်ကြီး။ ဇွေဇွေတွေးမှ ရေးရေးပေါ်တာမျိုး။ ဓါက -ဘာ၀သံသရာ

www.burmeseclassic.com

www.burmeseclassic.com



တစ်နံ့တစ်လျှားက ဖြည့်ကျင့်ဆည်းပူးခဲ့ရတဲ့ ပါရမီအနုအရင့်၊ အထူ အပါး၊ အနီးအဝေးကိစ္စပဲ။ ကိုယ့်မှာပါလာတဲ့ သံသရာက ဆုတောင်း၊ သစ္စာပန္နက်တွေကိုလည်း ကိုယ်တိုင်သိဖို့လိုတယ်။ သူများအကြောင်း ကမ္ဘာလောကကြီးအကြောင်းမပြောနဲ့၊ ကိုယ့်အကြောင်းလောက်မှကိုယ် မသိရင် အန္ဓပဲ။ အန္ဓဆိုကတည်းက အတ္တ၊ ပရ လောက၊ ဓမ္မဘာမှ အသုံးမဝင်တော့ဘူး။ ဗုဒ္ဓစကားအရဆို အမှောင်ထဲကလာပြီး အမှောင် ထဲ ကိုယ့်ကျင်းကိုယ်တူးပြီး ဖောက်ထိုးဆင်းသွားကြရမယ့် သူတွေပဲ။ ပြန်တက်ဖို့ လုံးဝမစဉ်းစားနဲ့တော့။ မနုဿတ ဒုလ္လဘ ဆိုတာ ဝေလာ ဝေး။ ဒါကြောင့်လည်း ဗုဒ္ဓက လက်သဲပေါ်က မြေမှုန့်ပမာဏတို့၊ ဂိစ္ဆကုဋ်တောင်က တီတွေးကြီးတို့နဲ့ ဥပမာပြုမိန့်ဖော်ခဲ့တာပေါ့။ လူ့ဘဝ ကို အဖေနဲ့အမေက မွေးလို့ သူ့အလိုလို လူလာဖြစ်ခဲ့ကြတယ် ထင်နေ ကြတာ။ အဲဒါကြောင့် ဘူမသိကိုးမသိတွေပါဆို။ ကြိုးတွေရှုပ်ရင်း မိုးချုပ်သွားကြရမယ့် သူတွေက ဒုနဲ့ဒေး။ အဲသလိုပဲ ကြိုးကုန်ရင် ပုဆိုးခြုံပြီး မူလမူလီဘုံတွေကို ပြန်သွားကြမယ့် သူတွေလည်း မျက်စိ တစ်ဆုံးပဲ။

ဗုဒ္ဓတရားတွေထဲမှာလည်း အတိအလင်းရှိပြီးသား။ သူ့စရိုက်နဲ့ သူ၊ သူ့အမိုက်နဲ့သူချည်းပဲ။ သူ့အရုပ်နဲ့သူ့ဇာတ်နဲ့လည်း ဟပ်နေကြ တာပဲ။ တစ်ခုပဲရှိတယ်။ မသေခင်မှာ သိအောင်လုပ်။ သေမှသိရင် တော့ အရမ်းနောက်ကျသွားပြီပဲ။ ပြင်ဆင်ခွင့် ပြုလုပ်ခွင့်ဘာမှမရတော့ ဘူး။ ဥပမာ ကမ္ဘာကြီးအတွက် သစ်ပင်လေးတစ်ပင်စိုက်ပျိုးခဲ့တာမျိုး လောက်ပေါ့။ ပါးပါးလေးမှ တကယ်ပါးပါးလေးပါ။ အထူကြီး မဟုတ်ပါဘူး။ သိမ်မွေ့နူးညံ့လွန်းတဲ့အရာတွေပါ။ အတ္တာဟိ အတ္တ





နော နာဓော ကိစ္စတွေပါ။ မိုးပေါ်က ဘယ်... ကယ်တင်ရှင်၊ တန်ခိုး ရှင်တွေကမှ ကယ်လို့မရသလို ဘာမှလည်း အလကားမရတာသေချာ ပါတယ်။ အချောင်သမားဝါဒတွေဆိုတော့ အခေါင်အဖျားနေရာမရ တာ ဘာများဆန်းလို့လဲ။ ကျုပ်ကို ကျုပ်တော့ အဲသလိုပဲ ဆုံးမတယ်။

အခု မှော်... ဆိုတော့ နာခေါင်းရှုံ့မသွားကြနဲ့ဦး။ ကျုပ်ပြော မယ့် မှော်က လောကီဝိဇ္ဇာအရ ဂမ္ဘီရလမ်းတွေ ကျင့်စဉ်တွေထဲက မှော်နဲ့မဆိုင်ဘူး။ အဲဒီ ဂမ္ဘီရလောကထဲမှာတောင် အထက်မှာ (၆၄) မှော်၊ အောက်မှာ (၉၉) မှော်ရှိတယ်လို့ အဘခေါင်က အတိအလင်း ပြောပြခဲ့တာ။ မှော်က (၂၇) ရက်ထဲကျင့်ရင် ရတယ်လို့ယည်းပြော တယ်။ အထက်မှော်ဆိုတာက ရက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုးဆိုတဲ့ သာသနာနဲ့ဆိုင်တဲ့ နတ်မင်းကြီးတွေရဲ့ ကူညီပံ့ပိုး အထောက်အပံ့ယူရ တာ သာသနာပြုရတာ။ ချစ်ခင်မြတ်နိုးစောင့်ရှောက်မှုရတာ၊ လမ်းဘေး ကလေကဝ နတ်စုတ်၊ နတ်ပွဲတွေမဟုတ်ဘူး။ လောကီမှာလိုတာအကုန် ရတယ်လို့ဆိုတယ်။ တိုင်းမှူးတွေ၊ ပြည်နယ်မှူးတွေနဲ့ ခင်မင်နေတဲ့ သူက ရပ်ကွက်၊ လမ်းလောက်တော့ ပ,မွှားပေါ့ဗျာ၊ အဲဒါကလည်း ကိုယ်က အလုပ်မှန် အကျင့်မှန် ရှိသွားဖြောင့်မတ်ဖြူစင်မှကိုး။ ရပ်ထဲ ရွာထဲအရက်သမား ဖဲသမား ကလေကဝ...၊ သရဏဂုံ ဂုဏ်တော် တောင်ငါးမိနစ်မတည်တဲ့သူ။ မကြည်ညိုတဲ့သူက သူတော်စင်တွေ အနား ဘယ်သွားကပ်လို့ရပါ့မလဲ။ လောကမှာ သူ့နေရာနဲ့သူ၊ သူ့အဆင့် နဲ့သူပဲ။ မြင်းအလုပ် မြင်းလုပ်၊ လူ့အလုပ် လူ့လုပ်ရုံပဲ။ ဘာများဆန်း လို့လဲ။ စကားပြောရင်း ကျုပ်မလိုတာ အပိုဆာဒါးတွေရောက်ကုန်ပြီ။

ခုနပြောတဲ့ မှော်အကြောင်း ကျုပ်ပြောမှာ၊ ရွှေမည်းမှော်၊ ရေနံ



www.burmeseclassic.com

www.burmeseclassic.com



မော်တစ်ခုမှာ ကျုပ်တစ်ကယ်ကြုံတွေ့ခဲ့ရတဲ့ ဂမ္ဘီရဆန်တဲ့ ဝရလောက နာမ်လောကအကြောင်းပြောပြမလို့ပါ။ တချို့က ခုနပြောကြသလို ဘူမသိ၊ ကိုးမသိ၊ ပစ္စုပ္ပန်မသိ သံသရာမသိ တွေ များလွန်းလို့ပါ။ လောကမှာ ကိုယ်လည်းမသိ။ သိအောင်လည်း ဝါယမ မစိုက်၊ သိသူ ကြုံသူတွေက အခါးအခါးအကြောင်း အချိုကို အချိုးအကြောင်း စေတနာနဲ့ ပြောပြရင်တောင် မလိုသလို လိုသလိုမျက်နှာနဲ့။ ကျုပ်ကတော့ ကြုံဖူးတာများနေပြီ။ နောက်ဆုံး သဗ္ဗေသတ္တာ ကမ္မသကာ လမ်းစဉ်ပဲ။ သွားလကျောင်းပဲ။ စေတနာမရှိလို့တော့ မဟုတ်ဘူး။ စေတနာနဲ့ မတန်ကြလို့ပါ။ ခုလည်း ဘာရယ်မဟုတ်ပါဘူး။ စကားစပ်လို့ ကြုံကြိုက် လို့ ပြောပြမိတာရယ်။ ဖတ်ချင်လည်းဆက်ဖတ်ပေါ့။ မဖတ်ချင်လည်း ရပ်ထားလိုက်။ ဒါ.... ဗုဒ္ဓစကားပဲ။ အဲဒီမော်ဒေသ ရိုးမကြီးထဲမှာ ကိုယ်တိုင်ကြုံခဲ့ရတာ။

မော် ဆိုတာက မာယာပဉ္စလက် ဂမ္ဘီရဆန်တာပေါ့။ ရှမ်းဝတ္တုမှာ တင် နုသူဌေး ဓော်ကြာခွေးပဲ။ ခု လောပန် တော်ကြာ ကျင်းထောင်း သမားပဲ၊ သိပ်ဆန်းကြယ်တယ်။ မမြင်ရတဲ့စိတ်လောက (နာမ်ဘုံလောက)မှာဆို အလှည့်အပြောင်း မာယာပဉ္စလက်တွေ ဂမ္ဘီရတွေပို များတယ်။ ကျုပ်က ကျုပ်မိန်းမနဲ့ မော်ထဲအလည်သွားကြတာ။ ပြောရရင် ယောက္ခမတွေက မော်လုပ်ငန်းကျွမ်းကျင်တဲ့ ရွှေမည်းတူးသမားတွေ၊ ကျုပ်က ရွှေမည်းနဲ့ ပတ်သက်လို့ ခုမှမြင်ဖူးတဲ့ ဘူမသိ၊ ကိုးမသိကောင်။ ကျုပ်မိန်းမက တက္ကသိုလ်ကျောင်းသူ တစ်ဦးတည်းသော သမီး၊ အဲဒီကာလမှာ ရွှေမည်းကလည်း တူးတိုင်းအောင်နေလို့ လက်ဖျား ရွှေသီးနေတဲ့အချိန်ပေါ့။





ရွှေမည်းတစ်ပိဿာကို တစ်သိန်းကျော်ရတာကိုး။ တစ်ရက်တစ်ပိဿာပဲထွက်ဦး တွက်သာကြည့်တော့။ လျှံကျင်းဆိုတာက ခပ်လို့မနိုင် အောင် မြေအောက်ကနေ အလျှံအပယ်ထွက်နေတာ။ ခပ်မနိုင် လှမနိုင်လို့ ကျင်းထိပ်မှာ ဝါးတာဖရုန်လေးထောင့်ကန့်လုပ်ထားရတယ်။ ကျချင် သလို ကျဆိုတဲ့သဘော။ အဲဒီကန့်ထဲကမှ စက်နဲ့ ပိဿာတွေထဲ ပြန် ဖြည့်တာ။ ကုမ္ပဏီတွေဆို ငွေဘယ်လောက်ကြီးပွားမလဲပဲ။ ကံပဲ။ တစ်ခုရှိတာက အဲ့သလို လျှံကျင်း ပေပါကျင်း ပေါက်တဲ့ကျင်းစင်နံဘေး ကပ်လျက်ကိုယ်ကကျင်းလာရိုက်၊ တူး၊ ရွှေမည်းမထွက်ဘူး။ ရေပဲ ထွက်တယ်။

ကံ ဘယ်လောက်ဆန်းကြယ်ပြီး ဘယ်လောက်ဂမ္ဘီရဆန်သလဲ လို့။ အဲလိုတူးတဲ့သူတွေကလည်း ပါချီပါချက်ဝါသနာရှင်တွေမဟုတ် ဘူး။ ဝါရင့်ရွှေမည်းမုဆိုး ရွှေမည်းသိုက်ရှာသူတွေ၊ သမ္မာဝါရင့်မာတဲ့ သူတွေ၊ တောင်လည်းမခြား ကုန်းလည်းမခြား တစ်နေရာတစ်ကြောထဲ တူးတာတောင် ရတာနာဆိုတာ ကံထိုက်မှ အကျင့်သီလ ဖြူစင်မှရတဲ့ သဘောကို ပြောတာပါ။ ဘုရားဟောတဲ့အတိုင်း လူချင်းတူပေမယ့် ကံချင်းမတူတာကို ပြောတဲ့သဘောပါ။ သူရပေမယ့်ကိုယ်က ရဦးမှ ကိုး။ ရသင့်ရထိုက်တဲ့ အတိတ် ပစ္စုပ္ပန် အကြောင်းတရားကလည်း ရှိဦးမှကိုး။

နို့မို့၊ လူတိုင်း ရွှေမည်းသူဌေးတွေ လောပန်တွေချည်းနေမှာပေါ့။ အိုးခွက်ပန်းကန်ရောင်းစားပြီး စီးပွားဖြတ်၊ အိမ်ဖြတ်၊ ယာဖြတ် ဘယ်ဒုက္ခရောက်ပါ့မလဲ။ ဒါကြောင့် ဘူမသိ ကိုးမသိတွေလို့ ပြောခဲ့ တာ။ ပါးပါးလေးမှ တကယ့်ပါးပါးလေးပါ။ ပါးရင် ပေါက်မှာပဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလား။ အဲ... စကားက ဘယ်တောဘယ်တောင်ရောက်သွားလည်းမသိဘူး။

အဲ... အဲဒီကျုပ်ယောက္ခမကြီးတွေကျင်းတူးတဲ့ နဘူးတောင်ရဲ့ တစ်ဘက်မှာ စမ်းချောက်လျှိုကြီးတစ်ခုရှိတယ်။ ထူးဆန်းတာက အဲသည် လျှိုကြီးရဲ့ အဆုံးမှာ ကျောက်ခုတင်လို့ခေါ်တဲ့နေရာ ထူးတစ်ခု ရှိတာပဲ။ သက်ရှိ လူသားပန်းပုဆရာတွေ ရိုးမထဲတက်ကူးတက လာပြီး ပြုပြင်ထွင်းထုထားသလို ကြီးမားလှတဲ့ ကျောက်သား ခုတင်ကြီးသုံးခုက လက်ရာမြောက်ပီသစွာ ဆင့်စီထပ်ထားသလို ရေတံခွန်ကြီးဖြစ်နေတာပဲ။ မိုးအခါဆိုရင် တောင်ကျရေစီးတဲ့ ရေတံခွန်ပေါ့။ အဲဒီ ရိုးမထဲ ရေနံ့မော်မဖြစ်ခင် ရှေးပဝေသဏီက အဲသည် ကျောက်ခုတင်ကြီးနဲ့ ပတ်သက်တဲ့ ဂမ္ဘီရအဖြစ်တွေ အများကြီးရှိတယ်လို့ ရိုးမပေါ်ကိုင်းလုပ်တဲ့ နယ်ခံတွေ ပြောကြတာပဲ။ သူ့ရဲ့ ယောက္ခမကြီးကလည်း အဲဒီဘက်မသွားဖို့ သူ့ကိုမှာတယ်။ ကျုပ်ကတော့ ဘာရယ်မဟုတ်ပါဘူး။ အဲဒီကျောက်ခုတင်ကြီးက လှပပြီးသိပ်ထူးဆန်းလို့ သွား,သွားကြည့်တာပါ။ အဲသည်နေ့ကတော့ ကျုပ် ကိုးတောင်မော်ဘက်က ပြန်လာရင်း ဘာရယ်မဟုတ် အဲသည့်ကျောက်ခုတင်ဘက် ရောက်သွားခဲ့တာပါ။ ကျုပ်စိတ်ကူးက အမွေးတိုင်၊ အလင်းတိုင်လေး ပူဇော်ပြီးအဲသည့် ကျောက်ခုတင်ကြီးနဲ့ ဆိုင်တဲ့ပုဂ္ဂိုလ်တွေ မေတ္တာပို့အမျှဝေမယ်ပေါ့လေ။

ကျောက်ခုတင်ကြီးရဲ့အထက် ကုန်းလေးပေါ်မှာ ပြိုပျက်နေတဲ့ ကျောက်စေတီလေးရှိတယ်။ တောထဲတောင်ထဲရိုးမထဲဆိုတော့ ဘယ်သူမှ မပြုပြင်ကြတော့ဘူးပေါ့လေ။ ကျုပ်ရောက်တော့ မှောင်ရီပျိုးနေပါပြီ။ ကျောက်ခုတင်ကြီးနဲ့ မနီးမဝေးစိမ့်တွင်းက ရေလာခပ်ကြတဲ့





မော်သူမော်သားတွေတောင် မရှိကြတော့ပါဘူး။ ကျုပ်လည်း အဲဒီ ကျောက်စေတီအိုလေး နံဘေး အမွှေး အလင်းတိုင်တွေပူဇော်ပြီး မေတ္တာပို့တယ်။ အဲသည်မှာ ကျုပ်က ဂမ္ဘီရသမားဆိုတော့ နှုတ်ဆော့ပြီး ဒီနေရာ ဝန်းကျင်မှာ ရှိကြတဲ့ ပရလောကသားတွေရှိရင်လည်း ကိုယ်တိုင် ဘုရားလာဖူးပါပေါ့။ ကျုပ်ပေးတဲ့အမျှကိုလည်း ကိုယ်တိုင် လာယူကြပါပေါ့။ အဲသည့်ခဏမှာပဲ ကျုပ်ရှိတဲ့ နေရာအနောက်က ဝါးကိုင်းတွေ လေမတိုက်ဘဲ တရှဲရှဲလှုပ်ရမ်းသွားလို့ ကျုပ်ကြက်သီးမွေးညင်းတွေ တဖျင်းဖျင်းထသွားမိသေးတယ်။ ရုတ်တရက်လည်းဖြစ် အချိန်ကလည်း မှောင်ရီဖျိုးဖျတိုး၊ လက်နှိပ်ဓာတ်မီးတော့ပါလာပါရဲ့။ ထူးဆန်းတာက အရင်နေ့တွေက ကျုပ်ဘာမှ မဖြစ်ပေမယ့် ဒီနေ့မှ ကြက်သီးတွေထ, စိတ်ထဲမသိုးမသန့်ဖြစ်တာနဲ့ ကျုပ် အဲ့ဒီ ကျောက်စေတီလေးနားက ခွာခဲ့တယ်။

"ဟာင်"

ကျောက်ခုတင်ကြီး သုံးဆင့်နဲ့ဘေးရောက်တော့ ကြည်လင်ချိုမြတဲ့ သီချင်းသံအေးအေးလေးကြားရလို့ ကျုပ်ဖျတ်ခနဲကြည့်လိုက်တော့ အောက်ခြေကျောက်စိမ့်တွင်းစပ်မှာ ရေခပ်နေတဲ့ မိန်းကလေးနှစ်ဦး။ ကျုပ် ဗြုန်းခနဲဆိုတော့ သံသယဝင်သွားတယ်။ အမှောင်လွှမ်းစမှာ အလင်းလက်ကျန်နဲ့ မိန်းကလေးနှစ်ယောက်က တစ်ရုပ်တည်း တစ်ရုပ်တည်း။ လှတာတော့ မြို့တွေမှာတောင် မမြင်ဖူးတဲ့ အလှလို့ ဆိုရမယ်။ ဖြူဖွေးဝင်းမွတ်နေတဲ့အသားအရေမှာ သနပ်ခါးပါးပါးကွက်ကြားလေးပဲ ခြယ်သထားပေမယ့် ဒူးခေါက်ခွက်မက ရှည်လျားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆံနွယ်ရှည်ကြီးတွေနဲ့ ခေါင်းမှာပန်ထားတဲ့ နှင်းဆီပွင့်ကြီးတွပဲ။

ကျုပ်ကို သူတို့က မပြုံးတုံ့ ပြုံးတုံ့လေးနဲ့ ကြည့်နေကြရဲ့။ ကျုပ်က အချိန်လည်းမရှိ၊ လူသူကင်းမဲ့တဲ့နေရာမှာ မိန်းမချောလေး အမြွှာနှစ်ယောက်ထဲမို့ သိပ်ကြာကြာမနေပါဘူး။ တော်ကြာတစ်မျိုး တစ်မည့်ထင်ဦးမယ်။ ဒီအနီးကုန်းပေါ်က ရေနံတွင်းတစ်တဲထဲက ရေခပ်လာတာလို့ပဲတွေးပြီး ကျုပ်သူတို့နားက ဖြတ်လိုက်တော့ လျှိုလမ်းဝမှာ တင် ပျောက်သွားကြရဲ့။ ကျုပ် တဲမှာ ညစဉ်ဘုရား ရှိခိုး မေတ္တာပို့ ပရိတ်ရွတ်ဖတ်တာတွေ ကြားရတယ်ဆိုတော့ ကျုပ် ယောကျ္ာမကြီး တွေရဲ့ တဲနဲ့အောက်ဘက်က တဲစုတွေကဖြစ်မှာပဲလို့ တွေးရင်း ကျုပ် လည်း နဘူးတောင်ကို ဓာတ်မီးအားကိုးနဲ့ ပြန်လာခဲ့တယ်။ ကျောက် ခုတင်ကြီးနဲ့ ကျုပ်တို့နေတဲ့တဲက ၊ မိနစ်နှစ်ဆယ်လောက် ကြာတယ်။ ထမင်းစားသောက်ပြီးတော့ ထုံးစံအတိုင်း ကျုပ်တဲမှာ မောင်း တဒူဒူထိုးပြီး ဂုဏ်မပျက်ဘုရားရှိခိုး ပရိတ်ရွတ်၊ ပုတီးစိပ်တယ်။ ဒါ ကျုပ်အမြဲလုပ်နေတဲ့ အာစိဏ္ဏကံပဲ။ ကျုပ် ဘုရားရှိခိုးပုတီးစိပ်တော့ ကိုးနာရီထိုးတော့မယ်။ တစ်တောလုံး တစ်တောင်လုံးတိတ်ဆိတ်ငြိမ် သက်လို့။ ကျုပ်မိန်းမနဲ့ယောကျ္ာမတွေတောင် အိပ်စပြုနေပြီ။

အဲဒီအချိန်မှာပဲ…

"ဟာ…၊ အကောင်ရှည်ဟ"

"မလုပ်နဲ့၊ မလုပ်နဲ့၊ မောင်း… မောင်း"

တဲခြေရင်းထောင့်ကို မီးထွန်းဖို့ရေနံလာခပ်တဲ့ အလုပ်သမား အောင်သန်းကျော် အသံကြောင့် အားလုံးအံထိတ်တလန့် ဆူညံသွား ရဲ့ ကျုပ်လည်းဘုရားရှိခိုးရပ် အမြန်မေတ္တာပို့ အမျှအတန်းဝေရတယ်။





ဓာတ်မီးသုံးလေးလက်ဝိုင်းထိုးထားတဲ့ တဲထောင့်မြေပြင်မှာ ဘယ်သူ့ ကိုမှ အန္တရာယ်မပြုဟန်မပြဘဲ အခွေလိုက် ပုံနေတဲ့ မြွေကြီးနှစ်ကောင်။ တောင်ပေါ်မှာ မြွေမမြင်ရတာ နှစ်ပေါက်နေပြီဆိုတော့ အားလုံးတ တအံ့တဩပေါ့။ ကျုပ်လည်း ဒီတစ်ခါပဲ အဲလောက် လက်မောင်းလုံး မက ကြီးမားတဲ့မြွေကို ခုမှပဲ မြင်ဖူးတာ။ ယောကျ္ာမကြီးကလည်း ဘာသာရေးသမားဆိုတော့ ရှိတဲ့ ရွှေတိုရွှေစတွေနဲ့ ငြိမ်သက်စွာ ခွေနေတဲ့ မြွေကြီးနှစ်ကောင်အထက် ရွှေရည်လောင်းပေါ့လေ။ ခဏကြာတော့မှ သူတို့ဘာသာသူတို့ တောင်ဆောင်းအတိုင်း အေးချမ်းစွာပြန်ဆင်းသွားကြ တယ်။

မြန်အောင် မဲဇလီကုန်းသား၊ အောင်သန်းကျော်က…

"ဆန်းတယ် အန်တီသောင်းရဲ့။ တောထဲအကောင်ရှည်တွေ မတွေ့ရတာကြာပြီ။ ခုအစ်ကိုလေး ဘုရားရှိခိုး၊ မေတ္တာပို့တာ နာချင် လို့လာတယ်ထင်တာပဲ။ ငန်းပုပ်ကြီးတွေဗျ၊ အဆိပ်ပြင်းတယ်။ ဘယ်သူ့ ကိုမှ အန္တရာယ်မပြုတာ အရမ်းအံ့ဩစရာပဲ"

အဲသည်မှာ ဖျပ်ခနဲကျုပ် လင်းသွားတာက ညနေက ကျောက် ခုတင်ကြီးမှာ တွေ့ခဲ့ရတဲ့ အမြွှာမိန်းမချောလေး နှစ်ယောက်ပဲ။ အသေ အချာပြန်စဉ်းစားမှ ကျုပ် ကျောထဲ စိမ့်သွားရတယ်။ ပိုပြီးထူးခြား အံ့ဩဖွယ်ဂမ္ဘီရ ဆန်နေတာက ဒီ နဘူးတောင်တစ်ဝိုက် ဘယ်တဲစုမှာမှ ကျုပ်ပြောပြတဲ့ သိပ်ချော သိပ်လှတဲ့ အမြွှာညီအစ်မ မရှိတာဘဲရယ်။ ကျုပ်လည်း ဘာမှဆက်မမေးတော့ဘူး။ မနက်ကျတော့ ကျုပ်ယောကျ္ာမ က ကျုပ်ရတဲ့ ကျောက်က တန်ဖိုးကြီး မဟူရာကျောက်တဲ့။ ကျုပ်က ထင်ရှားပကတိမြင်ချင်တယ်လို့ ကျောက်စေတီလေးမှာ လှူရည်ခဲ့တာ



www.burmeseclassic.com

www.burmeseclassic.com



ကို တကယ်လာရောက်ခဲ့ကြပြီး၊ ညကျတော့လည်း သူတို့ ညီအစ်မနှစ်ယောက်စလုံး ကျုပ်ရွတ်တဲ့ ပရိတ်မေတ္တာကို စကားအတိုင်း လာနာယူ အလည်လာခဲ့ကြတာလို့ ကျုပ် ယုံကြည်နေတုန်းပဲ။ ကျုပ်ဇနီးကတော့ အဲဒီကျောက်ခုတင်သိုက်မှာ ညီအစ်မနှစ်ယောက် စောင့်ရှောက်တယ်လို့တော့ ဘာရယ်မဟုတ်ပြောတယ်။ ကဲ...၊ အဲလိုတကယ့်ပကတိ အဖြစ်တွေခင်ဗျားတို့ကြုံဖူးသလား။ ကြုံခဲ့ရင်ရော ဘယ်လိုထင်မြင်ယူဆမလဲ။

ကျုပ်ဘဝမှာ အဲလိုဂမ္ဘီရဆန်တဲ့အဖြစ်အပျက်တွေ သာဓကတွေ အများကြီး (၃၁) ဘုံဆိုတာ တကယ်တည်ရှိနေတဲ့အရာပဲ။ မမြင်ဘူးလို့ မယုံဘူးဆိုရင်တော့ ကိုယ့်ကိုမွေးထုတ်ခဲ့တဲ့ မိဘတွေကိုတောင် မိရင်း ဘရင်း ဟုတ်မဟုတ် ယုံရခက်ခက်ပဲ။ ဒါကြောင့် ဘူကိုဘူမှန်းသိ ကိုးကိုကိုးမှန်းသိလို့ သူတော်စင်တွေက မှာတာ။ မြင်အောင်ကြည့်သိအောင်လုပ်လို့ ပြောတာ။

နောက် ထူးခြားတာက အဲသည့်နေ့ မနက် အိပ်မက်ထဲမှာ အဲသည့် အမြွာညီအစ်မ ကျုပ်ပို့သတဲ့ မေတ္တာနဲ့အမျှကို ရလို့ ကျေးဇူးတင်ကြောင်း လာပြောတာပဲ။ ကဲ... မဆန်းဘူးလား။ ကျောက်နက်ကလေးကိုတော့ ကျုပ်စေတီတစ်ဆူမှာ ဌာပနာထည့်သွင်းပေးလိုက်ပါပြီ။ ကျုပ်ခုပြောပြနေတာ ပြောခဲ့တာ ဂမ္ဘီရဝတ္ထုမဟုတ်ဘူး။ သုံးဆယ့်တစ်ဘုံအကြောင်းပဲ။ ခင်ဗျား ယုံချင်ယုံ မယုံချင်လည်းနေ၊ စကားတွေ လွှတ်မပြောနဲ့။ တကယ်ရှိတာ... လက်တွေ့။





ဒီဇိုင်း - ယမုံနိုး

# ဟားသိဒ္ဓိရှင်နှင့် တောင်တန်းဒေဝီ

ဒီအဖြစ်က လွန်ခဲ့တဲ့ အနှစ်လေးငါးဆယ်နီးပါးလောက်က အဖြစ်ပါ။ အဲ... ပြောရရင် သူ့ အသက် သုံးဆယ်ကျော် ဝန်းကျင်လောက်က အဖြစ်ပါ။ သူတောင် ခုဆို အဘလို့ နာမ်စား တပ်ခေါ်ရတဲ့ ဘရွှေမြ ဘဝ ဘယ်ဟုတ်ဦးမှာလဲ မောင်ရွှေမြအရွယ်ပေါ့။ ခုပဲ သူ့အသက်က ရှစ်ဆယ်ပြည့်ပြီးနေပြီ။ မှတ်ဉာဏ်ရော၊ အသိရော သတိရော ကောင်းနေတုန်းရယ်။ အဲ... မကောင်းတာဆိုလို့ သူ့အမြဲတမ်းတရားကျ၊ ကျနေခဲ့ရတဲ့ ဒီရုပ်ခန္ဓာကြီးပဲ ပြောစရာရှိတယ်။ ခါးလေးက မျက်၊ ချင်ရတာနဲ့ ဒူးလေးက ကိုက်ချင်ရတာနဲ့။ အဲထိုင်၊ အထ တယ်မကောင်းလှဘူး ပြောရမယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒါကြောင့် ရှေ့အခေါက်တွေထဲက တောင်ပေါ်တက်လာမိရင် ဘုတ်ကောက်က မဖြစ်မနေကိုင်ရတယ်။ အကောင်းစား ငွေတုတ်ကောက် စတီးလ်စွပ်တုတ်ကောက်တွေ၊ ငွေရိုးတပ်၊ ရွှေရိုးတပ်တွေ မဟုတ်ပါဘူး။ ဝါးတုတ်ကောက် သစ်သားတုတ်ကောက် ကြိုရာဆိုပါတော့။ အဲဒီ ဒူးလေးမကောင်းဘဲ အတိုင်အထ မနိုပ်လှတာကလွဲရင် မျက်စိ အမြင်လည်း ဒီလောက်မမှုန်ဝါးသေးဘူး။ အဝေးရောအနီးပါ နာမည်ရတ်တရက် မမှတ်မိတာကလွဲလို့ လူလုံးလူရုပ်ကွဲတယ်။ တောင်ပေါ်မှာ နှစ်ပေါင်းများစွာ သွေးသား အသက်မပါတဲ့ သက်လွတ်အာဟာရတွေ နှစ်ရှည်လများ စားသုံးခဲ့တဲ့ အကျိုးလို့ သူထင်တယ်။ အဲဒီလိုပဲ ယုံလည်းယုံကြည်တယ်။ သူ့အမေကြီးဆို တောင်ခြေမှုခ်ဦးဝစောင်းတန်းထိပ်ကနေ သူတို့စခန်း ဒီဗားသိဒ္ဓိရှင်အထိ ဝါးထမ်းစင်နဲ့ တက်ရတာ။ ထမ်းခတင်ဘယ်နည်းမလဲ။ လေးယောက်ထမ်းရလို့ လေးထောင်ပေးရတာ။

မခင်တင့်က သူ့ထက်မိုပြီး အတိုင်အထ မကောင်းတော့ဘူး။ ရန်ကုန် တိုက်ခန်းမှာလည်း စတီးလ်တုတ်ကောက်က မဖြစ်မနေပါရတာ။ သူနဲ့တော့ ဘယ်တူပါ့မလဲ။ သူက ဒီဒေးစွန်ပါ တောင်ကြောမှာ လွှန်ခဲ့တဲ့ အနှစ်လေးဆယ်ကျော်၊ ငါးဆယ်ဝန်းကျင်ကတည်းက ခုလို သာသနိကအဆောက်အဦတွေ၊ ဂူ၊ ခါတ်နန်းတွေ၊ ဇရပ်တွေ၊ မဖြစ်ခင် မဖွံ့ဖြိုးမစည်ပင်ခင်ကတည်းက တောကြီးမျက်မည်း ဝါးတောတိုး၊ နွယ်ရှင်း ချုံတော ဝါးတော ဘဝကတည်းက တောင်ပေါ်နေ့တောင်အောက်၊ ပဲခူးနဲ့ ရန်ကုန် သွားချည်လာချည် လွှန်းပျံ စာပိုရထားလို ဖြစ်နေတာကိုး။ သူတင်ဘယ်ကမလဲ သူတို့ သူငယ်ချင်း မိတ်ဆွေတွေ





ငါးယောက်တစ်ယောက် တစ်ပြန်တစ်လှည့်ရယ်။ ဒီတုန်းက ဒေးစွန်ပါတောင်ဆိုတာ လူတွေ ဘယ်သိပ်ပြီး ကြားဖူးဦးမှာလဲ။ တကယ့်ပီဘိ တောကြီးမျက်မည်းရယ်၊ ကျားတွေ၊ ဆင်တွေတောင်ရှိသေးရဲ့။ ဒရယ်တွေ၊ ဆတ်တွေ မျောက်တွေဆိုတာကလည်း သူတို့စခန်းကုန်းအောက်တင် သွားလာကျက်စားနေကြတုန်းရယ်။ မြင်နေ တွေ့နေရတာပဲ။

လူ့ဘဝဆိုတာကလည်း သိပ်ပြီးဆန်းကြယ်နက်နဲတဲ့ ဂမ္ဘီရဆန်တဲ့ အဖြစ်တွေ ပြည့်နေတယ်ဆိုတာ သူ လက်ခံယုံကြည်ပါတယ်။ အဲဒါကြောင့်ပဲ ရန်ကုန်သား သူတို့တစ်တွေ လူသူမနီး တောကြီးတောင်ကြီးထဲ ဂမ္ဘီရဆန်စွာ ရောက်ခဲ့ကြရတာပဲ မဟုတ်လား။ သူတို့မမြင်မသိနိုင်တဲ့ အတိတ်သံသရာက အကြောင်းတွေလေ။ ပဋ္ဌာန်းဆက်ကြောင့်ဆိုပါတော့။ ဒီအကြောင်းတွေ ပြောမယ်ဆိုရင် သူတို့ သူငယ်ချင်းတွေ ကြည်ညိုကိုးကွယ်တဲ့ မြန်အောင်မြို့နယ်အနားက အင်ပင်ရွာက၊ အင့်ပင် ဆရာတော်ကြီးအကြောင်း မပါလို့မဖြစ်ဘူး။

ဆရာတော်ကြီးက အဓိကအကျဆုံးတယ်။ ဒီစကားဘာလို့ ပြောရတာလည်း ဆိုတော့ ဟောဒီဒေးစွန်ပါတောင်ရဲ့ တောင်ဘက်က ဗားသိဒ္ဓိရှင်ဆိုတဲ့ မွားမဲ့ဂူသာသနာပြုစခန်းစတင်ဖြစ်ပေါ်လာရပြီး သာသနာပြုလုပ်ငန်းတွေ သူတို့အခု အသက်ရှစ်ဆယ်ထိ လုပ်ကိုင်သာသနာပြုနေကြတာ ဆရာတော်ကြီးကြောင့် မို့လို့ပါပဲ။ နို့မို့ဆို ဒီဒေးစွန်ပါတောင်ဆိုတာ မြန်မာပြည်မြေပုံထဲက ဘယ်နားဘယ်ချောင်မှာ ရှိနေမှန်း ဘရွှေမြသိခဲ့ရမှာမဟုတ်ဘူး။ ပဋ္ဌာန်းဆက်ဆိုတာ ပြောတာပါ။ အဲဒီတုန်းက သူက ရန်ကုန် သိမ်ဖြူလမ်း၊ ပုံနှိပ်ထုတ်ဝေရေးဌာနမှာ ဝန်ထမ်း။ အဲ... သူလိုပဲ မောင်မြင့်တို့၊ စိုးလွင်တို့ ကျော်စိန်တို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာတွေကလည်း အစိုးရဌာနဆိုင်ရာ ဝန်ထမ်းတွေပဲ။ ဘာသာရေး လုပ်ငန်းတွေတော့ တစ်ပိုင်တစ်နိုင် လုပ်ကိုင်နေကြပြီဆိုပါတော့။ အားလုံး လူရိုး လူအေးတွေချည်းရယ်။

အဲဒီမှာ စိုးလွင်နဲ့ ပတ်သက်ပြီး အင်ပင်ဆရာတော်ကြီးနဲ့ သူတို့ စတင်ဆုံဆည်းခဲ့ရတာ။ ဖူးတွေ့ခွင့်ရခဲ့တာ။ ဆရာတော်က အဲဒီအချိန် ဂန္ဓာရီလှည့်နေတာထင်တယ်။ ဆရာတော်ကြီးက အကျင့်သီလနဲ့ ပြည့်စုံပြီး အနေအေးသိုသိပ်တယ်။ တစ်နေ့ ဆရာတော်ကြီးက သူတို့ ကို "ကိစ္စတစ်ခုရှိလို့ ဒေးစွန်ပါတောင်သွားပြီး အောင်မြေနင်းရမယ်" လို့ ထူးထူးခြားခြားမိန့်တယ်။ သိပ်မကြာခင်ဘဲ ဆရာတော်နဲ့အတူ သူတို့ ငါးဦးရော နောက်ဒါယကာလေးငါးဦးနဲ့ ရန်ကုန်ကနေ ပဲခူး၊ ပဲခူးကနေ ဝမ်းဘဲအင်းဆိုတဲ့ တောရွာလေးကို ရောက်လာတယ်။ ကားခမှ ရန်ကုန်- ပဲခူး သုံးကျပ်၊ ပဲခူးကနေ တောကားကြီးတွေစီးမှ ဝမ်းဘဲ အင်းရွာထိ ငါးမူးပဲပေးရတဲ့ခေတ်။

ဒေးစွန်ပါတောင်ဆိုတာ အဲဒီရွာလေးကနေ ရထားလမ်းကျော် ပြီး အနောက်ဘက်မှာရှိတဲ့ ပဲခူးရိုးမအစွယ်မှာပါ။ ခုလို သာယာပွင့် လင်းတဲ့ သာသနာ့ နယ်မြေကြီး ဘယ်ဟုတ်မှာလဲ။ တကယ့်ရိုးမစပ် တောကြီး မျက်မည်းပါဆို။ ဝမ်းဘဲအင်းရွာစပ်ရထားလမ်းကျော်တာနဲ့ ထင်းခုတ်ဝါးခုတ်လမ်း လျှိုမြောင်လမ်းလေးတွေကနေ တဖြည်းဖြည်း တောင်ပေါ်တက်ရတာ။ တောင်ခြေနားမှာ ညှိုဆိုင်းနေတဲ့ ဆင်ပုန်းတော ရကြီးနဲ့ မဟာအောင်ဗောဓိဆိုတဲ့ ကျောင်းဝိုင်းကြီးပဲရှိတာ။ ရွာနဲ့ အတော်လှမ်းတယ် ဆိုရမှာပေါ့။ ဆင်ပုန်းတောရ ဆရာတော်ကြီးက ဝိပဿနာအားထုတ်လို့ အတော်ခရီး ပေါက်မြောက်နေပြီ။ အင်ပင်





ဆရာတော်ကြီးက "ဒီတောင်က ဝိဇ္ဇာတောင်၊ ဆေးဝိဇ္ဇာတွေ၊ အဂ္ဂိရတ် ဝိဇ္ဇာတွေနဲ့ ဇော်ဂျီ၊ တပသီတွေကအစ လာရောက်ကြ၊ အားထုတ်ကြ တဲ့ တောင်ထူးတောင်မြတ်ပဲ။ နောင်တစ်ချိန် သာသနာပွင့်လင်းလာ မှာ" လို့ ပြောပြီး မဟာအောင်ဗောဓိကျောင်းကြီးထဲက တစ်ဆင့် ဆရာ တော် ခေါ်ဆောင်ရာနောက် သူတို့လိုက်ခဲ့ကြရတာ။ ဆံတော်ရှင် တောင်မကြီးပေါ်တက်ဖို့ မတ်စောက်တဲ့ ဝါးရုံတွေ၊ နွယ်တွေ ယှက် လိမ်နေတဲ့ မြေလမ်းတောင်စောင်း လှေကားထစ်လေးတွေ နွယ်တွေ ခိုပြီး တက်ခဲ့ကြရတာ။ တောင်ထိပ်မှာ စေတီသေးသေးလေးရယ်။ ဒေးစွန်ပါ ဆံတော်ရှင်ကို ဖူးပြီး တောင်ဘက်စူးစူးကို ကမ်းပါးစောက် တွေ ဆင်း လျှိုတွေ မြောင်တွေဖြတ်ပြီး ဆရာတော်ဦးဆောင်ခေါ်ရာ နောက် သူတို့လိုက်ခဲ့ကြရတာပဲ။ ကုန်းထိပ်ကလေးတစ်ခုရောက်တော့

"ဒီနေရာ ငါရှာဖွေနေတဲ့ အောင်မြေပဲ၊ ရှေးက ဟားမဲ့ဆရာတော် ကြီး ကျင့်ကြံအားထုတ်သွားခဲ့တဲ့ ဂူတော်ဟောင်းကြီးရှိတယ်။ အောင် ပန္နက်ရိုက်ရမယ်။ အရိယာမ္မဝိဇ္ဇာကြီးတွေရဲ့ ဝိဇ္ဇာအောင်မြေစခန်းပဲ။ ကဲ... ငါမေတ္တာပို့ဦးမယ်"

အင်ပင်ဆရာတော်ကြီးက တိုပြတ်ပြတ် မိန့်ပြီး လုပ်စရာရှိတာ လုပ်တယ်။ သူတို့လည်း ပါလာတဲ့ ရေပုလင်းဗူးလေးတွေ ကိုယ်စီနဲ့ ပေါ့။ ထူးခြားတာက အဲဒီနေရာလေးက တောင်ကုန်းလေးထိပ်ဖြစ်ပြီး အလယ်မှာ ဘာသစ်ပင်ကြီးငယ်မှ မပေါက်ဘဲ ထူးဆန်းတဲ့ မြက်နီပင် တွေပဲ ပေါက်နေရဲ့။ တောင်စောင်းလေးမှာတော့ ကြီးမားတဲ့ သရက်ပင် ကြီးတစ်ပင်ရှိတယ်။ ဒါပေမဲ့ ရိုးရိုးသရက်ပင်ကြီးမဟုတ်ဘူး။ အခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါက်တံခါးကြီးနဲ့ သရက်ပင်။ နောက်မှ သူတို့သိရတာက တစ်တောမှာ တစ်ပင် တွေ့ရခဲတဲ့ ထူးခြားတဲ့ သရက်သစ်ဖံခါးပင်ကြီးပါ။

အဲဒီမြက်နီပင်တွေပဲ ပေါက်နေတဲ့ မြေကွက်လပ်မှာ ခင်ပင်ဆရာတော်က ပန္နက်ရိုက်တယ်။ သူတို့ကို နောင်တစ်ချိန် ဒီနေရာမှာ သာသနာပြုရမယ်လို့လည်း မိန့်တယ်။

သူတို့က ဝန်ထမ်းတွေဆိုတော့ ဆရာတော့် စကားကို မေ့သွားကြတာပေါ့။ ဆရာတော်လည်း ဂန္ဓာရီခရီးစဉ်တွေ လှည့်နေတော့ သူတို့နဲ့ မဆုံတော့ဘူး။ ထူးခြားတာက နောက် နှစ်နှစ်လောက်မှ ဆရာတော်နဲ့ ပြန်ဆုံကြပြီး အဲဒီကိုရောက်၊ ဝါးခုတ် ချုံရှင်းရင်း တစ်ဖက်ရပ်တဲလေးဆိုး သာသနာ့အလံစတင် စိုက်ခဲ့ရတာပဲ။ ခက်တာက ဆရာတော်အမိန့် အရသာ တစ်သွေမသိမ်း လုပ်ကိုင်ရတာ အားလုံးအလုပ်ကိုယ်စီနဲ့ဆိုတော့ သူငယ်ချင်း ငါးယောက်တစ်ယောက်တစ်လှည့် အဲဒီစခန်းကို ရန်ကုန်ကနေ သက်လွှတ်သီးနှံတွေ ယူသော။ အလှည့်ကျ ပုတီးစိပ် ပရိတ်ရွတ် နေခဲ့ကြရတာ။ အဖော်မရှိ အလက်မရှိ တောထဲတောင်ထဲဆိုတော့ ပုတီးစိပ်၊ ပရိတ် ပဋ္ဌာန်းတွေပဲ ရွတ်ရွတ်ဖတ်ရတာပေါ့။ အသွားအလာခက်ခဲ လူသူလေးပါးလည်း ကင်းမဲ့လို့ ရံဖန် ရိက္ခာပြတ် ရေပြတ်နဲ့ သစ်ရွက်ကို သားနဲ့ပြုတ်သောက်ပြီး နေခဲ့ရတဲ့ အခြေအနေတွေတောင်ရှိတယ်။ ဆရာတော့်အမိန့်ကို ဘယ်လွန်ဆန်ဝံ့မှာလဲ။

ဒါပေမဲ့ အဲဒီ ဗားသိန္ဒီကုန်းပေါ်မှာ အခြားသူတွေက သိပ်ပြီး ရက်ကြာကြာ တစ်လကိုးသီတင်း မနေနိုင်ပေမယ့် စခန်းတဲမှာ ရှိရှိ





မရှိရှိ ဖြစ်သလိုအနေကြာတာက ဘရွှေမြပဲ။ ပဋ္ဌာန်းဆက်ပါတယ်ပဲ ဆိုရမှာပေါ့။ တောထဲတောင်ထဲမယ် မျက်စိအေး၊ နားအေး ပျော်တာလည်း ပါမှာပေါ့လေ။ ပြောသာ ပြောရတာ ဘရွှေမြက ဂမ္ဘီရတို့ ဘာတို့ မကြားဖူးသလို သိပ်လည်း အကြောက်အလန့် မရှိပါဘူး။ သူက ဘာဝနာရွှေအေး၊ မေတ္တာ သမားကိုး။ ဝါးတဲတစ်ဘက်ရပ်ထဲမှာ သူ့အလုပ် သူလုပ်နေတာပဲ။ အဲဒီမှာ ခုန အထက်က သူပြောခဲ့တဲ့ အဖြစ်ထူးနဲ့ စပြီးဆုံရတာပဲ။

ဘရွှေမြတို့စခန်းတဲက တောင်စောင်းအောက်ခြေမှာဆိုတော့ နေ့ဖြစ်ဖြစ် ညဖြစ်ဖြစ် ဗုဒ္ဓစကြာဆိုတဲ့ စခန်းထိပ်ကနေ မြေသားလမ်းလျှောကားတွေအတိုင်း ဘယ်သူလာလာ မြင်တွေ့ရတယ်။ ဝါးပင်ကိုင်းကြီးတွေ ကိုင်းညွှတ်အုပ်နေတာပေါ့။ ပတ်ချန်းကျင် တစ်ခုလုံးကလည်း တောင်ပေါ်လေကြမ်းကြောင့် သစ်ပင်သစ်ရွက်တွေ၊ ဝါးပင်ကိုင်းခက်ပွတ်ခတ်သံတွေက အမှန်ဆို ချောက်ချားစရာပေါ့။ ဒါထက်ဆိုးတာကတော့ တစ်ခါတစ်ရံ ညဘက်တဲထဲ ဘရွှေမြ ပုတီးစိပ် တရားရှုနေချိန်မှာ တောင်အောက်ဘက် လျှိုတွေဘက်ကနေ လေတိုက်သံ ဝါးရွက်သံတွေ ကြားထဲကနေ မိန်းမသံ၊ ကလေးသံတွေ၊ စကားပြောသံတွေ၊ လှည်းသံတွေပါ တစ်ခါခါ ရောပြီးပါလာတတ်ရဲ့။

ဘယ့်နှယ့် ဒီတောကြီးထဲ ဘယ်ကလာ လူသူရှိရမှာလဲ။ နေ့လယ်နေ့ခင်း ထင်းခုတ် ဝါးခုတ်သူတွေတောင် ဖြတ်သွားဖြတ်လာရှားရှားယ်။ ဒါပေမဲ့ အနေကြာတော့ ဘရွှေမြက 'နေသားကျနေပြီ။ သူတို့လည်း သူတို့ဘာသာနေ ကိုယ်လည်း ကိုယ့်ဘာသာနေပဲကိုး။



www.burmeseclassic.com

www.burmeseclassic.com



ဘီလူးစည်း လူ့စည်းမဲ့လေ။ ဒီတောင်တွေက ဥစ္စာသိုက်တွေ များတယ်ဆိုတာက ရွာခံနယ်ခံတွေထံက ကြားသိပြီးသားရယ်။ သူက ပရလောက၊ နာမ်လောကသားတွေကို ရတနာသုံးပါး အားကိုးယုံကြည်စိတ်နဲ့ မကြောက်မလန့် တတ်တာလည်းပါမှာပေါ့။ ခုနပြောသလိုသူနဲ့ကိုယ်က အုံချင်းလည်းမတူ၊ ဘဝချင်းလည်းမတူမို့လား။ မတော်ကိုယ်တိုင်ကိုယ်ကျ ထင်ရှားပြသလာရင်တော့ တစ်မျိုးပေါ့။ သူကအဲဒီလိုပဲ တွေးရဲ့။

အချိန်က ခန့်မှန်းကြည့်တော့ ညဉ့်ကိုးနာရီကျော် ဆယ်နာရီလောက်တော့ ရှိပြီ ထင်ရဲ့။ တောဝန်းကျင် တောင်ဝန်းကျင်တစ်ခုလုံးသစ်ရွက် ဝါးရွက်တွေ တစ်ရှဲရှဲ မြည်သံကလွဲလို့ တိတ်ဆိတ်နေပြီးတစ်ခါတစ်ရံဈျိုအောက်က ဂျီဟောက်သံပဲ ကြားရတယ်။ လကလပြည့်ညနီးနေပြီမို့ ပြည့်ဝန်းနေတဲ့လရောင်က သစ်ပင်ဝါးပင်တွေကြားကနေ ဗုဒ္ဓစကြာပေါ်က တဲဆီဆင်းလာတဲ့ မြေလမ်းဖုံဖုံလေးပေါ်ထင်ထင်ရှားရှား လင်းလက်နေတယ်။ ဒီရက်တွေမှာ သူက မုတ်းအမိဋ္ဌာန်တစ်ခု ဝင်နေတာပါ။ ဒါကြောင့်လည်း ပုတီးတစ်ချိန်ပြီးလို့တစ်ဘက်ရပ် ဝါးတဲကြီးထိပ် ဝါးကုလားထိုင်လေးမှာ ထိုင်ရင်း မေတ္တာပို့ ပုတီးကုံးလေး လက်ကကိုင်ရင်း တရှောက်ရှောက် စိပ်နေခဲ့တာ။အဲဒီမှာ အမှတ်မထင် သူ့အကြည့်က ဗုဒ္ဓစကြာကုန်းထိပ်ကို ဖျတ်ခနဲရောက်သွားမိတာ။ တဒင်္ဂလေးမှ တဒင်္ဂလေးပါ။

ဟင် ...

အဲဒီ တဒင်္ဂလေးအကြည့်မှာပဲ ဗုဒ္ဓစကြာကုန်းထိပ်မှာ အဖြူရောင်အရိပ်ကလေးတစ်ခု တွေ့လိုက်လို့ ရုတ်တရက် တစ်ကြိမ် တစ်ခါမှ





မဖြစ်ဖူးဘဲ ဘရွှေမြစိတ်ထဲ စိမ့်ခနဲ ခံစားသွားရတယ်။ လက်ကစိပ်နေတဲ့ ပုတီးတောင်ရပ်သွားရဲ့။ တကယ်ပဲ သူမြင်လိုက်ရတာ မှန်ပါတယ်။ ဗုဒ္ဓစကြာ ကုန်းလေးထက်ကနေ အောက်ကို မြေသားလှေကားထစ်လေးတွေအတိုင်း တစ်ထစ်ချင်း ဖြည်းညှင်းစွာ ဆင်းလာခဲ့တဲ့ အဖြူရောင် မိန်းမချောလေးတစ်ယောက်။ အတော်လှမ်းလှမ်း ဆေးပေမယ့် လရောင်အလင်းအောက်မှာ ဝတ်ဆင်ထားတဲ့ အဖြူရောင် ပိုးသားဝတ်စုံနဲ့အတူ ရှည်လျားနက်မှောင်တဲ့ ဆံကေသာ ရှိင်းတွေက လေထဲ တလူးလူး တလွင့်လွင့်နဲ့ ခြေမျက်စိဖုံးမတတ်ပါ။ညကြီးသန်းခေါင် ဘယ်ကမိန်းကလေးပါလိမ့်လို့လည်း ဘရွှေမြ တွေးမိပါရဲ့။ ချက်ချင်းပဲ အသိစိတ်က ဒီတောင်ပေါ် တောကြီးမျက်မည်းထဲမှာ လူသူလေးပါးမှ မရှိတဲ့ဥစ္စာ။ ဘယ်က မိန်းကလေးက ရောက်လာရမှာလဲ။ တစ်ဘက်တောင်ကြော ဒေးစွန်ပါဆံတော်ရှင်မှာတောင်ရသေ့တဲလေးတစ်တဲပဲ ရှိတဲ့ဥစ္စာရယ်။

ဘရွှေမြ တွေငေး မှင်သက်နေတုန်းမှာပဲ အဖြူရောင် ပိုးသားဝတ်စုံနဲ့ မိန်းမချောလေးက သူရှိနေတဲ့ စခန်းတဲရှေ့ရောက်လာရဲ့။လရောင်စိုနေတဲ့ အလင်းအောက်မှာ သူမရဲ့ အလှက အေးချမ်းလွန်းလှတယ်။ ကပိုကရို ကန္နဲ့ကလျလေး ပြုံးနွဲ့ပြီး သူ့ကို ကြည့်နေတဲ့အကြည့် မျက်ဝန်းညိုကြီးတွေကပဲ တိတ်ဆိတ်နေတဲ့ ညထဲမှာ အသက်ရှုမှားလောက်တယ်။ ဝိုင်းစက်ကြည်လဲ့နေတဲ့ မျက်ဝန်းနဲ့ နုထွေးစိုအိနေတဲ့ နှုတ်ခမ်းနှင်းဆီကြာငုံ၊ ဆင်စွယ်ပမာဝင်းမွတ်နေတဲ့ လည်တိုင်လေးဆီက အကြောစိမ်းလေးတွေတောင် သူ လှမ်းမြင်နေရသလိုပဲ။ဆံနွယ်ရှိင်းကြီးတွေကလည်း မြေနဲ့ ထိလုမတတ်။ ဝတ်ဆင်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ပိုးသားအဖြူရောင်ဝတ်စုံလေးကလည်း တောင်ပေါ်လေပြေတိုးဖွေ့လို့ မိန်းမသားတစ်ဦးရဲ့ ပကတိ အလှတရားကို ရေးဆွဲထားသလိုပဲ။

ဘာရွှေမြ ရင်တွေ ဟာဖျပ်ဖျပ် ခုန်နေလာမိရဲ့။ သူဖျတ်ခနဲ ဝါးကုလားထိုင်လေးက ထမည်အလုပ် သူမလေးက လှစ်ခနဲ တစ်ချက်ပြုံးရင်း သူ့ရှေ့ကနေလာတဲ့ လမ်းလေးအတိုင်း ဗုဒ္ဓစကြာကုန်းပေါ်ကို ပြန်လှမ်းတက်သွားလေတော့တယ်။ ပထမတော့ သူ့ခြေလှမ်းတွေက သူမနောက် လိုက်ပါသွားပြီး မေးမြန်းမလို့ပါဘဲ။ ဒါပေမယ့် သူ့အသိဉာဏ်ထဲ အင်ပင်ဆရာတော်ရဲ့ အမှာစကားကို ဖျတ်ခနဲကြားယောင်လိုက်တယ်။

"တောဆိုတာ မာယာပရိယာယ် ကြွယ်ဝတယ် မောင်ရွှေမြ။ တော့်ရဲ့ အကျင့်သီလ သမာဓိ မစင်ကြယ်သူတွေအဖို့ တောစမ်းတာ ခံရတတ်တယ်။ အဲဒီအချိန် အသိလွတ်ရင်မှားပြီပဲ။ ဘဝတစ်ဆစ်ချိုးသွားရော။ တချို့က လက်တွေ့မှ မြင်မှကြားမှ ဆိုတဲ့သူတွေလည်း ရှိတယ်။ အဲဒီလူတွေပဲ ဒုက္ခရောက်ကြတာ များတယ်။ မြင်အပ်မမြင်အပ် နာမ်ဘုံ လောကသားတွေဆိုတာ လူတွေရဲ့ စိတ်က မနောအကြံ အတွေးကိုတောင် သိနိုင်တဲ့အစွမ်းရှိကြတယ်။ ဒါကြောင့် မနောတောင် မကျူးစေနဲ့၊ ကျူးရင် ရှုံးပြီသာမှတ်၊ ကုမရဘူး"

ဒီတော့မှ သူစိတ်တည်ငြိမ်သွားတယ်။ သေချာတာကတော့ ခုန သူ့ဆီလာခဲ့တဲ့ မိန်းမချောလေးဟာ ဘယ်နည်းနဲ့မှ လူသားစစ်စစ် မဖြစ်နိုင်ဘူးလို့ သူတစ်ထစ်ချ ယုံနေတာပဲ။ ပြောပြီးပြီ။ နေ့လည်နေ့ခင်း ကြောင်တောင် တောင် လူမရောက်တဲ့တောင်။ ညဘက် ဘယ်က





မိန်းကလေးလာမလဲ။ နောက်ဆုံး သူ့ တောအနံ့ တောင်အနံ့ မေတ္တာပို့ အမျှအတန်းပေးဝေပြီး အိပ်လိုက်မိတော့ရဲ့။ အဲဒီညမှာ ထူးခြားတာက အဲဒီအဖြူရောင် ဝတ်စုံနဲ့ မိန်းကလေးက သူ့အိပ်မက်ထဲ ရောက်လာတာပဲ။ သူ့ကိုယ်သူ တောင်တန်းဒေဝီလို့ ပြောတယ်။ သူနဲ့ပဋိသန္ဓာန်းဆက်ရှိခဲ့ဖူးသလို သူက ပရလောက၊ နာမ်ဘုံလောကသားတွေကို လက်တွေ့မျက်မြင် မြင်ဖူးချင်တယ်ဆိုလို့ ကိုယ်တိုင်လာခဲ့တာလို့ ထူးခြားစွာပြောတယ်။ လှတာကတော့ ဖြစ်မျိုးမှဲ့မထင် အလှမျိုးပဲ။

"တကယ်လို့ အဲဒီအချိန် မင်းသာဆိုရင် ဘယ်လိုဖြစ်သွားမလဲ။ သူတို့က လူတွေရဲ့ စိတ်မနောကိုတောင် သိစွမ်းနိုင်တယ်။ မယုံမရှိနဲ့။ လောကမှာ သံသရာတစ်လျှောက် မြင်အပ်မမြင်အပ် ပုဂ္ဂိုလ်တွေဆိုတာ အများကြီး။ ခွေတွေမျိုးတွေဆိုပါတော့။ တကယ်လည်းမှန်ရင် သီလ သမာဓိ စင်ကြယ်ရင် သူတို့ ဝိုင်းဝန်းကူညီတာအမှန်ပဲ။ မမှန်ရင်လည်း ခံရတာ အမှန်ပဲ။ မနောမမှားစေနဲ့။

အဘတို့ကတော့ အဲလို မယုံကြည်နိုင်စရာ ဂမ္ဘီရဆန်တဲ့အဖြစ်အပျက်တွေ ဒီတောင်ပေါ်မှာ ခုနှံ့အေး ကြုံခဲ့ရတာများလို့ ရိုးတောင်နေပြီ။ အဲဒီတောင်တန်းဒေဝီမယ်တော်နဲ့ အဘ ထင်ရှားနှစ်ကြိမ်လား သုံးကြိမ်လား ဆုံခဲ့ရတယ်။ ဘာရယ် သူ့ကို မြင်ချင်လိုလား။ မင်းအဖြစ်ကျရင် ကုန်းထိပ်မှာ သူ့ပုံတော်နဲ့ နန်းဆောင်ကြီး လုပ်ပေးထားတယ်လေ။ အဲ... ဒါပေမယ့် တကယ်အပြင်မှာက အဲဒီရုပ်ပုံတော်ထက်အလှထက် ပိုလှတယ် ပိုကျက်သရေရှိတယ် စာရေးဆရာလေးရေ ဓာတ်ပုံရိုက်ယူသွားသိလား"

❀



www.burmeseclassic.com

www.burmeseclassic.com

အရှေ့အာကာသ်ကောင်းကင်စာပေ

မဖဲဝါကိုလူတိုင်းကြားဖူးကြသည်။ သို့သော်
မကြုံဖူးကြ။
ခုတော့ မဖဲဝါကို ကိုယ်တိုင် ကြုံခဲ့ရသူက
သူ့ကိုယ်တွေ့တွေကို ပြောပြလေပြီ

တခုတော့သတိပေးလိုက်မည်
ကြောက်တတ်လျှင်မဖတ်ရ

# ကိုယ်တွေ့မဖဲဝါ

တာတေ

ဖြန့်ချိရေး

အရှေ့အာကာသ်ကောင်းကင်စာပေ
အမှတ်(၂၈၄)၊ ပထပ်၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်ရန်ကုန်။
ဖုန်း- ၀၉၇၃၁၇၃၁၈၁၊ ၀၉၄၂၁၀၅၆၁၅၄။

အရှေ့အာကာသ်ကောင်းကင်စာပေ

အမြင့်ရှိလျှင် အမည်းရှိသည် အမှောင်ရှိလျှင်အလင်းရှိသည်
အထက်လမ်းဆရာတွေရှိသလို အောက်လမ်းဆရာတွေကလည်း
လောကကြီးကိုနှောက်ယှက်မင်းမူလိုကြသည်။
**တာတေ** ကျင်လည်ခဲ့ဖူးသော ကဝေများလောက. . .
ကဝေမှ တကာယ့် ကဝေ ဆယ့်နှစ်ကြိုးကဝေ
တချက်မှားလျှင် အသက်ထားခဲ့ရမည့် "ပညာသည်" တို့၏
တိုက်ပွဲများအကြောင်း
မကြောက်တတ်ရင်ဖတ်ပေတော့

# ကဝေဆယ့်နှစ်ကြိုး

တာတေ

ဖြန့်ချိရေး

အရှေ့အာကာသ်ကောင်းကင်စာပေ
အမှတ် (၂၈၄)၊ ပထပ်၊ လမ်း (၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း၊ ၀၉၇၃၁၇၃၁၈၁၊ ၀၉၄၂၁၀၅၆၁၅၄။

www.burmeseclassic.com

www.burmeseclassic.com


အညာဒေသမှလူစွန့်စားကလေး
တာတေ . . . . .
ကိုးသင်္ချိုင်းကာဝေနှင့်မဖဲဝါတို့၏ပတ်သက်ဆက်နွယ်မှုများ
တာတေ၏ စတုတ္ထမြောက်စာအုပ်သစ် . . .
အရှေ့ဘက်ကောင်းကင်စာပေမှ
မကြာမီ ဆက်လက်ထွက်ရှိပါမည်။

# သံလက်ဝါး မဖဲဝါ

တာတေ

ညမဖတ်ရ


BURMESE CLASSIC


စုန်း၊ တစ္ဆေ၊ ကဝေတွေကြားထဲမှာ
မကြောက်မရွံ့စွန့်စားတတ်သော
တာတေတို့ လူငယ်တစ်စုနှင့်
သချိုင်းတွေကို အပိုင်စိုးရသော
မဖဲဝါ၏ ပတ်သက်ဆက်နွယ်မှုများ....

# သချိုင်းတစ်ရာမဖဲဝါ

တာတေ

အရှေ့ဘက်ကောင်းကင် စာပေ

အမှတ်(၂၈၄)၊ ပထမထပ်၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်။
ဖုန်း-၀၉၇၃၁၁၇၁၃၈၁၊ ၀၉၄၂၁၀၅၆၃၅၄


www.burmeseclassic.com